အဂ္ဂါဘိဓဇ၊ ရွှေကျင်သာသနာပိုင်၊ သက်ရာကျော်

စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး

အရှင်ပဏ္ဍိတာဘိဝံသ မဟာထေရ်

# မေတ္တသုတ်မြန်မာဋီကာ



yo sann AD-2011

အဂ္ဂါဘိဓဇ၊ ရွှေကျင်သာသနာပိုင်၊ သက်ရာကျော်

စစ်ကိုင်း ရွှေဟင်္သာဆရာတော်ဘုရားကြီး

# အရှင်ပဏ္ဍိတသိရီ မဟာထေရ်

ရေးသားပြုစုတော်မူသော

# မေတ္တသုတ် မြန်မာဋီကာ

စစ်ကိုင်း ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီး တည်ထောင်ခြင်း (၇၅)နှစ်ပြည့် စိန်ရတုသဘင်ပွဲ အမှတ်တရအဖြစ် အလှူရှင်များက စုပေါင်းလှူဒါန်းကာ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ) က စီစဉ် ပူဇော် ထုတ်ဝေပါသည်။

# ပေတ္တသုတ် မြန်မာဋီကာ တရားတော် ထုတ်ဝေမှုမှတ်တမ်း


စာမူခွင့်ပြုချက် ■ ၆၀၀၂၄၈၀၄၁၁

မျက်နှာဖုံးခွင့်ပြုချက် ■ ၆၀၀၂၄၄၀၄၁၁

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ■ အုပ်ရေ ၁၀၀၀

မျက်နှာဖုံးပန်းချီ ■ ကိုညိုဆက် (စစ်ကိုင်း)

စာအုပ်ချုပ် ■ စွယ်တော်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ■ ကိုတင်အောင်ကျော်
စွယ်တော် ပုံနှိပ်တိုက်
(၅၁)လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၉၇ ၂၇၅ (အိမ်)
၀၁-၂၉၄ ၉၇၆ (ရုံး)

ထုတ်ဝေသူ ■ ဦးအောင်ကြီး
ရွှေပုရပိုက်စာပေ
အမှတ်(၅)၊ တင့်ဆန်းလမ်း
ဂွတ္တလစ်၊ ဗဟန်း၊ ရန်ကုန်။

ဖြန့်ချိရေး ■ ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။
ဖုန်း - ၀၇၂-၂၁၁၆၉

ဖြန့်ချိရေး ■ သစ္စာမဏ္ဍိုင်စာပေ
အမှတ်(၂-၃)(၆၂-၆၃) ရွှေတိဂုံဘုရား
တောင်ဘက်မုခ်၊ ဒဂုံစာတိုက်။
ဖုန်း - ၀၁-၃၈၃ ၇၅၂
၀၉၈၀-၂၁ ၆၈၀

# မာတိကာ


၁။ ချီးကျူးလွှာ - ၆

၂။ အချီးနိဒါန်း - ၇

၃။ မေတ္တာသုတ် ပရိတ်ပျိုး - ၁၃

၄။ မေတ္တာသုတ် ပါဠိတော် - ၁၄

၅။ မေတ္တာသုတ် ပါဠိတော် မြန်မာပြန် - ၁၆

၆။ မေတ္တာသုတ်ကို ရွတ်ဖတ်ရသော ကောင်းကျိုးများ - ၂၁

၇။ သပြေကုန်းမှ အပုပ်နံ့များ - ၂၂

၈။ သုံးခွ မဟာဝန်တောရမှ သရဲ - ၂၃

၉။ ရွာထောင်ဆရာတော်ဘုရားကြီး၏ ကိုယ်တွေ့အမှာစကား - ၂၃

၁၀။ မေတ္တာသုတ် နိဒါန်း - ၂၅

၁၁။ ရဟန်းတော် ၅၀၀ ကျောင်းရှာထွက်ခြင်း - ၂၅

၁၂။ ရွာသူ ရွာသားတို့က ကျောင်းဆောက်လှူခြင်း - ၂၆

၁၃။ ရုက္ခစိုးနတ်များ သစ်ပင်မှ ဆင်းနေရခြင်း - ၂၆

၁၄။ ရုက္ခစိုးနတ်တို့ ခြောက်လှန့်ခြင်း - ၂၇

၁၅။ ရဟန်းတော်များ ရောဂါဝေဒနာ ခံစားရခြင်း - ၂၇

၁၆။ ရဟန်းတော်များ ဘုရားထံ ပြန်လည်ထွက်ခွာခြင်း - ၂၈

၁၇။ ရုက္ခစိုးနတ် ခြောက်လှန့်ခံရသော ပါဠိယကောဠိယမထေရ် - ၂၉

၁၈။ ဘုရားရှင် မေတ္တာသုတ် ကမ္မဋ္ဌာန်း ဟောကြားခြင်း - ၃၁

၁၉။ ပထမဂါထာအဖွင့် - ၃၂

၂၀။ ပြုလုပ်သင့် မပြုလုပ်သင့်သောအမှု - ၃၂

၂၁။ မရှာမှီးသင့်သော အနေသန (၂၁)ပါး - ၃၃

၂၂။ သတိပြုဖွယ် - ၃၄

၂၃။ မကျက်စားသင့်သော အဂေါစရ (၆)ပါး - ၃၅

၂၄။ သတိပြုဖွယ် - ၃၆

၂၅။ မရောနှောသင့်သော အချက် - ၃၇

၂၆။ ပရာဘဝသုတ်လာ ပျက်စီးကြောင်းတရား - ၃၈

၂၇။ ဖြည့်ကျင့်သင့်သော သီလ လေးပါး - ၃၈

၂၈။ ပါတိမောက္ခ သံဝရ သီလ ဖြည့်သင့်ကြောင်း - ၃၉

၂၉။ ဣန္ဒြိယ သံဝရ သီလ ဖြည့်သင့်ကြောင်း - ၃၉

## မာတိကာ


၃၀။ ဣန္ဒြေ မစောင့်မှု အပြစ်များ - ၄၀
၃၁။ ဣန္ဒြေ မစောင့်မှု အပြစ်ပြ ဥပမာ - ၄၀
၃၂။ ဣန္ဒြေစောင့်မှု အကျိုး - ၄၁
၃၃။ အာဇီဝ ပါရိသုဒ္ဓိ ဖြည့်သင့်ကြောင်း - ၄၂
၃၄။ ဓမ္မပဒလာ မကောင်းမှု အကျိုးပေးချိန် - ၄၃
၃၅။ ပစ္စယ သန္နိဿိတ သီလ ဖြည့်သင့်ကြောင်း - ၄၄
၃၆။ ဆွမ်းကို မှီ၍ ရဟန္တာဖြစ်သူ အရှင်မဟာမိတ္တမထေရ် - ၄၅
၃၇။ လူတို့၏ ပစ္စယ သန္နိဿိတ သီလ - ၄၇
၃၈။ စက်ဆုပ်ဖွယ် ဆင်ခြင်နည်း - ၄၇
၃၉။ ဓာတ်လေးပါး ရှုစ်ပါး ဆင်ခြင်နည်း - ၄၈
၄၀။ မျှတအောင် စားသောက်နည်း - ၄၉
၄၁။ မျှတအောင် နေထိုင် သုံးစွဲနည်း - ၅၀
၄၂။ မျှတ ငြိုးငြ်၍ သူဌေးဖြစ်သွားသော ကုလား - ၅၁
၄၃။ အကျိုးစီးပွား၌ လိမ္မာသောသူ - ၅၃
၄၄။ ဒုတိယ-တတိယ-စတုတ္ထ ပါဒ အဖွင့် - ၅၅
၄၅။ ယုံကြည်မှု သဒ္ဓါ ရှိခြင်း - ၅၇
၄၆။ အနာရောဂါ ကင်းရှင်းခြင်း - ၅၇
၄၇။ ကောက်ကျစ် စဉ်းလဲ မရှိခြင်း - ၅၈
၄၈။ ခိုင်မြဲသော ဝီရိယရှိခြင်း - ၅၈
၄၉။ ပညာဉာဏ်ရှိခြင်း - ၅၈
၅၀။ သတိပြုဖွယ် (ဘုန်းတော်ကြီး ဦးသီလနှင့် ခုဇ္ဇုတ္တရာ) - ၆၀
၅၁။ သတိပြုဖွယ် (အရှင် ပေါဋ္ဌိလ အကြောင်း) - ၆၃
၅၂။ ရှောင့်ရဲခြင်း (၁၂) ပါး - ၆၅
၅၃။ အနဝဇ္ဇဘောဇီ သုံးဆောင်နည်းနှင့် ပစ္စေကဗုဒ္ဓါများ - ၆၆
၅၄။ ဆင်းရဲနယ် ကျဉ်းစေသော သန္တောသ - ၆၇
၅၅။ အသန္တောသအပြစ် = ရေနစ်သေသော ကျီးကန်းတစ်ကောင် - ၆၈
၅၆။ သုဘရဂုဏ်ရှိတော်မူသော စံကျောင်းဆရာတော် - ၆၉
၅၇။ သလ္လဟုက ဝုတ္တိ ဂုဏ် မရှိသော မထေရ်ကြီးတစ်ပါး - ၇၀
၅၈။ သန္တိန္ဒြိယဂုဏ် ရှိတော်မူသော အရှင်မြတ်ကြီး (၃)ပါး - ၇၃
၅၉။ ကိုယ်အမူအရာ ကြမ်းတမ်းခြင်း ဆိုသည်မှာ - ၇၅

## မာတိကာ


| | | |
|---|---|---|
| ၆၀။ နှုတ်အမူအရာ ကြမ်းတမ်းခြင်း ဆိုသည်မှာ | – | ၇၆ |
| ၆၁။ တတိယဂါထာအဖွင့် | – | ၇၉ |
| ၆၂။ စတုတ္ထ, ပဉ္စ ဂါထာအဖွင့် | – | ၈၁ |
| ၆၃။ နှစ်မျိုး–လေးခါ မေတ္တာပွားပုံ | – | ၈၂ |
| ၆၄။ သုံးမျိုး–သုံးခါ မေတ္တာပွားပုံ | – | ၈၂ |
| ၆၅။ မြန်မာဘာသာသက်သက် မေတ္တာပွားပုံ | – | ၈၆ |
| ၆၆။ ပါဠိ+အနက် ရှင်းလင်းချက် | – | ၈၇ |
| ၆၇။ မေတ္တာ ဘာဝနာအကျိုး (၁၁)မျိုး | – | ၉၀ |
| ၆၈။ မေတ္တာအကျိုးပြ ဆောင်ပုဒ်ကဗျာများ | – | ၉၃ |
| ၆၉။ ဆဋ္ဌမဂါထာအဖွင့် | – | ၉၄ |
| ၇၀။ သတ္တမဂါထာအဖွင့် | – | ၉၅ |
| ၇၁။ အဋ္ဌမဂါထာအဖွင့် | – | ၉၅ |
| ၇၂။ မေတ္တာပွားများရာ (၄)ပါး | – | ၉၆ |
| ၇၃။ နဝမဂါထာအဖွင့် | – | ၉၇ |
| ၇၄။ ဒသမဂါထာအဖွင့် | – | ၉၈ |
| ၇၅။ ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်ပုံ | – | ၁၀၀ |
| ၇၆။ သမ္မုတိ ပညတ် ဖြစ်ပုံ | – | ၁၀၀ |
| ၇၇။ သက္ကာယဒိဋ္ဌိ ကင်း–မကင်း | – | ၁၀၁ |
| ၇၈။ ကေစ္စ သဿတ ဒိဋ္ဌိ ဖြစ်ပုံ | – | ၁၀၂ |
| ၇၉။ အတ္တ ဒိဋ္ဌိ ဖြစ်ပုံ | – | ၁၀၃ |
| ၈၀။ အတ္တ ဒိဋ္ဌိ ကင်း–မကင်း | – | ၁၀၃ |
| ၈၁။ ကာမ ဝိတရဏ ဝိသုဒ္ဓိ ဖြစ်ပုံ | – | ၁၀၅ |
| ၈၂။ ဝိပဿနာဖြင့် အရိယာ ဖြစ်ပုံ | – | ၁၀၇ |
| ၈၃။ ကိလေသာ ပယ်ပြီး နိဗ္ဗာန်ရောက်ပုံ | – | ၁၀၇ |
| ၈၄။ နိဂုံးချုပ် မိန့်ခွန်းတော် | – | ၁၀၉ |
| ၈၅။ နတ်များ ကြည်ညို စောင့်ရှောက်ပုံ | – | ၁၁၀ |
| ၈၆။ ဝိသုဒ္ဓိ ပဝါရဏာ ပြုရပုံ | – | ၁၁၁ |
| ၈၇။ ဆုတောင်း ပတ္ထနာ | – | ၁၁၁ |

## ချီးကျူးလွှာ

■ ဤမေတ္တသုတ် မြန်မာဋီကာကို
ဆရာအရင်းမှ အဆုံးရောက်အောင်
တစ်လုံးမှမကျော်ဘဲ
သေချာစွာ ကြည့်လိုက်သည် ...
အလွန်ကောင်း၏။
ထိုစာအုပ် ပျံ့နှံ့၍
ထိုစာအုပ်အတိုင်း ကျင့်ကြံအားထုတ်ကြလျှင်
အားထုတ်ကြသောသူ အားလုံးနှင့်
နီးစပ်ရာ ပုဂ္ဂိုလ်အားလုံး
ပစ္စုပ္ပန် တမလွန်အကျိုး တိုးပွားကြလိမ့်မည်ဟု
ဆရာ ရဲဝံ့စွာ အာမခံနိုင်၏။

■ စာအုပ်၌ ...
စကားအသုံးအနှုန်းလည်း ကောင်းလှ၏။
အနုသန္ဓေ ဆက်စပ်ပုံလည်း ကောင်းလှ၏။
အဓိပ္ပာယ်လည်း ကျနလှ၏။

ညောင်တုန်းမြို့
ရွှေဟင်္သာတောရတိုက်
စံကျောင်းဆရာတော်
၁၈၊ ဆုန်-၆

# အချီး နိဒါန်း

မြန်မာပြည်တွင်း၌ ဗုဒ္ဓဘာသာလူမျိုး မှန်က ပရိတ်ကြီးပါဠိတော် ၁၁–သုတ် အပါအဝင်ဖြစ်သော ခုဒ္ဒကနိကာယ်လာ မေတ္တာသုတ် ဒေသနာတော်ကို အာဂုံနှုတ်တက် အရကျက်၍ ဆောင်ရွက် ရွတ်ဖတ် သရဇ္ဈာယ်တတ်ကြသူတို့ များကုန်၏။ ရဟန်းကျောင်းထွက်ဖြစ်လျှင်ကား ကျောင်းသားအရွယ် ငယ်စဉ်ကပင် အာဂုံ ရကြကုန်၏။ ငယ်ရွယ်စဉ်ကာလ မကျက်မဆောင်ကြရဖူးသေးသောသူတို့သည်လည်း မိန်းမ၊ ယောကျာ်းမဟူ မည်သူမဆို မေတ္တာသုတ် ပရိတ်တော်ကို ကျက်မှတ်ခွင့်ရသောအချိန်၌ ကျက်မှတ်၍ ရွတ်ဖတ် သရဇ္ဈာယ်လေ့ ရှိကြကုန်၏။

အလှူအတန်း စသော မင်္ဂလာကမ္မ ကိစ္စကြီးငယ်ဟူသမျှတို့၌လည်း သံဃာတော်များသည် မေတ္တာသုတ်ကို ပဓာနထား သရဇ္ဈာယ်ကြကုန်၏။ ဗုဒ္ဓသာသနာတော်၌ မေတ္တာသုတ် ပရိတ်တော်နယ်သည် အကျယ်ပြန့်ဆုံး၊ အရာရောက်ဆုံး၊ အသုံးအများဆုံး ဖြစ်သည်မှာ အဘယ့်ကြောင့်လေနည်းဟု ဆင်ခြင်ထိုက်၏။

မြတ်စွာဘုရားသည် ပုထုဇဉ် ရဟန်းတော် ၅၀၀–တို့အား ဤသုတ္တန်ကို ဟောကြားတော် မူစဉ်က အကျိုးအကြောင်း ကျေးဇူးသုံးမျိုး ဖြစ်စေခြင်းငှာ ရည်ညွှန်း၍ ဟောတော်မူသည်။

ကျေးဇူး သုံးမျိုးသည်ကား ...

(၁) ရဟန်းတို့ကို ခြောက်လှန့်သော ဘုမ္မစိုးနတ်တို့၏ ဘေးအန္တရာယ်ကို ပယ်ဖျောက်စေခြင်းအကျိုး။

(၂) ဘေးဆိးရန်ကာ အရံအတား ဖြစ်စေခြင်းကျိုး။

(၃) ဝိပဿနာ၏ အခြေဖြစ်သော မေတ္တာပါဒကဈာန်အားဖြင့် အရဟတ္တဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်းတရား ဖြစ်စေခြင်းအကျိုး။

ဟူသော အကျိုးကျေးဇူးသုံးမျိုးတို့ ဖြစ်ကုန်၏။ ထို့ကြောင့် မေတ္တသုတ်ပရိတ်တော်၌ တွေ့ကြုံဆဲ ဘေးရန်ကို ပျောက်ကင်းသန့်ရှင်းစေသော ဂုဏ်၊ မရောက်သေးသော ဘေးအန္တရာယ်တို့ကို ကာကွယ်တားဆီးစွမ်းနိုင်သော ဂုဏ်၊ မေတ္တာပါဒကဈာန်ကို ရစေနိုင်သောဂုဏ်၊ အရဟတ္တဖိုလ်တိုင်အောင်သော လောကုတ္တရာ တရားထူးကို ရစေနိုင်သောဂုဏ်တို့သည် ထင်ရှားစွာ ပါရှိကုန်၏ဟူ၍ သတိချပ်ကာ သိရှိမှတ်သားအပ်၏။

ဤမျှ အဖိုးအနဋ္ဌထိုက်တန်၍ ကောင်းမြတ်သော ကျေးဇူးတို့ကို ဖြစ်ထွန်းစေသည့် မေတ္တသုတ် ဖြစ်ပေသည်တကားဟု သိရှိတော်မူကြကုန်သော ရှေးဆရာမြတ်တို့သည် ဗုဒ္ဓဘာသာဆိုင်ရာ မင်္ဂလာကမ္မ ကိစ္စကြီးငယ်ဟူသမျှတို့၌ မေတ္တသုတ်လမ်းဖုံအောင် ဦးဆောင်ရှေ့သွားပြု၍ ရွတ်ဖတ်သရဇ္ဈာယ် နယ်ကျယ်စွာ အသုံးပြုတော်မူကြကုန်၏။

သို့ဖြစ်၍လည်း ဒိဋ္ဌာနုဂတိအားဖြင့် ရှေးဆရာမြတ်တို့၏ ဉာဏ်အမြင်နှင့် တီထွင်လမ်းခင်း ထားသည်ကို နောက်နောက်သော တပည့်သားမြေးတို့သည်လည်း ဖြောင့်တန်းစွာလိုက်လျက် အာဂုံနှုတ်တက် ဆောင်ရွက် ရွတ်ဖတ်သရဇ္ဈာယ်ကြခြင်း ဖြစ်ပေသည်။

ရှေးဆရာမြတ်တို့၏ လမ်းဟောင်း လမ်းသို့ လိုက်ကြသော ဗုဒ္ဓဘာသာဝင်တို့ကို ချီးကျူးဖွယ်ပင်ဖြစ်၏။ **သို့သော် သတိပြုရန်မှာ...**

၁။ ပရိတ်တော်၏ ပါဠိအက္ခရာ မှန်ကန်ကျန ရှိစေရမည်။

၂။ ထိုအကျွရာ၏ မြန်မာအနက် အဓိပ္ပာယ်ကို အကယ်ထင်ထင် သိမြင်ရမည်။

၃။ တစ်ပါးသူတို့ အဖို့အတွက် ရွတ်ဖတ်သည်ဖြစ်ပါက ကရုဏာ ရှေ့ထား၍ ရွတ်ဖတ်ရမည်။

ဤ အင်္ဂါသုံးပါးနှင့် ညီညွတ်ပြည့်စုံစွာ ရွတ်ဖတ်သော်မှသာ နောက်က ပြဆိုခဲ့ပြီးသော ကျေးဇူးသုံးမျိုးကို ရရှိကြပေမည်။ အင်္ဂါသုံးပါးအနက် ပထမ၊ ဒုတိယ အင်္ဂါတို့နှင့် ပြည့်စုံမှသာလျှင် ဘုရားရှင် ရည်ညွှန်းတော်မူသော အကျိုးကျေးဇူးတည်းဟူသော ရွှေရတနာအိုးကို တွေ့မြင်၍ ထုတ်ယူသုံးစွဲ ခံစားနိုင်ပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို ယုံကြည်စွာ ကြိုးစားလိုက်နာသောပုဂ္ဂိုလ်သည် ပင်ကိုက ဗုဒ္ဓ ဘာသာဝင်ဖြစ်သူသာ မဟုတ် ဘာသာခြားပင်ဖြစ်စေ ဘုရားသခင် ညွှန်ကြားအပ်သော ကျေးဇူးတို့ကို ရမည်ပင်ဖြစ်သည်။ မြတ်စွာဘုရားသည်လည်း တရားတော်ကို ပိတ်ပင်ဖုံးအုပ်ခြင်း မရှိပေ၊ အမြဲတစေ နိဗ္ဗာန်တံခါးတည်းဟူသော အရိယာမဂ်တရားကို ထင်ရှားစွာဖော်ထုတ်၍ လင်းပြလျက်ရှိသည်မှာ ဘုရားအဖြစ်သို့ ရောက်တော်မူစကပင် ဖြစ်ချေသည်။

**အပါရုတာ တေသံ အမတဿ ဒွါရာ၊**

**ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ။**

ဟူ၍ မိန့်တော်မူးလေပြီ။

**ဗြဟ္မေ**–သဟမ္ပတိဗြဟ္မာ၊ **ယေ**–အကြင်ပုဂ္ဂိုလ်တို့သည်၊ **သောတဝန္တော**–တရားတော်ကို ကြားနာနိုင်သော ဉာဏ်တည်းဟူသော နားရှိကြကုန်၏။ **တေသံ**–ထိုပုဂ္ဂိုလ်တို့အား၊ **အမတဿ**–မသေရာမှန် ပြည်နိဗ္ဗာန်၏၊ **ဒွါရာ**–တံခါးတည်းဟူသော အရိယာမဂ်ကို၊ **မယာ**–ငါဘုရားသည်၊ **အပါရုတာ–ဝိဝဋာ**–ဖွင့်ထားအပ်ပြီ၊ **ဝါ**–ပိတ်ဆို့ဖုံးကွယ်ခြင်းမရှိပေ၊ **သဗ္ဗေ**–

ခပ်သိမ်းကုန်သော နတ်လူတို့သည်၊ သန္တ-တရားတော်၌ ယုံကြည်ခြင်းကို၊ ပမုဥ္စန္တု-သို့လော သို့သော တွေးတောမခွေ လွှတ်လွှတ် လွှတ်ကြကုန်လော့။

"ပိတ်ခြင်းမရှိသည်သာ မဟုတ်သေး၊ ငါဘုရား ဟောတော်မူသော တရားတော်သည် ကိုယ်တိုင်လာ၍ ကြည့်ရှုကြလော့၊ လိုက်နာအားထုတ်ကြည့်ကြလော့၊ ကျင့်စမ်းကြလော့ဟူသော အစီအရင်ကို ခံထိုက်သော ဂုဏ်နှင့် ပြည့်စုံသော တရားတော်ဖြစ်သည်ဟူ၍လည်း မိန့်ကြားတော်မူ၏။ သို့ကြောင့် ဘယ်ပုဂ္ဂိုလ် ဘယ်သတ္တဝါမဆို ညွှန်ကြားတော်မူအပ်သော နည်းလမ်းအတိုင်း အားထုတ်က ရည်ညွှန်းတော်မူအပ်သော ကောင်းကျိုးကျေးဇူးကို ရမည်ကား ဧကန္တပင်ဖြစ်သည်။

ဤမေတ္တသုတ်၌ ဟောတော်မူသော အကျိုးကျေးဇူး၊ ထိုကျေးဇူးကို ရစေရန် လိုက်နာအားထုတ်အပ်သော အရာတို့သည် ဘာသာတိုင်းနှင့် သက်ဆိုင်ကုန်၏။ ဘာသာတိုင်းက လိုလားအပ်သော အရာတို့ဖြစ်ကုန်၏။ မေတ္တာဆိုသည်မှာလည်း မည်သည့်ဘာသာမဆို ရှိ၏။

"မိတ္တေ ဘဝါ မေတ္တာ"။ မိတ္တေ-မိတ်ကောင်းလက္ခဏာနှင့် ပြည့်စုံသော မိတ်ဆွေ၌၊ ဘဝါ-ဖြစ်သောမေတ္တာတည်း၊ မေတ္တာ-မိတ်ဆွေကောင်း၌ဖြစ်သော မေတ္တာ၊ ဤဝစနတ္ထအရဆိုလျှင်လည်း ဘယ်ဘာသာဝင်ပင် ဖြစ်စေ မိတ်ဆွေ ရှိကြသည်ချည်းဖြစ်၏။ မိဘ, သားချင်း ဆွေမျိုးတို့သည်လည်း မိတ် ကောင်းအင်္ဂါနှင့် ညီညွတ်ပြည့်စုံလျှင် မိတ်ဆွေပင် ဖြစ်ကုန်၏။

သို့ဖြစ်သောကြောင့် မေတ္တာသည် ဘာသာမရွေး၊ လူမျိုးမရွေး၊ ကျားမ ကြီးငယ်မရွေး သတ္တဝါတိုင်းနှင့် သင့်လျော် လိုက်လျောသောတရားဖြစ်ရာ ထိုမေတ္တာ၏အကျိုးကျေးဇူးကို အရဟတ္တဖိုလ် နိဗ္ဗာန်အထိ ညွှန်ပြဟောကြားအပ်သော မေတ္တသုတ်သည်လည်း သတ္တဝါတိုင်း၊ ဘာသာတိုင်းနှင့် လျောက်ပတ်တော်တန်သော သုတ္တန်ဖြစ်သည်ကို သိသင့် သိထိုက် သိအပ်ပေသည်။

ယင်းသို့လျှင် သက ဘာသာတွင်သာမက ပရဘာသာ ဘာသာ တစ်ပါး သတ္တဝါအစားစားတို့နှင့် သင့်တော်၍ လိုက်နာအားထုတ်သူတိုင်း အကျိုးကျေးဇူး သုံးမျိုးကို ရစေတတ်သော မေတ္တာသုတ်ပရိတ်တော်၏ ပရမတ္ထအရသာကို အများသော ပုဂ္ဂိုလ်တို့သည် ထုတ်ဖော်လွယ်ကူ ရယူနိုင် စေလိုသော မနောပဏိဓိဖြင့် ...

(က) ပုဒ်၊ ပါဠိ၊ အက္ခရာ မှန်ကန်ကျနသော မေတ္တာသုတ် ပါဠိတော်။

(ခ) ၎င်းပါဠိတော်၏ မြန်မာဘာသာအနက်။

(ဂ) မေတ္တာသုတ်၌ ဘုရားရှင် ဟောတော်မူလိုရင်း ဖြစ်သော ကောင်းကျိုးကျေးဇူး သုံးမျိုး။

(ဃ) ထိုသုံးမျိုးကို ရစေရန် လိုက်နာအားထုတ်အပ်သော ကျင့်ဝတ် ၁၅–ပါး။

(င) ထို့ပြင် ပါဒကစျာန် ရစေရန် မေတ္တာပွားနည်း။

(စ) မေတ္တာ စျာန်ကို အခြေခံပြု၍ အရဟတ္တဖိုလ်သို့ ရောက်သည် တိုင်အောင် ...

အဋ္ဌကထာများနှင့် ညီစေ၍ သေချာစွာ မြန်မာဘာသာ စကားပြေ ဖြင့် အဓိပ္ပာယ်ရှင်းလင်းစွာ ရေးသားလျက် ဗုဒ္ဓဘာသာဝင်များမှ စ၍ တစ်ကမ္ဘာလုံးရှိ လူအများတိုင်အောင် ဖြန့်ဝေ သိစေ လင်းစေကာမူကား လူအပေါင်းတို့၏ မေတ္တာနှင့် ယှဉ်သော စိတ်ဓာတ်သည် တစ်စတစ်စ အားကြီးကြ၍ ကိုယ်, နှုတ်, စိတ် သုံးပါးလုံး နူးညံ့သိမ်မွေ့ပြကတေ့ ယဉ်ကျေးလျက် ရှေး ၁၉၁၄–၁၉၁၈ ခုနှစ်တို့၌ ဖြစ်ပွားခဲ့ဖူးသော ပထမ ကမ္ဘာစစ်မျိုး၊ ၁၉၃၉–၁၉၄၅ ခုနှစ်တို့၌ ဖြစ်ခဲ့ဖူးသော ဒုတိယ ကမ္ဘာစစ် မျိုးသည်လည်း နောက်နောက်ကာလ မဖြစ်နိုင်ကြမူ၍ သတ္တဝါများသည် ဤဘဝမှ နိဗ္ဗာန်ရသည်အထိ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း တို့ကို ရတန်သမျှ ရကြပေလိမ့်မည်ဟု ယုံကြည်ခြင်းဖြင့် ဒုတိယကမ္ဘာစစ်

အတွင်းက ဤမေတ္တာသုတ် မြန်မာဋီကာကို ရေးသားခြင်းဖြစ်သည်။ ယင်းသို့ ရေးသားသည့်အားလျော်စွာ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော မိမိ၏ အကျိုးစီးပွားကို လိုလားသော ပုဂ္ဂိုလ်သည် လူမျိုး၊ ဘာသာ၊ ကျား မ ကြီးငယ်မရွေး စိတ်ကောင်းမွေး၍ မသေဆေးနည်း ရသတည်းဟု အားကြီးသော ဝမ်းမြောက်ခြင်းဖြင့် ကျက်မှတ်၊ ကြည့်ရှုရွတ်ဖတ်သရဇ္ဈာယ်ကြ၍ မေတ္တာသုတ်အရသာကို သုံးစွဲခံစားနိုင်ကြပါစေသတည်း။

မေတ္တာသုတ်၌ ကာမရာဂါနုသယကို ပယ်သော အနာဂါမ်တိုင်ရုံသာ ဟောတော်မူသော်လည်း မေတ္တာသုတ် ဒေသနာတော်ကို ရှေးဦးစွာ ကြားနာမှတ်ယူ အားထုတ်တော်မူကြကုန်သော ရဟန်းတော် ၅၀၀ တို့သည်ကား ဘုရားသခင် စထွင်ပေးတော်မူသော မေတ္တာသုတ်နည်းလမ်းဖြင့်သာလျှင် အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ချည်း ရောက်တော်မူကြလေကုန်ပြီ။ ဤမေတ္တာသုတ် မြန်မာဋီကာကို ကြည့်ရှုကြကုန်သော ပုဂ္ဂိုလ်တို့သည်လည်း အာသဝေါကင်းငြိမ်း ဒုက္ခဓာတ်သိမ်းသည့်တိုင်အောင် ကောင်းကျိုး ကျေးဇူးတို့ကို ရရှိကြစေကုန်သတည်း။

အရှင်ပဏ္ဍိတ

# မေတ္တသုတ် မြန်မာဋီကာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁။ မေတ္တသုတ် ပရိတ်ပျိုး

(က) ယဿာ နုဘာဝတော ယက္ခာ၊
နေဝ ဒဿေန္တိ ဘီသနံ၊
ယမှိစေဝါ နုယုဉ္ဇန္တော၊
ရတ္တိံ ဒိဝ မတန္ဒိတော။

(ခ) သုခံ သုပတိ သုတ္တောစ၊
ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိ ဂုဏူပေတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

(က) **ယဿ**–အကြင်မေတ္တသုတ် ပရိတ်တော်၏၊ **အာနုဘာဝတော**–တန်ခိုးတော်ကြောင့်၊ **ယက္ခာ**–ဘုမ္မစိုးနတ်တို့သည်၊ **ဘီသနံ**–ကြောက်မက်ဖွယ်ကောင်းသော အဆင်းအသံကို၊ **နေဝဒဿေန္တိ**–မပြကြကုန်၊ **ဟိ**–ထိုစကားမှန်၏၊ **ယံ ပရိတ္တံ**–အကြင်မေတ္တသုတ် ပရိတ်တော်ကို၊ **အတန္ဒိတော**–မပျင်းမရိ ဝီရိယရှိသည်ဖြစ်၍၊ **ရတ္တိံစေဝ**–ညဉ့်၌လည်းကောင်း၊ **ဒိဝံစ**–နေ့၌လည်းကောင်း၊ **အနုယုဉ္ဇန္တော**–အဖန်ဖန်အထပ်ထပ် ရွတ်ဖတ်သရဇ္ဈာယ်လျက်။

(ခ) **သုတ္တော**–အိပ်သောသူသည်၊ **သုခံ သုပတိ**–ချမ်းသာစွာ အိပ်ရ၏၊ **ကိဉ္စိ**–တစ်စုံတစ်ခုသော၊ **ပါပံ**–မကောင်းသော အိပ်မက်ကို၊ **န ပဿတိ**–မမြင်မက်၊ **ဧဝမာဒိ ဂုဏူပေတံ**–ဤသို့အစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော၊ **တံ ပရိတ္တံ**–ထိုမေတ္တသုတ်ပရိတ်တော်ကို၊ **မယံ**–ငါတို့သည်၊ **ဘဏာ မဟေ**–ရွတ်ဆို သရဇ္ဈာယ်ကြကုန်အံ့။

ပရိတ်ပျိုး ပြီး၏။

## ၂။ မေတ္တာသုတ် ပါဠိတော်

၁။ ကရဏီယ မတ္ထ ကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။

၂။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ နာနုဂိဒ္ဓေါ။

၃။ န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနောဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၄။ ယေကေစိ ပါဏ ဘူတတ္ထိ၊
တသာ ဝါ ထာဝရာဝ နဝသေသာ။
ဒီဃာ ဝါ ယေဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုက ထူလာ။

၅။ ဒိဋ္ဌာဝါ ယေဝ အဒိဋ္ဌာ၊
ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာဝ သမ္ဘဝေသီဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၆။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကိဉ္စိ။
ဗျာရောသနာ ပဋိဃ သညာ၊
နည မညဿ ဒုက္ခ မိစ္ဆေယျ။

၇။ မာတာ ယထာ နိယံပုတ္တ၊
မာယုသာ ဧကပုတ္တ-မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

၈။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ မသပတ္တံ။

၉။ တိဋ္ဌံ စရံ နိသိန္နော၀၊
သယာနော ယာ၀ တဿ ဝိတမိဒ္ဓေါ၊
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မ မေတံ ဝိဟာရ မိဓ မာဟု။

၁၀။ ဒိဋ္ဌိဉ္စ အနု ပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယ ဂေဓံ၊
န ဟိ ဇာတု ဂဗ္ဘသေယျ ပုန ရေတိ။

မေတ္တသုတ် ပါဠိတော် ပြီး၏။

## ၃။ မေတ္တာသုတ် ပါဠိတော် မြန်မာပြန်

၁။ **သန္တံ**–ငြိမ်းအေးချမ်းသာသော၊ **ယံ ပဒံ**–အကြင် အသင်္ခတ ဓာတ် နိဗ္ဗာန်မြတ်သည်၊ **အတ္ထိ**–သဘာဝအားဖြင့် ထင်ရှားရှိ၏။ **တံ ပဒံ**–ထိုနိဗ္ဗာန်ဓာတ်မြတ်ကို၊ **အဘိသမေစ္စ**–လောကီ လောကုတ္တရာ ပညာဖြင့် သိမြင် ကပ်ရောက်၍၊ **ဝိဟရန္တေန**–နေလိုသော၊ **အတ္ထကုသလေန**–မိမိ၏ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွား၌ လိမ္မာသော အမျိုး ကောင်းသားသည်၊ **ဧဝံ ဝုစ္စမာနံ**–ဤပြဆိုလတ္တံ့သော နည်းလမ်းကို၊ **ကရဏီယံ**–လိုက်နာအားထုတ် ပြုလုပ်အပ်၏။ **သက္ကော စ**–သစ္စာလေးပါး ကို ထိုးသွင်း၍ သိမြင်ခြင်းငှာ စွမ်းနိုင်သည်လည်း၊ **အဿ**–ဖြစ်ရာ၏။ **ဥဇူ စ**–ကိုယ် နှုတ် နှစ်တန် ဖြောင့်မှန်ရိုးသားသည်လည်း၊ **အဿ**–ဖြစ်၏၊ **သုဟုဇူ စ**–စိတ်ထားစိတ်ဟန် ဖြောင့်မှန်သည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **သုဝစော စ**–ပြောဆို ဆုံးမလွယ်သည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **မုဒု စ**–နူးညံ့သိမ်မွေ့သော ကိုယ် နှုတ် စိတ် ရှိသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **အနတိမာနီ စ**–ဇာတိ, ဂေါတ္တ စသည်တို့ဖြင့် မြင့်မောက်လွှမ်းမိုး သော မာန မရှိသည်လည်း၊ **အဿ**–ဖြစ်ရာ၏။

၂။ **သန္တုဿကော စ**–ရသမျှနှင့် မျှတ ရောင့်ရဲခြင်းသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **သုဘရော စ**–လုပ်ကျွေးမွေးမြူ လွယ်သည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **အပ္ပကိစ္စော စ**–သင်္ကန်းချုပ်ခြင်း စသော မလွှဲသာမှု နည်းပါးသော ပြုဖွယ်ကိစ္စရှိသည်လည်း၊ **အဿ**–ဖြစ်ရာ၏။ သလ္လဟုက

**ဝုတ္တိ စ**–ပစ္စည်းမများ ပေါ့ပါးသော အသက်မွေးခြင်းရှိသည်လည်း၊ **အဿ**–ဖြစ်ရာ၏။ **သန္တိန္ဒြိယော စ**–ငြိမ်သက်တည်ကြည်သော ဣန္ဒြေရှိသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **နိပကော စ**–လိမ္မာထက်သန် သိမြင်တတ်သော ဉာဏ် ရှိသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **အပ္ပဂဗ္ဘော စ**–ကြမ်းတမ်းသော ကိုယ် နှုတ် စိတ် မရှိသည်လည်း၊ **အဿ**–ဖြစ်ရာ၏၊ **ကုလေသု**–ဒကာ ဒကာမ တို့၌၊ **အနနုဂိဒ္ဓေါ စ**–ကပ်ငြိတွယ်တာမှု မရှိသည်လည်း၊ **အဿ**–ဖြစ်ရာ၏။

၃။ **ယေန**–အကြင် ဒုစရိုက်မှုကြောင့်၊ **ဝိညူ**–သိကြားလိမ္မာ ဉာဏ်ပညာရှိကုန်သော၊ **ပရေ**–သူတစ်ပါးတို့သည်၊ **ဥပဝဒေယျုံ**–ကဲ့ရဲ့စွပ်စွဲပြောဆိုကုန်ရာ၏၊ **ခုဒ္ဒံ**–သေးငယ်ယုတ်ညံ့သော၊ **တံ**–ထိုဒုစရိုက်မှုကို၊ **ကိဉ္စိ**–အနည်းငယ်မျှပင် ဖြစ်သော်လည်း၊ **နစ အာစရေ**–မပြုမလုပ်ရာ၊ **သဗ္ဗသတ္တာ**–ခပ်သိမ်းသော သတ္တဝါဟူသမျှတို့သည်၊ **သုခိနော ဝါ**–ကိုယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်လည်းကောင်း၊ **ခေမိနော ဝါ**–ဘေးရန်ဥပဒ္ဒဝ မရှိကြကုန်သည် လည်းကောင်း၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **သုခိတတ္တာ**–ချမ်းသာခြင်းသို့ ရောက်သောစိတ် ရှိကြကုန်သည်၊ **ဘဝန္တု**–ဖြစ်ကြပါစေကုန်သတည်း။

၄။ **ယေကေစိ**–ခပ်သိမ်းကုန်သော၊ **ပါဏဘူတာ**–ပါဏဟုဆိုအပ်သော သတ္တဝါတို့သည်၊ **ဝါ–ပါဏဘူတာ**–ထွက်သက် ဝင်သက်ရှိသော ပဉ္စဝေါကာရ သတ္တဝါ, ထွက်သက် ဝင်သက် မရှိသော စတုဝေါကာရ, ဧကဝေါကာရ သတ္တဝါသည်၊ **အတ္ထိသန္တိ**–ရှိကုန်၏၊ **ဣမေပိသတ္တာ**–ဤအားလုံးသော သတ္တဝါတို့သည်လည်း၊ **သုခိတတ္တာ**–ချမ်းသာခြင်းသို့ ရောက်သောစိတ် ရှိကြကုန်သည်၊ **ဘဝန္တု**–ဖြစ်ကြစေကုန်သတည်း၊ **အနဝသေသော**–အကြွင်းမရှိကုန်သော၊ **ယေ တသာ ဝါ**–အကြင် ကြောက်ရွံ့ထိတ်လန့်တတ်သော ပုထုဇဉ် သေက္ခသတ္တဝါတို့သည် လည်းကောင်း၊

ယေ ထာဝရာ ဝါ-ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိသော အကြင် ရဟန္တာ သတ္တဝါတို့သည် လည်းကောင်း၊ ယေ ဒီဃာ ဝါ-အကြင်ရှည်သောကိုယ် ရှိသော မြွေ, နဂါး စသော သတ္တဝါတို့သည်လည်းကောင်း၊ ယေ မဟန္တာ ဝါ-ကြီးမားသောကိုယ်ရှိသော အကြင် လိပ်, ဆင်, အသူရိန် စသော သတ္တဝါတို့သည်လည်းကောင်း၊ ယေ မဇ္ဈိမာ ဝါ-အလယ်အလတ်ဖြစ်သော ကိုယ်ရှိသည့် အကြင် ကျွဲ, နွား, မြင်း စသော သတ္တဝါတို့သည်လည်း ကောင်း၊ ယေ ရဿကာ ဝါ-တိုသောကိုယ်ရှိသော အကြင် ကြက်, ငှက် စသော သတ္တဝါတို့သည်လည်းကောင်း၊ ယေ အဏုကာ ဝါ-သေးငယ် လှစွာသော ကိုယ်ရှိသော အကြင် ရေပိုး, ရေမွှား စသော သတ္တဝါတို့သည် လည်းကောင်း၊ ယေ ထူလာ ဝါ-ပြည့်ဝ ဝန်းဝိုင်းသော အကြင် ငါး, လိပ်, ခရု, ယောက်သွား စသော သတ္တဝါတို့သည် လည်းကောင်း။

၅။ ယေ ဒိဋ္ဌာ ဝါ-မိမိ၏ မံသစက္ခုဖြင့် မြင်ဖူးသော အကြင် သတ္တဝါတို့သည်လည်းကောင်း၊ ယေ အဒိဋ္ဌာဝါ-မိမိ၏ မံသစက္ခုဖြင့် မမြင် ဖူးသော အကြင်သတ္တဝါတို့သည် လည်းကောင်း၊ ဒူရေ-ဝေးသောအရပ်၌၊ ဝသန္တိ-နေကြကုန်သော၊ ယေ သတ္တာ ဝါ-အကြင်သတ္တဝါတို့သည် လည်း ကောင်း၊ အဝိဒူရေ-နီးသောအရပ်၌၊ ဝသန္တိ-နေကြကုန်သော၊ ယေ သတ္တာ ဝါ-အကြင်သတ္တဝါတို့သည် လည်းကောင်း၊ (တစ်နည်း ဝါကျခွဲ၍ အစိတ် အစိတ် မြန်မာပြန်ရလျှင်) ဒူရေ-ဝေးသောအရပ်၌၊ ယေ သတ္တာ- အကြင်သတ္တဝါတို့သည်၊ ဝသန္တိ-နေကြကုန်၏၊ အဝိဒူရေ-နီးသောအရပ်၌၊ ယေ သတ္တာ-အကြင်သတ္တဝါတို့သည်၊ ဝသန္တိ-နေကြကုန်၏၊ အနဝသေ သာ-အကြွင်းမရှိကုန်သော၊ ဣမေပိ သဗ္ဗသတ္တာ-ဤအလုံးစုံသော သတ္တဝါ တို့ သည်လည်း၊ သုခိတတ္တာ-ချမ်းသာခြင်းသို့ ရောက်သောစိတ် ရှိကြကုန် သည်၊ ဘဝန္တု-ဖြစ်ကြပါစေကုန်သတည်း၊ (ဟူ၍လည်း ဤဒုက်ကို ပြန်ဆို နိုင်သေး၏၊) ယေ ဘူတာ ဝါ-ဘဝစက်၌ ဖြစ်ခဲ့ပြီးသော အကြင် ရဟန္တာ သတ္တဝါတို့သည် လည်းကောင်း၊ ယေ သမ္ဘဝေသီ ဝါ-ဘဝသစ်၌ ဖြစ်ဦး

မည့် အကြင်ပုထုဇဉ် သေက္ခသတ္တဝါတို့သည် လည်းကောင်း၊ **အတ္ထိ သန္တိ**–ရှိကြကုန်၏၊ **ဣမေပိ သဗ္ဗသတ္တာ**–ဤအလုံးစုံသော သတ္တဝါတို့သည် လည်း၊ **သုခိတတ္တာ**–ချမ်းသာခြင်းသို့ ရောက်သောစိတ် ရှိကြကုန်သည်၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း။

၆။ **ပရော**–တစ်ပါးသောသူသည်၊ **ပရံ**–တစ်ပါးသောသူကို၊ **န နိကုဗ္ဗေထ**–အမျက်မထွက်ပါစေနှင့်၊ **ကတ္ထစိ**–တစ်စုံတစ်ခုသော ကိစ္စဌာနၶ၌၊ **နံ**–ထိုတစ်ပါးသောသူကို၊ **ကိဉ္စိ**–အနည်းငယ်မျှ၊ **ဗျာရောသနာယ**–ဖောက်ပြန်သော ကာယကံ, ဝစီကံတို့ဖြင့် ချုပ်ချယ်ခြင်းဖြင့် လည်းကောင်း၊ **ပဋိဃသညာယ**–ဖောက်ပြန်သောအားဖြင့် ရန်ငြိုးထားသောစိတ်ဖြင့်လည်းကောင်း၊ **နာတိ**–မသေထ မထီမဲ့မြင်မပြုပါစေနှင့်၊ **အညမညဿ**–အချင်းချင်း၏၊ **ဒုက္ခံ**–ဆင်းရဲကို၊ **န ဣစ္ဆေယျ**–အလိုမရှိပါစေနှင့်။

၇။ **မာတာ**–မွေးသည့် မိခင်သည်၊ **နိယံပုတ္တံ**–မိမိ၏ သားရင်းဖြစ်သော၊ **ဧက ပုတ္တံ**–တစ်ယောက်တည်းသော သားကို၊ **အာယုသာ**–အသက်အတွက်ကြောင့်၊ **အနုရက္ခေ ယထာ**–အစဉ် စောင့်ရှောက်သကဲ့သို့၊ **ဧဝမ္ပိ**–ထို့အတူသာလျှင်၊ **သဗ္ဗဘူတေသု**–ခပ်သိမ်းသော သတ္တဝါတို့၌၊ **အပရိမာဏံ**–အတိုင်းအရှည် မရှိသော၊ **မာနသံ**–မေတ္တာနှင့် ယှဉ်သော စိတ်ကို၊ **ဘာဝယေ**–ပွားများစေရာ၏။

၈။ **ဥဒ္ဓံ**–အထက်လောက အရူပဘဝ၌လည်းကောင်း၊ **အဓော**–အောက်ပိုင်းလောက ကာမဘဝ၌လည်းကောင်း၊ **တိရိယံ**–အလယ်လောက ရူပဘဝ၌လည်းကောင်း၊ **သဗ္ဗလောကသ္မိံ**–အလုံးစုံဖြစ်သော လောကသုံးပါး၌၊ **အသမ္ဗာဓံ**–အပိုင်းအခြားကင်း ကျဉ်းမြောင်းခြင်းမရှိသော၊ **အဝေရံ**–အကြားအကြား၌ ဝေရ စေတနာကင်းသော၊ **အသပတ္တံ**–ဗဟိဒ္ဓ ရန်သူဟူ၍ မရှိသော၊ **အပရိမာဏံ**–အတိုင်းအရှည် မရှိသော၊ **မေတ္တံ**–ချစ်ခြင်းဟု ဆိုအပ်သော၊ **မာနသံ**–စိတ်ကို၊ **ဘာဝယေ**–ပွားစေရာ၏။

၉။ **တိဋ္ဌံ–တိဋ္ဌန္တော** ဝါ–ရပ်သော်လည်းကောင်း၊ ရပ်လျက် လည်းကောင်း၊ **စရံ–စရန္တော** ဝါ–သွားသော်လည်းကောင်း, သွားလျက်လည်းကောင်း၊ **နိသိန္နော** ဝါ–ထိုင်သော်လည်းကောင်း, ထိုင်လျက်လည်းကောင်း၊ **သယာနော** ဝါ–အိပ်သော်လည်းကောင်း, အိပ်လျက်လည်းကောင်း၊ **ယာဝတာ**–အကြင်မျှလောက်သော ကာလပတ်လုံး၊ **ဝိတမိဒ္ဓေါ**–ငိုက်မြည်းခြင်းကင်းသည်၊ **အဿ**–ဖြစ်၍၊ **တာဝတာ**–ထိုမျှလောက်သော ကာလပတ်လုံး၊ **ဧတံ သတိံ**–ထိုမေတ္တာနှင့် ယှဉ်သော သတိကို၊ **အဓိဋ္ဌေယျ**–ဆောက်တည်ရာ၏၊ **ဣဓ**–ဤဘုရား၏ သာသနာတော်ကြီး၌၊ **ဧတံ ဝိဟာရံ**–မေတ္တာနှင့် မကင်းသော ထိုသတိနှင့်နေခြင်းကို၊ **ဗြဟ္မံ**–မြတ်သော၊ **ဝိဟာရံ**–နေခြင်း ဟူ၍၊ **ဗုဒ္ဓါ**–ဘုရားရှင်တို့သည်၊ **အာဟု**–ဟောတော်မူကြကုန်ပြီ။

၁၀။ **သော**–ထိုမေတ္တာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်သော ပုဂ္ဂိုလ်သည်၊ **ဒိဋ္ဌိဉ္စ**–အတ္တဒိဋ္ဌိသို့လည်း၊ **အနုပဂ္ဂမ္မ**–မကပ် မရောက်မူ၍၊ **သီလဝါ**–လောကုတ္တရာ သီလရှိသည်ဖြစ်၍၊ **ဒဿနေန**–သောတာပတ္တိမဂ်ဉာဏ်နှင့်၊ **သမ္ပန္နော**–ပြည့်စုံလျက်၊ **ကာမေသု**–ကာမဝတ္ထုတို့၌၊ **ဂေဓံ**–တောင့်တမက်မော တွယ်တာ တပ်မက်ခြင်းသဘောကို၊ **ဝိနေယျ**–ပယ်ဖျောက်၍၊ **ဇာတု**–စင်စစ်၊ **ပုန**–နောက်တစ်ဖန်၊ **ဂဗ္ဘသေယျံ**–မိခင်၏ဝမ်း၌ ကိန်းနေခြင်းသို့၊ **န ဧတိ**–မရောက်ရပေတော့အံ့။

မေတ္တသုတ် ပါဠိတော် မြန်မာပြန် ပြီး၏။

# ၄။ မေတ္တာသုတ်ကို ရွတ်ဖတ်ရသော ကောင်းကျိုးများ

ဤနေရာ၌ မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ လက်ငင်း ဒိဋ္ဌရှိသော ကောင်းကျိုးကျေးဇူး အနည်းငယ်မျှကို ထုတ်ဆောင်ပြဦးအံ့။

စာပေထဲ၌သာလျှင် အကျိုးကျေးဇူးများရသည်ဟု ရေးသားထားသည်မဟုတ်၊ စာထဲ၌ပါရှိသော ထိုထိုပုဂ္ဂိုလ်များသည်သာလျှင် ထိုထိုသို့သော ကောင်းကျိုးကျေးဇူးတို့ကို ရရှိကြသည်မဟုတ်၊ ငါတို့ ရွတ်ဖတ်သရဇ္ဈာယ်လျှင်လည်း ကောင်းကျိုးကျေးဇူးတို့ကို ရကြပေလိမ့်မည်ဟု ယုံကြည်သောအားဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ကြရမည်။

ကတပရိတ္တဦ မာဟာရာဇ-စသည်ဖြင့် မိလိန္ဒမင်းကြီးအား အရှင်နာဂသိန် ဟောပြောသော **ပရိတ်၏ ကျေးဇူးတို့သည်ကား ...**

(က) ပရိတ်ရွတ်ဖတ် သရဇ္ဈာယ်သောသူကို ကိုက်လိုသော မြွေသည်လည်း မကိုက်နိုင်၊ ကိုက်ရန်ဖွင့်သော ပါးစပ်သည် ပိတ်သွားတတ်၏။ (ဤသို့ဖြစ်သည်ကို အာစေးထည့်သည်ဟု မြွေဘက်ဆိုင်ရာလူတို့ ပြောဆိုသုံးစွဲကြ၏။)

(ခ) သူခိုး၊ ဓားပြများသည် လက်နက်ကို မြှောက်ချီခြင်းငှာ မစွမ်းနိုင်၊ ကိုင်စွဲသော လက်နက်ကို ချ၍ ဆွေရင်းမျိုးချာကဲ့သို့ မေတ္တာသက်ဝင် ခင်မင်ကြ၏။

(ဂ) ဒေါသအမျက်ခြောင်းခြောင်း ထွက်လျက် နင်းသတ်အံ့သောငှာ ပြေးလာသော ဆင်ပြောင်သည်လည်း အနီးသို့ရောက်လျှင် ဒေါသကင်းဝေး ငြိမ်းအေးချမ်းမြေ့ခြင်း ဖြစ်တတ်၏။

၂၇၇၂၉

(ဃ) အလျှံပြောင်ပြောင်တောက်လောင်သော မီးပုံကြီးသည်လည်း အနီးသို့ရောက်သောကာလ ငြိမ်းအေးခြင်းသို့ ရောက်၍ အပူရှိန် ကင်းပျောက်တတ်၏။

(င) လတ်တလော သေစေတတ်သော အဆိပ်ကို စားမျိုမိသော်လည်း အဆိပ်မဖြစ်သည်သာမက ရောဂါကင်းကြောင်း ဆေးကောင်းအဖြစ်သို့သော်လည်း ရောက်၏။ အာဟာရသော်လည်း ဖြစ်၏။

(စ) သတ်ဖြတ်လိုသော လူသတ်သမားသည်လည်း အနီးသို့ရောက်လျှင် အစေခံ ကျွေးကျွန်အဖြစ်သို့ပင် ရောက်တတ်၏။

(ဆ) ကျောက်ကွင်းကို နင်းမိသော်လည်း ချည်နှောင်မိခြင်း မရှိတတ်ဟူ၍ ဟောတော်မူသည်။

## သပြေကုန်းမှ အပုပ်နံ့များ

မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ဖတ် သရဇ္ဈာယ်ကြ၍ ကျေးဇူးခံစားကြရသော ပစ္စက္ခဒိဋ္ဌဓမ္မဝတ္ထုသက်သေတို့သည်လည်း များလှ၏။ **အချို့ကို ပြဦးအံ့။**

နှစ်ကာလ များစွာကြီး မကြာမီက ရန်ကုန်အရှေ့ သပြေကန်အနီး သပြေကုန်းကျောင်းသည် အလွန်ကြမ်းသည့်ပြင် သံဃာများ မကြာခဏ ဖျားနာကြ၏။ ရံခါရံခါ အပုပ်နံ့လည်း နံ၏။ ဘုန်းကြီးတစ်ဆက် ပျံတော်မူပြီးနောက် ကျောင်းထိုင်မည့် ဘုန်းကြီးသစ်သည် ဤသတင်းကို ကြားနှင့်သောကြောင့် ကျောင်း အာရာမ်တွင်းသို့ မဝင်မီကပင် မေတ္တာသုတ်ကို ရွတ်၏။ ကျောင်းသို့ရောက်သည့်အခါလည်း ရွတ်၏။ မပြတ် မပြတ် မေတ္တာသုတ်ကိုရွတ်ရာ ၎င်းဘုန်းကြီး တစ်လက်ထက်လုံး ဘေးဥပါဒ် အန္တရာယ် အဖျားအနာ စသည် ကင်းရှင်း၍ ချမ်းသာစွာ သီတင်းသုံးရလေသည်။

## သုံးခွမဟာဝုန်တောရမှ သရဲ

ပဲခူးမြို့ ရွှေအောင်ရွေးဆရာတော်သည် ငယ်စဉ်က သုံးခွ မဟာဝုန်တောရသို့ ခေတ္တရောက်သွားကြရာ ထိုအခါက မဟာဝုန် တောရ၌ အခြောက်အလှန့်အားကြီး၍ လွန်စွာ ကြမ်းတမ်းလှ၏။ ထို့ကြောင့် ရွှေအောင်ရွေး ဆရာတော် စသော ခရီးသွား သံဃာတော်များသည် မေတ္တာသုတ် ပရိတ်တော်ကို ရွတ်လျက် ကျောင်းအာရာမ်အတွင်းသို့ ဝင်သွားကြ၏။ ညတိုင်းလည်း ရွတ်ကြ၏။ ညအိပ်ပျော်သောအခါ ရဟန်းတစ်ပါးသည် အနီးသို့လာ၍ ယခုမှ မိတ်ဆွေကောင်းကို တွေ့ရသည်ဟု ပြောသတတ်၊ အခြောက်အလှန့်လွတ်ကင်း၍ ချမ်းသာစွာ နေခဲ့ရသည်ဟူ၏။

## ရွာထောင်ဆရာတော်ကြီး၏ ကိုယ်တွေ့အမှာစကား

စစ်ကိုင်းမြို့ ရွာထောင်ရွာ ပန်းထိမ်ကျောင်းကြီး၌ ၁၃၀၂-ခုနှစ်၌ သက်တော် ၈၇-နှစ်ရှိတော်မူမှ ပျံလွန်တော်မူသော ပန်းထိမ်ကျောင်း ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် မိန့်ကြားတော်မူသည်မှာ ...

ဘုန်းကြီးကလေး မေတ္တာသုတ်ကို ဂရုပြု၍ ရွတ်၊ ခရီးသွားလိုလျှင် သွားမည့် ခရီးကို မှန်း၍ရွတ်၊ သွားမည့်ကျောင်း၊ နေမည့်ကျောင်းကို မှန်း၍ရွတ်၊ အာရာမ်အတွင်းသို့ မဝင်မီ အဝင်စက ရပ်၍ရွတ်၊ ကျုပ်ဒီကျောင်းမှာ နေရအောင် ပရက္ကမချောင်က လာခါနီးမှာ မလာမီ မေတ္တာသုတ်ကို ရွတ်ခဲ့၏။ လာသောအခါ ကျောင်းအရာမ်ပေါက်က ရပ်၍ ရွတ်၏။ ကျောင်းပေါ် ရောက်သောအခါလည်း ရွတ်၏။ မပြတ်ရွတ်သဖြင့် ကျောင်းအာရာမ်အတွင်းရှိ ရက္ခစိုးများ ကျုပ်ကို ဘေးရန်ကာဆီး၍ စောင့်ရှောက်တဲ့အခါပေါင်း တော်တော်များပြီဟု မိန့်တော်မူဖူးလေသည်။

ပဲခူး ကြခတ်ဝိုင်းကျောင်း၌ တိမ္ဗရုက္ခစည်တီး ဆရာတော်ဘုရားကြီး၏ မေတ္တာသုတ်ပရိတ်တော်ကြောင့် အန္တရာယ်ကင်းရှင်းသော သာဓက၊

ဝက်လက်မြို့ ကြို့ပင်ကျောင်းဆရာတော် ဦးလက္ခဏ၏ မေတ္တာသုတ် ပရိတ်ကြောင့် အန္တရာယ်ကင်းရှင်းသော သာဓကဝတ္ထုတွေ များစွာရှိသော်လည်း ယုံကြည်ဖွယ် သာဓက ရလောက်ပြီဖြစ်၍ မချဲ့တော့ပြီ။

အနည်းငယ်မျှ ထုတ်ပြအပ်သော ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ရသော ကောင်းကျိုးကျေးဇူးနှင့် လက်ငင်းဒိဋ္ဌ ကျေးဇူးခံစားရသော ဝတ္ထုသာဓကတို့ကို ယုံယုံကြည်ကြည် မှတ်သား၍ မေတ္တာသုတ်ကို ဂရုပြုကာ ရွတ်ဖတ်သရဇ္ဈာယ်နိုင်ကြစေကုန်သတည်း။

ဤဝတ္ထုများသည် ရဟန်းတော်များ၏ ဝတ္ထုသက်သေများဖြစ်သော်လည်း လူများ၌ ဤအကျိုးကျေးဇူးမျိုးကို မရသည်မဟုတ်၊ လူများ ရွတ်ဖတ်သရဇ္ဈာယ်လျှင် လူများရမည်သာဖြစ်သည်။

မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်သော ကောင်းကျိုးကျေးဇူး ပြဆိုခြင်းပြီး၏။

## ၅။ မေတ္တာသုတ် နိဒါန်း

**နမော မေတ္တာသုတ္တန္တဒေသကဿ**

**မဟာကာရုဏိကဿ တဿ။**

ဟိမဝန္တာတောင်နှင့် ဆပ်စပ်သော တောအုပ်တစ်ခု၌ သီတင်းသုံးတော်မူကြကုန်သော ရဟန်းတော် ၅၀၀ တို့သည် နတ်တို့ နှောင့်ယှက်သောကြောင့် မြတ်စွာဘုရား၏ အထံတော်သို့ ရောက်လာကြရာ မြတ်စွာဘုရားသည် ထိုရဟန်းတော်တို့အား တွေ့ကြုံဆဲဖြစ်သော ဘေးရန်တို့မှ ပျောက်ကင်းစေခြင်းငှာ လည်းကောင်း၊ အရံအတား အကာအဆီး ပရိတ်ဖြစ်စေခြင်းငှာ လည်းကောင်း၊ ကမ္မဋ္ဌာန်း ဖြစ်စေခြင်းငှာ မေတ္တာသုတ်ကို ဟောကြားတော်မူသည်။

### ရဟန်းတော် ၅၀၀ ကျောင်းရှာ ထွက်ခြင်း

အကျယ်ကား... အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ဝါလနီးကပ်လတ်သော် အရပ်ရပ်မှ ရဟန်းတော်တို့သည် မြတ်စွာဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းတောင်းယူကြ၍ သပ္ပာယဖြစ်သော ထိုထိုအရပ်သို့ ကြွရောက်ကာ ဝါကပ်တော်မူကြကုန်၏။ ထိုအခါ ၅၀၀ သော ရဟန်းတော်တို့သည်လည်း ကမ္မဋ္ဌာန်း တောင်းယူကြပြီးလျှင် သပ္ပာယဖြစ်သော ကျောင်းနှင့်တကွ ဆွမ်းခံရွာကိုရှာလျက် ကြွတော်မူကြသော် ဟိမဝန္တာတောင်နှင့်စပ်၍ စဥ္စည်သို့ ပတ္တမြားညိုနှင့်တူသော ကျောက်ဖျာရှိသော တစ်ခဲနက်ဖုံးအုပ်၍ အေးမြသော တောအုပ်ဖြင့် တန်ဆာဆင်သော ပုလဲအပြင်၊ ငွေသားအပြင်နှင့်တူ

သော သဲတို့ဖြင့် ခင်းအပ်သော မြေပြင်ရှိသော သန့်ရှင်းစင်ကြယ် အေးမြကြည်လင်သော ရေအိုင်တို့ဖြင့် ဝန်းရံအပ်သော တောင်ကို တွေ့မြင်ကြရ၏။ ရဟန်းတော်တို့သည် ထိုတောင်၌ပင်လျှင် တစ်ည ကုန်လွန်စေ၍ နံနက်အခါ၌ အနီးရှိရွာသို့ ဆွမ်းခံ ဝင်တော်မူကြကုန်၏။ ဤရွာသည် အိမ်ခြေတစ်ထောင်ရှိ၍ စေတနာသဒ္ဓါတရားနှင့် ပြည့်စုံကြကုန်သော လူတို့နေသော ရွာဖြစ်၏။

## ရွာသူရွာသားတို့က ကျောင်းဆောက် လှူခြင်း

ရွာသူရွာသားတို့သည် ဤသို့သော ပစ္စန္တအရပ်၌ ရဟန်းတော်များအား ဖူးမြော်ရဖို့ရန် အလွန်ခဲယဉ်းသည်ဖြစ်၍ ရဟန်းတော် ၅၀၀ တို့ကို မြင်ကြလျှင်ပင် ဝမ်းသာအားရ ရှိကြလျက် ဆွမ်းဘောဇဉ်တို့ကို ကပ်လှူကြပြီးကာလ အရှင်ဘုရားများသည် တပည့်တော်များအရပ်၌ပင် ဝါကပ်တော်မူကြပါ၊ အရှင်ဘုရားများကို အမှီပြု၍ တပည့်တော်များမှာလည်း ဒါန၊ သီလ၊ ဓမ္မဿဝန၊ ဝေယျာဝစ္စ စသော ကောင်းမှုကုသိုလ်တို့ဖြစ်၍ အရှင်ဘုရားများသည်လည်း ပစ္စည်းလေးပါး၌ မငြိုမငြင် မပင်မပန်းကြမူ၍ ရဟန်းတရားကို အားထုတ်တော်မူနိုင်ကြောင်း ဖြစ်ပါလိမ့်မည်ဟု တောင်းပန်လျှောက်ထားကြလေ၏။ ရဟန်းတော်များက ခွင့်ပြုတော်မူလျှင် ရွှင်လန်းဝမ်းမြောက်ကြလျက် ကမ္မဋ္ဌာန်းကျောင်းငယ်ပေါင်း ၅၀၀ နှင့်တကွ ညောင်စောင်း၊ အင်ပျဉ် စသော ကျောင်းအသုံးအဆောင် ပရိဘောဂများကိုလည်း စီရင်ကြကုန်၏။

## ရုက္ခစိုးနတ်များ သစ်ပင်မှ ဆင်းနေရခြင်း

ရဟန်းတော်တို့သည်ကား တောအုပ်သို့ဝင်၍ ညဉ့်သုံးယံပတ်လုံး ရဟန်းတရား အားထုတ်ကြကုန်အံ့ဟု ခေါင်းလောင်းသံဖြင့် အချက်ပေး၍ ထိုထိုသစ်ပင်ရင်းသို့ကပ်လျက် ယောနိသော မနသိကာရကို များစွာ နှလုံး

သွင်း၍ သီတင်းသုံးတော်မူကြကုန်၏။ သီလရှိသော ရဟန်းတော်တို့၏ သီလတန်ခိုးကြောင့် ထိုတောအုပ်၌ရှိသော ရုက္ခစိုးနတ်တို့သည် သစ်ပင်ထက်၌ မနေဝံ့ကြကုန်သဖြင့် ကလေးငယ်များကို ခေါ်၍ ထိုထိုအနီးအပါး ဌာနတို့၌ ဆင်းသက်နေကြရကုန်၏။

ဥပမာအတူမူကား ... မင်းစိုးရာဇာများ ရွာသို့လာ၍ မိမိတို့နေအိမ်၌ တည်းခိုနေကြသည့်အခါ အိမ်ရှင်များသည် သင့်တော်ရာသို့ ခေတ္တခဏ ပြောင်းရွှေ့နေကြရပြီးလျှင် မင်းစိုးရာဇာများ ဘယ်အခါပြန်ကြလေမည်နည်း၊ ပြန်ကြပြီလားဟု အဝေးက မျှော်ကြည့်နေကြသည်နှင့် တူလေသည်။

## ရုက္ခစိုးနတ်တို့ ခြောက်လှန့်ခြင်း

ရုက္ခစိုးနတ်တို့သည်လည်း မိမိတို့၏ ဗိမာန်မှ ဆင်းသက်၍ သင့်တော်ရာသို့ သွားကြပြီးလျှင် ဤရဟန်းတော်တွေ ဘယ်တော့ပြန်ကြမည်နည်းဟု အဝေးမှ ကြည့်နေကြကုန်၏။ ရဟန်းတော်များ ရက်တရက်မပြန်ကြလျှင် ဤသို့ အကြံဖြစ်ကြကုန်၏။ ရဟန်းတော်များသည် ငါတို့တောအုပ်၌ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးကြလိမ့်မည်ထင်သည်၊ ယင်းသို့ တစ်ဝါတွင်းလုံး နေကြပါလျှင် ငါတို့သည် ဤမျှကြာမြင့်စွာ ကလေးသူငယ်တွေနှင့် ဗိမာန်မှဆင်းသက်၍ တိမ်းရှောင်နေခြင်းမှာ အဘယ်မှာလျှင် တတ်နိုင်ကြမည်နည်း၊ ဤရဟန်းတွေကို ကြောက်လန့်ဖွယ်အာရုံများကို ပြ၍ ခြောက်လှန့်ကြကုန်အံ့ဟု အကြံပြုကြပြီးလျှင် ညဉ့်အချိန် ရဟန်းတော်များ တရားအားထုတ်သောအခါ၌ ကြောက်မက်ဖွယ်ကောင်းသော ဘီလူးရုပ်တို့ကို ဖန်ဆင်း၍ ရှေ့မှ ပြကြကုန်၏။ ကြောက်မက်ဖွယ် အသံတို့ကိုလည်း ပြုကြကုန်၏။

## ရဟန်းတော်များ ရောဂါဝေဒနာ ခံစားရခြင်း

ရဟန်းတော်များသည် ကြောက်မက်ဖွယ်သော ရုပ်ဆင်းသဏ္ဌာန်၊ ကြောက်မက်ဖွယ်သော အသံများကို မြင်ရ၊ ကြားရသဖြင့် စိတ်နှလုံး

တုန်လှုပ်ချောက်ချား၍ သမာဓိပျက်ပြားကြကုန်သဖြင့် ရုပ်ရည်ညှိုးနွမ်းကြကုန်၏။ ဖျော့တော့သော အဆင်းရှိကြကုန်၏။ စိတ်နှလုံး မတည်ကြည်သဖြင့် သတိများလည်း လွတ်ကင်းကြကုန်၏။ သတိလွတ်ကင်းနေကြစဉ်ပင် မကောင်းသော အနံ့အသက်များကို နတ်တွေက လွှတ်သဖြင့် ဦးနှောက်ကို ဆုတ်နယ်သကဲ့သို့ ရှိကြကုန်၏။ ခေါင်းကိုက် မူးဝေသော ရောဂါတို့သည် ပြင်းပြစွာ ဖြစ်ကုန်၏။ သို့ပင်ဖြစ်ကြသော်လည်း ရဟန်းတော်တို့သည် ဤအကြောင်းများကို အချင်းချင်းအား မပြောကြားကြကုန်မူ၍ မြိုသိပ်ကာ နေကြကုန်၏။

## ရဟန်းတော်များ ဘုရားထံ ပြန်လည်ထွက်ခွာခြင်း

တစ်နေ့သောအခါ၌ သံဃာ့ဦးစီးဖြစ်သော မဟာထေရ်ကြီးထံသို့ ဆည်းကပ်လာကြသည်တွင် မဟာထေရ်ကြီးက ငါ့ရှင်တို့သည် ဤတောအုပ်သို့ရောက်၍ ၂-ရက်၊ ၃-ရက်အတွင်း၌ ရုပ်ရည်ကြည်ကြည်လင်လင် ရှိကြသည်၊ ဣန္ဒြေများလည်း သန့်ရှင်းကြသည်၊ ယခုမူကား ကြုံလှီဖျော့တော့သောအဆင်း ရှိကြသည်၊ ဤတောအုပ်၌ အဘယ်သို့သော သပ္ပာယမဖြစ်သည့် အကြောင်းရှိလေသနည်းဟု မေးမြန်းလေလျှင် ရဟန်းတော်တစ်ပါးက အကြောင်းစုံလင်စွာ ပြန်ပြောင်းလျှောက်ထားသော်မှ သံဃာ့ထေရ်ကြီးက ...

ငါ့ရှင်တို့ ... မြတ်စွာဘုရားသည် ပုရိမဝါ၊ ပစ္ဆိမဝါ နှစ်မျိုး ခွင့်ပြုတော်မူသည်၊ ငါတို့အား ဤကျောင်းသည် သပ္ပာယမ ဖြစ်ကြကုန်၊ ထို့ကြောင့် ဘုရားရှင်၏ အထံတော်၌ သပ္ပာယဖြစ်အံ့သော ကျောင်းကို သွားရောက် လျှောက်ထားကြကုန်အံ့ဟု မိန့်တော်မူ၍ ဘုရားသခင် သီတင်းသုံးတော်မူရာ သာဝတ္ထိမြို့တော်သို့ ဒေသစာရီ ကြွတော်မူကြကုန်၏။ ယင်းသို့ ကြွတော်မူရာ၌ ကျောင်း၊ အိပ်ရာ၊ နေရာများကိုသာ ခန္ဓကဝတ်နှင့်အညီ သိုမှီးသိမ်းဆည်းတော်မူကြ၍ ဒကာ, ဒကာမတို့၌ တွယ်တာကပ်ငြိခြင်းမရှိကြသဖြင့် မည်သူ့ကိုမျှ မပန်ကြားမူ၍ သာဝတ္ထိသို့သာလျှင် ကြွတော်မူကြကုန်၏။

၅၀၀–သော ရဟန်းတော်တို့သည် သီလဝိသုဒ္ဓိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ဖြစ်၍ နတ်တို့ ခြောက်လှန့်ခြင်းကို သည်းခံတော်မူနိုင်စေကာမူ မကောင်းသော အနံ့အသက်တို့ကို ရှူရှိုက်ရခြင်း၊ နေ့စဉ် ခြောက်လှန့်၍ သမာဓိ ပျက်ပြားခြင်းတို့ကြောင့် တောအုပ်မှ ဖဲခွာ၍ ကြွသွားသောမူကြခြင်း ဖြစ်ပေမည်။ ထိုစကား မှန်ရာ၏။ သီလာ ဒိဂုဏယုတ္တပုဂ္ဂိုလ်များသည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ကို သည်းခံတော်မူ နိုင်ကြကုန်၏။

## ရက္ခစိုးနတ် ခြောက်လှန့်ခံရသော ပါဋိယကောင်ဋိယမထေရ်

ပါဋိယကောင်ဋိယထေရ်သည် အခါတစ်ပါး၌ ခရီးဒေသစာရီ ကြွတော်မူစဉ် သာယာသော တောအုပ်တစ်ခုကို တွေ့မြင်၍ ဤတောအုပ်၌ ပင် ယနေ့ ရဟန်းတရားကို နှလုံးသွင်း၍ နေဦးအံ့ဟု အကြံပြု၍ သစ်ပင် တစ်ပင်အောက်သို့ ကပ်ရောက်လျက် ထက်ဝယ်ဖွဲ့ခွေ သိတင်းသုံးနေတော်မူ၏။

ရက္ခစိုးနတ်၏ ကလေးသူငယ်တို့သည် ထိုရဟန်းတော်၏ သီလ တန်ခိုးကြောင့် သစ်ပင်ထက်၌ ပကတိအနေဖြင့် မနေနိုင်၍ အော်ဟစ် မြည်တမ်းကုန်ကြ၏။ ရက္ခစိုးနတ်သည်လည်း ရဟန်းတော် ထွက်ပြေး လေအောင် သစ်ပင်ကိုလှုပ်၍ ခြောက်၏။ ရဟန်းတော်ကား မလှုပ်။ နတ်သည် အခိုးလွှတ်၍ခြောက်၏၊ အလျှံထုတ်၍ခြောက်၏၊ ရဟန်းတော် ကား နေရာမှမရွေ့၊ ကြောက်ရွံ့ထိတ်လန့်ခြင်း မဖြစ်။

ထိုအခါ ခြောက်လှန့်၍မရသဖြင့် ရက္ခစိုးနတ်သည် ဥပါသကာ အသွင်ဖြင့် ရှိခိုး၍ အနီးသို့ကပ်လာ၏။ ရဟန်းတော်က အဘယ်သူနည်းဟု မေးလျှင် တပည့်တော်သည် ဤသစ်ပင်က ရက္ခစိုးနတ် ဖြစ်ပါသည်ဟု လျှောက်၏။ ခြောက်လှန့်သောသူသည် အသင်လေလောဟု မေး၏။ ဟုတ်ပါသည်ဟု လျှောက်၏။ ဘာ့ကြောင့် ခြောက်ရသနည်းဟု မေးပြန်

လျှင် အရှင်ဘုရား၏ သီလတော်ကြောင့် ကလေးသူငယ်တွေ မနေနိုင်ကြမူ၍ အော်ဟစ်မြည်တမ်းကြသောကြောင့် အရှင်ဘုရားကို သွားစေရန်ခြောက်လှန့်ပါကြောင်းကို လျှောက်၏။ အချင်းနတ် ... ဤသို့ဖြစ်လျှင်စောစောက အကျိုးအကြောင်းပြ၍ အဘယ့်ကြောင့် မလျှောက်သနည်း၊ လျှောက်မူကား ငါရှောင်ထွက်သွားမည်သာတည်း၊ ယခုမူကား နတ်ခြောက်လှန့်၍ သွားရသည်ဟု သူတစ်ပါး ကဲ့ရဲ့ခြင်းကို ငါရှက်သည်၊ သို့ကြောင့်ယနေ့ တစ်ညဉ့်တော့ ဤမှာပင်နေဦးမည်၊ သင်တို့သာ သည်းခံ၍ တော်ရာမှာ တစ်ညဉ့်နေကြပေဟု မိန့်ဆိုတော်မူ၏။

သီလ စသော ဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဤသို့ကြောက်လန့်ဖွယ်ကို မကြောက်မရွံ့ သည်းခံတော်မူနိုင်၏။ သို့ဖြစ်၍ရဟန်းတော် ၅၀၀ တို့သည် တောအုပ်မှ ထွက်ခွာကြွသွားတော်မူခြင်းသည် သက်သက် ကြောက်ရွံ့၍မဟုတ်၊ အနံ့အသက် မကောင်းသည်တို့ကို ရှူရှိုက်ရခြင်း၊ သမာဓိပျက်ပြားခြင်းတို့ကြောင့်သာလျှင် ဖြစ်ရာသည်။

ထို့ပြင် ရဟန်းတော်များသည် ဒကာ, ဒကာမများကို မပန်ကြားမူ၍ စာရိတ္တ ကျင့်ဝတ်ဖြစ်သော ကျောင်း၊ အိပ်ရာ၊ နေရာတို့ကိုသိုမှီးသိမ်းဆည်းတော်မူ၍သာလျှင် ကြွတော်မူကြသည်ကို ဥပါသကာဒကာ ဒကာမများ သတိပြုရန်သင့်၏။

အဘယ့်ကြောင့် သတိပြုထိုက်ကြောင်းကား အကြားအမြင်နည်းပါးသော ဒကာဖြစ်လျှင် သဒ္ဓါ ကြည်ညိုရှိစေကာမူ ငါတို့သည်ပစ္စည်းလေးပါးဖြင့် ထောက်ပံ့အားပေး လှူဒါန်းနေကြသော ဒကာများဖြစ်ပါလျက် ပြောကြား၍ မသွားကောင်းလားဟု ပြစ်မှားမိတတ်၏။စင်စစ်ကား မပြစ်မှားအပ်၊ အပြစ်မတင်အပ်ပေ၊ ရှေ့၌ ဟောတော်မူလတ္တံ့သော မေတ္တသုတ်လာ ကျင့်ဝတ်အရ "ကုလေသွ-နနုဂိဒ္ဓ" ကိုလိုက်နာခြင်းဖြစ်သောကြောင့် ပို၍သာလျှင် ဝမ်းမြောက်ကြည်ညိုထိုက်

ပေသည်။ ဤသို့သော သဘာရှိသော ပုဂ္ဂိုလ်မျိုးကို ရခဲပေစွဟူ၍ သတိပြုအပ်၏။

## ဘုရားရှင် မေတ္တသုတ် ကမ္မဋ္ဌာန်း ဟောကြားခြင်း

ရဟန်းတော် ၅၀၀–တို့သည် မြတ်စွာဘုရား၏ ခြေတော်ရင်းသို့ ရောက်ကြလျှင် ဘုရားသခင်က ရဟန်းတို့ ... ဝါတွင်းအခါ၌ ဒေသစာရီ မလှည့်လည်ရဘူးဟူ၍ ငါဘုရား ပညတ်တော်မူလျက် အဘယ့်ကြောင့် ခရီးထွက်လာကြသနည်းဟု မေးတော်မူလျှင် ထိုရဟန်းတော်တို့သည် အလုံးစုံသော အကြောင်းခြင်းရာကို လျှောက်ထားကြကုန်၏။

ဘုရားသခင် သည် ဆင်ခြင်တော်မူကာလ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ခြေလေးချောင်းရှိသော ထိုင်ခုံတစ်ခု ချလောက်ရုံမျှသော နေရာသည် ထိုရဟန်းတော်များအား လျောက်ပတ်သင့်တော်သည် မရှိ၍ မြင်တော်မမူ ချေ။ ရဟန်းတို့နေခဲ့သော တောအုပ်သည်သာလျှင် ထိုရဟန်း ၅၀၀ တို့နှင့် လျှောက်ပတ်သည်ကို မြင်တော်မူသဖြင့် ...

အို ... ချစ်သားတို့၊ သင်ချစ်သားတို့အား အခြား သင့်တော်လျောက် ပတ်သော နေရာကို ငါဘုရား မြင်တော်မမူ၊ ထိုတောအုပ်သို့ပင် ပြန်သွား ကြပြီးလျှင် အာသဝေါ ကင်းငြိမ်းအောင် ရဟန်းတရားကို အားထုတ်ကြ လေကုန်၊ အကယ်၍ နတ်တို့ ခြောက်လှန့်သောဘေးမှ ကင်းလွတ်ခြင်းငှာ အလိုမရှိကြကုန်မူကား ဤပရိတ်တရားတော်ကို သင်ယူ၍ သွားကြကုန်၊ ဤပရိတ်တော်သည် သင်ချစ်သားတို့အား ဘေးဆီး ရန်ကာလည်း ဖြစ်၍ ကမ္မဋ္ဌာန်းလည်း ဖြစ်ပေလတ္တံ့ဟု မိန့်တော်မူ၍ ဤမေတ္တသုတ်ကို ဟော ကြားတော်မူ၏။

မေတ္တသုတ် နိဒါန်း ပြီး၏။

## ၆။ ဂါထာ အဖွင့်များ

### (၁) ပဌမ ဂါထာ အဖွင့်

ဤဒသနာတော်၏ အဓိပ္ပာယ်ကို ပြဆိုလတ္တံ့သောအတိုင်း မှတ်အပ်၏။

ကရဏီယ မတ္ထ ကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။

ဖြင့် မိမိ၏ လောကီ၊ လောကုတ္တရာ၊ ပစ္စုပ္ပန်၊ သံသရာ ကောင်းကျိုးစီးပွားကို လိုလားသောသူသည် ဘုရားစသော အရိယပုဂ္ဂိုလ်တို့ ရအပ် ရောက်အပ်သော ငြိမ်းအေးချမ်းသာခြင်း သဘောရှိသော နိဗ္ဗာန်ကို ကိလေသာညဏ်ဖြင့် ကပ်ရောက်သိမြင်၍ နေလိုလျှင် တစ်နည်း မဂ်ညဏ်၊ ဖိုလ်ညဏ်တို့ဖြင့် မျက်မှောက်ထင်ထင် သိမြင်လိုသော ပုဂ္ဂိုလ်သည် ဤဆိုလတ္တံ့သောအတိုင်း လိုက်နာပြုလုပ် အားထုတ်ရမည်ကို ပြတော်မူ၏။

### ပြုလုပ်သင့် မပြုလုပ်သင့်သော အမှု

နိဗ္ဗာန်ချမ်းသာတည်းဟူသော မိမိ အကျိုးစီးပွား၌ လိမ္မာသောသူသည် ...

၁။ လိုက်နာပြုလုပ် အားထုတ်အပ်သော အမှု။

၂။ မလိုက်နာ၊ မပြုလုပ်၊ မအားထုတ်အပ်သော အမှု။

ဟူ၍ နှစ်မျိုးရှိလေသည်။ ထိုနှစ်မျိုးတို့တွင် ...

၁။ အကျဉ်းအားဖြင့် သိက္ခာ သုံးပါး အပေါင်းသည် လိုက်နာပြု လုပ် အားထုတ်အပ်သော အမှုမည်၏။

၂။ သီလ ဝိပ္ပတ္တိ–သီလပျက်မှု၊ ဒိဋ္ဌိ ဝိပ္ပတ္တိ–အယူအမြင်ပျက်မှု၊ အာစာရ ဝိပ္ပတ္တိ–ကိုယ်ကျင့်တရား ပျက်မှု၊ အာဇီဝ ဝိပ္ပတ္တိ–အသက်မွေး မကောင်းမှု အသက်မွေးပျက်မှု စသည်သည် အားမထုတ်အပ်သော၊ မပြု လုပ်အပ်သော အမှုမည်၏။

၁။ မိမိ၏ အကျိုးစီးပွားၶ လိမ္မာနားလည်ခြင်း၊

၂။ မလိမ္မာ နားမလည်ခြင်း၊

ဟူ၍လည်း နှစ်မျိုးပင်ရှိ၏။ မိမိအဖို့တွက် အကျိုးကျေးဇူးကို ရလိုယူလိုသော်လည်း ယူတတ်မှရသည်၊ မယူတတ်က မရပေ။ ရကြောင်း ကို မပြုလုပ်လျှင် ရလိုလျက် ယူလိုလျက် မရဘဲ ရှိတတ်သည်။

## မရှာမှီးသင့်သော အနေသန ၂၁–ပါး

အဋ္ဌကထာ၌ ရဟန်းတော်များအား ရည်ညွှန်း၍ ဖွင့်ဆိုသည်မှာ အကြင်ပုဂ္ဂိုလ်သည် ဘုရားရှင်၏ သာသနာတော်တွင်း၌ ရှင်ရဟန်းပြုနေ လျက် မိမိကိုယ်ကို ကောင်းမှု၌ မယှဉ်စေဘဲ သီလကျိုးမှုကိုပြု၏။ ၂၁– ပါးသော အနေသနတည်းဟူသော မရှာမှီးသင့်သော နည်းဖြင့် ရှာမှီး၍ အသက်မွေးမှုကို ပြု၏။

အနေသန ၂၁–ပါးဆိုသည်မှာ ...

၁။ ဝါး ပေးခြင်း၊

၂။ သစ်ရွက် ပေးခြင်း၊

၃။ သစ်သီး ပေးခြင်း၊

၄။ ပန်း ပေးခြင်း၊

၅။ ဒန်ပူ ပေးခြင်း၊

၆။ မျက်နှာသစ်ရေ ပေးခြင်း၊

၇။ ချိုးရေ ပေးခြင်း၊

၈။ ရေချိုးဆပ်ပြာ ပေးခြင်း၊

၉။ မြေညက် ပေးခြင်း၊

၁၀။ ချစ်ဖွယ်သောစကားကို ပြောခြင်း၊

၁၁။ မှန်သော စကားနည်း၍ မမှန်သော စကားကို များများပြောခြင်း၊

၁၂။ လာဘ်ကိုမျှော်၍ ဒကာတို့၏ ကလေးကို ပိုက်ထွေးချီပွေ့ခြင်း၊ အဝတ်အစား ဝတ်ဆင်ပေးခြင်း စသည်ဖြင့် ထိန်းရခြင်း၊

၁၃။ ဒကာတို့ စေခိုင်းသောအမှုကို ခြေဖြင့်သွားလာဆောင်ရွက်ခြင်း၊

၁၄။ ဆေးကုခြင်း၊

၁၅။ သတင်းစကား အမှာစကားကို အသွားအပြန် ယူဆောင်ပြောကြားခြင်း၊

၁၆။ စေခိုင်းသော ဒကာတို့၏ ထိုထိုကိစ္စ အားထုတ်ဆောင်ရွက်ခြင်း၊

၁၇။ ဆွမ်းပေးခြင်း၊

၁၈။ အိမ်ရာမြေ စသည်နှင့် စပ်သော ဗေဒင်ဟောခြင်း၊

၁၉။ လယ်ယာမြေနှင့်စပ်သော ဗေဒင်ဟောခြင်း၊

၂၀။ နက္ခတ်ဗေဒင် ဟောခြင်း၊

၂၁။ လူရုပ် လက္ခဏာကိုကြည့်၍ အင်္ဂဝိဇ္ဇာနည်းမျိုးဖြင့် ဟောခြင်း၊

[ဤ ၂၁-ပါးတို့တည်း။ ပစ္စည်းလေးပါးကို မအပ်မရာ မရှာမှီးသင့်သော ဤနည်းမျိုးဖြင့် မရှာမှီးကောင်းသော အရာ ၂၁-မျိုး ဆိုလိုသည်။]

## သတိပြုဖွယ်

ဤမေတ္တသုတ်ကို ရဟန်းတော် ၅၀၀-တို့အား အကြောင်းပြုအမှူးထား၍ ဟောကြားတော်မူသည်ဖြစ်၍ ရဟန်းတော်များနှင့်ဆိုင်ရာကို

အဋ္ဌကထာဆရာ ဖွင့်ဆိုတော်မူသည်။ စင်စစ်ကား ဤသုတ္တန်၏ အကျိုးကျေးဇူးကို ရဟန်းတော်များသာမဟုတ်၊ သုတ္တန်၌ ညွှန်ကြားအပ်သော ကျင့်ဝတ် ပဋိပတ်တို့ကို လိုက်နာပြုလုပ်သော ရှင်လူမရွေး ပုဂ္ဂိုလ်တိုင်း ရရှိခံစားအပ်သောကြောင့် လူများမှာလည်း လူအလျောက်၊ မိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ သမ္မာအာဇီဝဖြစ်စေရန် သတိပြုသင့်ကြပေသည်။

ဥပါသကာဖြစ်သော ဒကာ, ဒကာမဟူသမျှသည် မိမိတို့ကိုယ်တိုင်လည်း မိစ္ဆာဇီဝ, မိစ္ဆာစာရမှ ကင်းလွတ်ကြ၍ မိမိတို့ ကိုးကွယ်ဆည်းကပ်၍ ပစ္စည်းလေးပါးဖြင့် လှူဒါန်းချီးမြှောက်အပ်သော သံဃာတော်များသည်လည်း အာဇီဝပါရိသုဒ္ဓိသီလနှင့် ပြည့်စုံတော်မူကြစေရန် အလေးပြုထိုက်ကြပေသည်။

များစွာသော သံဃာတော်တို့သည် မူလက သဒ္ဓါပဗ္ဗဇိတဖြစ်၍ မိမိတို့၏ သီလကို ချစ်ကြစောင့်ရှောက်ကြပါလျက် ဒကာ ဒကာမများသာသနာ ဗဟုသုတ နည်းပါးသည့်အတွက် အချို့ ရဟန်းတော်များ၏ သီလသည် ညစ်နွမ်းကြရလေသည်။ သံဃာတော်များ၏ သီလ ညှိုးနွမ်းလျှင် ထိုသံဃာတော်ကို အမှီပြု၍ ကောင်းမှုကိုဖြစ်စေ ပွားစေလျက် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်ချမ်းသာကို လိုလားတောင့်တကြသော ဒကာ ဒကာမတို့၏ အဘယ်မှာလျှင် စိတ်တိုင်းကျ ချမ်းသာကို ရနိုင်အံ့နည်း။

အချို့မှာ အရင်းရှုံးသော ကုန်သည်တို့ကဲ့သို့ ကောင်းမှုအရင်းပင် ရှုံးတန်က ရှုံးကြရလိမ့်ဦးမည်သာတည်း။ သို့ဖြစ်၍ ဒကာ ဒကာမများက မိမိတို့ကြောင့် မိမိတို့နှင့်တကွ သံဃာတော်များပါ ကောင်းကျိုးနစ်ချက် မပျက်ကြစေရန် အထူးသတိပြုသင့်ကြသည်၊ ပြုကြပါဟုလည်း တိုက်တွန်းလိုသည်။

## မကျက်စားသင့်သော အ ဂေါစရ ၆-ပါး

မိမိ၏ အကျိုးစီးပွား၌ မလိမ္မာသော ပုဂ္ဂိုလ်သည် မကျက်စားအပ်သော အဂေါစရ ၆-ပါး၌လည်း ကျက်စားမိတတ်သည်။

အဂေါစရ ၆-မျိုးကား ...

၁။ ပြည့်တန်ဆာမအိမ်၌ ဝင်ထွက်သွားလာ ကျက်စားခြင်း၊

၂။ မုဆိုးမအိမ်၌ ကျက်စားခြင်း၊

၃။ အပျိုကြီးအိမ်၌ ကျက်စားခြင်း၊

၄။ ပဏ္ဍုက်အိမ်၌ ကျက်စားခြင်း၊

၅။ ဘိက္ခုနီမထံ၌ ကျက်စားခြင်း၊

၆။ အရက်ဆိုင်၌ ကျက်စားခြင်း၊

ဤ ၆-မျိုးတို့တည်း။

အဂေါစရ မကျက်စားသင့်သော ဌာနတို့၌ မကျက်စားအပ်၊ မကျက်စားထိုက်ဟူ၍ ဆိုလိုရင်းမှာ ပင့်ဖိတ်သဖြင့် တရားဟောသွားခြင်း၊ ပရိတ်ရွတ်သွားခြင်း၊ ဆွမ်းစား၊ ဆွမ်းခံသွားရခြင်း၊ အလှူခံသွားရခြင်းတို့ကို တားမြစ်တော်မူသည်မဟုတ်၊ ရဟန်းတော်များနှင့် မလျော်မလျောက်ပတ်သော အခြင်းအရာတို့ဖြင့် လူပေါ့လူသွမ်းကဲ့သို့ အချိန်မရွေး ဝင်ထွက်သွားလာ ရောထွေးယှက်တင် မြင်သူတို့ အကြည်ညိုပျက်ဖွယ်ရာ ရောနှော ဆက်ဆံခြင်းမျိုးကိုသာ ဆိုလိုရင်းဖြစ်သည်မှာ သိရိမာအိမ်၌ နေ့စဉ် သံဃာတော်များ ဆွမ်းအလှူခံကြွတော်မူသော ဝတ္ထု၊ မုဆိုးမသားအမိအိမ်၌ မဟာမိတ္တထေရ် နေ့စဉ်ကြွ၍ ဆွမ်းအလှူခံသော ဝတ္ထု စသည်တို့ဖြင့် ထင်ရှားပေသည်။

## သတိပြုဖွယ်

လူများသည်လည်း လူ့အလျောက် ပြည့်တန်ဆာမအိမ်၊ အရက်ဆိုင်၊ ထန်းရည်ဆိုင် စသော ယစ်မျိုးဆိုင်၊ ဖဲဝိုင်း၊ ကာလပ်၊ မြင်းပွဲစသော အခြား ပျော်ပွဲဝိုင်း၊ ကစားဝိုင်း အမျိုးမျိုးနှင့်တကွ လူကောင်းတို့၏ ကျင့်ဝတ်သီလကင်းမဲ့သော လူတို့၏နေရာဖြစ်သော အရပ်ဒေသ၊ အိမ် စသည်တို့ကို သွားလာခြင်း၊ ဆက်ဆံပေါင်းသင်းခြင်းမှ ရှောင်ကြဉ်ရမည် သာ ဖြစ်၏။

အကယ်၍ မရှောင်ကြဉ်ဘဲ ဖွတ်ကဲလျက် ဝင်ထွက်သွားလာ ဆက်ဆံပြုမူသော သူသည် ဤဘဝ၌လည်း မိမိကောင်းကျိုး ကျေးဇူးပျက်ပြား၍ သံသရာတစ်လျှောက်လုံးလည်း အညွှန့်တုံးလျက် အကျိုးကျေးဇူး ဆုံးရှုံးမည်ပင်ဖြစ်သည်။ မကျက်စားသင့်သော အဆိုပါ အဂေါစရဌာနများသို့ သွားရောက် ကျက်စားမိ၍ ပျက်ပြားဆုံးရှုံး လူညွှန့်တုံးနေသော လူစုကို ကြည့်၍လည်း ရှောင်ကြဉ်ထိုက်လှပေသည်။

ဘုရားသခင် ဟောကြားတော်မူသော ဝသလသုတ်တွေကို ထုတ်ဖော်ညွှန်ကြားရလျှင် အဂေါစရကို မရှောင်ကြဉ်၍ လူ့အောက်တန်းစား ဖြစ်ကြရပုံ၊ စည်းစိမ်ဥစ္စာ ဉာဏ်ပညာ ပျက်ပြားရပုံတွေ များလှ၏။ သို့ဖြစ်၍ အဂေါစရတို့ကို သတိပြုကာ ရှောင်ကြဉ်ကြရာ၏။

## မရောနှောသင့်သော အချက်

ရဟန်းတော်များသည် အဂေါစရ ၆-မျိုးတို့သာ ရှောင်ကြဉ်ရမည် မဟုတ်သေးချေ၊ မရောနှော မစပ်ယှက်သင့်သော လူတို့၏ ရောနှောပေါင်းသင်းခြင်းဖြင့် မင်းအမတ်၊ တိတ္ထိတပည့်တို့နှင့်လည်း မပေါင်းသင်းရ၊ ရတနာသုံးပါး၌ ယုံကြည်ခြင်းမရှိသော ရဟန်းသံဃာတို့ကို ဆဲရေးတတ်သော ရဟန်း၊ သာမဏေ၊ ဥပါသကာ၊ ဥပါသိကာမတို့၏ အကျိုးစီးပွားကို မလိုလားသော၊ ယောဂ လေးပါးကုန်ခြင်းကို မလိုလားသောသူတို့ကိုလည်း ပေါင်းသင်းဆက်ဆံခြင်းကို မပြုအပ်၊ မပြုအပ်လျက် ပြုလုပ်လျှင် ဤပုဂ္ဂိုလ်သည်လည်း အနတ္ထကုသလ-မိမိ၏ ကောင်းကျိုးစီးပွား၌ မလိမ္မာသောသူဟူ၍ပင် အဋ္ဌကထာဆရာ ဆိုတော်မူ၏။

မိမိ၏ အကျိုးစီးပွားနှင့်တကွ သာသနာတော်၌ ကြည်ညိုယုံကြည်သော ပုဂ္ဂိုလ်တို့၏ အကျိုးစီးပွားကိုလည်း မလိုလား၊ သာသနာတော်၏ ကောင်းကျိုးကိုလည်း မလိုလားသော သူတို့နှင့် အဘယ်မှာလျှင် ရောယှက်ဆက်ဆံထိုက်မည်နည်း။

ဒကာ ဒကာမတို့သည်လည်း မိမိတို့ဆိုင်ရာ အဂေါစရကို ရှောင်

ကြည့်ကြရပေမည်။ အကယ်ပြု မရှောင်ကြဉ်ကြမှုကား မေတ္တာသုတ္တန်လာ ကောင်းကျိုးတရားတို့ကို မရကြရုံသာမက ပရာဘဝသုတ်၌ ဘုရားဟော တော်မူသောအတိုင်း ပျက်စီးကြောင်း ဆင်းရဲကြောင်းလည်း ဖြစ်မည်ကို နှလုံးသွင်းကြရမည်။

## ပရာဘဝသုတ်လာ ပျက်စီးကြောင်းတရား

ဣတ္ထိဓုတ္တော သုရာဓုတ္တော၊
အက္ခဓုတ္တောစ ယော နရော။
လဒ္ဓံ လဒ္ဓံ ဝိနာသေတိ၊
တံ ပရာဘဝတောမုခံ။

ဣတ္ထိဓုတ္တော-မိန်းမလိုက်စားသော၊ သုရာဓုတ္တော-သေစာသောက် စားသော၊ အက္ခဓုတ္တော-ကစားခုံစားသော၊ ယော နရော-အကြင်သူသည်၊ လဒ္ဓံ လဒ္ဓံ-ရှာဖွေ၍ ရတိုင်းရတိုင်းသော ဥစ္စာပစ္စည်းကို၊ ဝိနာသေတိ- ပျက်စီးကုန်ခန်းစေ၏။ တံ ဝိနာသနံ-ထိုထိုရသမျှကို ကုန်ကျ ခန်းခြောက် စေခြင်းသည်၊ ပရာဘဝတော မုခံ-ဤဘဝ, နောက်ဘဝ အရင်းမရှဘဲ ဆုံးရှုံးပျက်ပြားခြင်း၏ အကြောင်းပေတည်း။

သို့ဖြစ်၍ ဒကာ ဒကာမများသည်လည်း မိမိတို့ဆိုင်ရာ အင်္ဂါစရ တို့ကို ဝေးဝေးက ရှောင်ကြဉ်အပ်လှပေသည်။

## ဖြည့်ကျင့်သင့်သော သီလ လေးပါး

အကြင်ရဟန်းသည်ကား ရှင် ရဟန်းပြု၍ ရဟန်းတရားကို ကောင်း စွာ အားထုတ်၏။ အနေသန ၂၁-ပါးတို့ကို ပယ်၍ စတုပါရိသုဒ္ဓိသီလ၌ တည်လိုသဖြင့် ...

၁။ သဒ္ဓါကို အဦးပြု၍ ပါတိမောက္ခ သံဝရ သီလကို ဖြည့်ကျင့် ၏။

၂။ သတိကို အဦးပြုသဖြင့် ဣန္ဒြိယ သံဝရသီလကို ဖြည့်ကျင့်၏။

၃။ ဝီရိယကို အဦးပြုသဖြင့် အာဇီဝ ပါရိသုဒ္ဓိ သီလကို ဖြင့်ကျင့်၏။

၄။ ပညာကို အဦးပြုသဖြင့် ပစ္စယ သန္နိဿိတ သီလကို ဖြည့်ကျင့်၏။

ဤရဟန်းသည် "အတ္ထကုသလ–မိမိ၏ ကောင်းကျိုးစီးပွား၌ လိမ္မာသည်" မည်၏။

## ပါတိမောက္ခ သံဝရ သီလ ဖြည့်သင့်ကြောင်း

ဤသီလ လေးပါးကို ဒကာ၊ ဒကာမများသည်လည်း စောင့်ထိန်းသင့်သည်သာဖြစ်၏။ ဆိုဦးအံ့၊ ပါတိမောက္ခသံဝရသီလသည် ရဟန်းတော်များနှင့် ဆိုင်ရာကို ယူလျှင် ၂၂၇–ပါးသော သီလကို ယူရမည်။ လူများနှင့် ဆိုင်ရာကို ယူလျှင် ပဉ္စသီလ စသည်ကို ယူရမည်။

ပါတိ ရက္ခတီတိ ပါတိ၊ ပါတိ မောက္ခေတိ အပါယာဒိ ဒုက္ခေဟိ မောစေတီတိ ပါတိမောက္ခံ ...

ဟူသော ဝစနတ္ထအရ အပါယ် စသော ဆင်းရဲတို့မှ ကင်းလွတ်စေတတ်သော သီလသည် ပါတိမောက္ခဖြစ်သောကြောင့် ပဉ္စသီလ, ဥပေါသထ အဋ္ဌင်္ဂသီလ၊ ဒသင်္ဂသီလတို့သည် ထိုသီလကို စောင့်ထိန်းသော လူတို့အား အပါယ်စသော ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်စေတတ်သည် ဖြစ်ရကား လူတို့၏ ပါတိမောက္ခသံဝရသီလဟူ၍ပင် ဆိုရမည်။

ထို့ကြောင့် လူသည် လူ၏ ပါတိမောက္ခသီလတို့ကို စောင့်ရမည်၊ စောင့်ရှောက်သော်မှသာ အတ္ထကုသလ ဖြစ်မည်။

## ဣန္ဒြိယ သံဝရ သီလ ဖြည့်သင့်ကြောင်း

ဣန္ဒြေကို စောင့်ထိန်းမှုသည် အရေးကြီးသော အချက်ပင်ဖြစ်သည်။ လူများသည် ရဟန်းတော်များကဲ့သို့ သိက္ခာပုဒ်မရှိဟူ၍ စည်းမဲ့ကမ်းမဲ့ အာရုံအထူးထူးကို လိုက်စားလိုသဖြင့် ဣန္ဒြေခြောက်ပါးကို မစောင့်ကြ

သောကြောင့် များစွာသော လူတို့သည် အကျိုးစီးပွား ကင်းမဲ့၊ ကြီးပွားရေး ချို့တဲ့၍ ပျက်စီးကြရကုန်၏။ သိက္ခာပုဒ်ဖြင့် ပြ၍ တားမြစ်ဟောကြားတော်မူသည်ထက်ပင် အရေးယူကာ ဣန္ဒြေကို စောင့်ထိန်းသင့်ကြသည်။

## ဣန္ဒြေ မစောင့်မှု အပြစ်များ

၁။ ကေနိပါတ် တေလပတ္တဇာတ်လာ ကုမာရမင်းသား၏ နောက်ပါ လူငါးဦးတို့သည် အသီးအသီး ဣန္ဒြေ ငါးပါးကို မစောင့်ထိန်းမှုကြောင့် အသက်သေဆုံး ကြီးပွားရေး တုံးကြလေသည်။

၂။ သိဝိမင်း စသော သူတို့သည် စက္ခုဣန္ဒြေကို မစောင့်ထိန်းမှုကြောင့် ဆင်းရဲဒုက္ခကို တွေ့ကြရလေသည်။

၃။ ကန်းမ၏လင် ရှင်လူထွက်သည် သောတိန္ဒြေကို မစောင့်ထိန်းမှုကြောင့် ဒုက္ခတွေ့ရလေသည်။

၄။ ပေါရိသာဒမင်းသည် ဇိဝှိန္ဒြေကို မစောင့်ထိန်းမှုကြောင့် ဆင်းရဲဒုက္ခဖြစ်ရသည်။

၅။ ကာယိန္ဒြေ စသည်ကို မစောင့်ထိန်းမှုကြောင့် ဒု၊ သ၊ န၊ သော စသော သတ္တဝါများစွာတို့သည် ပရဒါရကံ စသည်ကို ကျူးလွန်ကြ၍ အပါယ် စသော ဒုက္ခကြီးများကို ခံကြရလေသည်။

၆။ မနိန္ဒြေကို မစောင့်ထိန်းမှုကြောင့် ဘာဂိနေယျသံဃရက္ခိတ ရဟန်းငယ်သည် အရှက်ကြီးစွာ ရဖူးလေသည်။

သို့ဖြစ်၍ ငါတို့သည် သိက္ခာပုဒ် မရှိသော လူတွေပဲဟူ၍ ပေါ့ပေါ့ဆဆ ထင်သလို ဣန္ဒြေကို လွှတ်မထားအပ်ပေ။ အလေးပြု၍ စောင့်ထိန်းအပ်ပေသည်။ စောင့်ထိန်းရမည်သာ ဖြစ်သည်။

## ဣန္ဒြေ မစောင့်မှု အပြစ်ပြ ဥပမာ

ဥပမာ ပြဦးအံ့။ တောင်ကမ်းပါးယံ ကမ်းပါးစောက်ကြီးအထက်၌ ကပ်လျက် လမ်းနှစ်လမ်းကို ဖောက်လုပ်ထားရာ၏။ တစ်ခုသောလမ်း၌

ချောက်ကမ်းပါးကြီးအနီး၌ ရှိသည်ဟု ဆေးဖြူသုတ်သော တိုင်များစိုက်၍ ကျော်လွန် မသွားကြစေရန် အမှတ်အသား ပြထားရာ၏။ တစ်ခုသော လမ်း၌ကား ချောက်ကမ်းပါးကြီး အနီး၌ရှိကြောင်းကို သိစေရန် အမှတ်အသား မထား၊ သတိပေးခြင်း မရှိပေ။

ထိုလမ်း နှစ်လမ်းတွင် အမှတ်အသား ပြထားသော လမ်းပင်ဖြစ်စေ၊ အမှတ်အသား ပြ၍မထားသော လမ်းပင်ဖြစ်စေ သတိမပြုမူ၍ ကျော်လွန် သွားကြလျှင် ချောက်ကမ်းပါးကြီးသို့ ကျမည်သာဖြစ်သည်။ အမှတ်အသား အတားအဆီး မရှိသော လမ်းဘက်က ချောက်ကမ်းပါးသို့ကျရန် သာ၍ပင် နီးလေသည်။

ဤဥပမာ၌-

အမှတ်အသားသည် ဣန္ဒြိယသံဝရသီလနှင့် တူသည်။ ရဟန်းတော်များ၌ ဤဣန္ဒြိယသံဝသီလတည်းဟူသော ဆေးဖြူသုတ် မှတ်တိုင်များရှိသောကြောင့် ဤတိုင်ကို ကျော်လွန်မိက ချောက်ကမ်းပါးတည်းဟူသော ဆင်းရဲတွင်း ဆင်းရဲချောက်သို့ကျလိမ့်မည်ဟု သတိပြုနိုင်၍ ရှောင်ကြဉ်ဖို့လွယ်၏။ လူများ၌ ဣန္ဒြိယသံဝရသီလတည်းဟူသော မှတ်တိုင်မရှိဟုထင်၍ သတိလွတ်ကင်းစွာ အမှတ်မဲ့နေကြလျှင် မှတ်တိုင်မရှိသော လမ်း၌ သတိကင်းစွာနှင့် နမော်နမဲ့ သွားကြသဖြင့် ချောက်ကမ်းပါးကြီးသို့ ရောက်၍ ဆင်းရဲဒုက္ခရောက်သောသူနှင့် တူပေလိမ့်မည်။

## ဣန္ဒြေ စောင့်မှု အကျိုး

ဥပမာ တစ်နည်းမှာ တစ်ဖက်တွင် နက်စွာသော ချောက်ကမ်းပါးရှိသော လမ်းနံဘေးတွင် ချောက်ကမ်းပါးရှိသည်။ မော်တော်ကားများ တစ်ဖက်သို့ ကပ်၍ သတိနှင့် ဖြည်းဖြည်းသွားရမည်ဟု မှတ်တိုင်စိုက်၍ သတိပေးထားရာ၏။ ထိုလမ်း၌ အမှန်အားဖြင့် မော်တော်ကားများသာလျှင် သတိနှင့် ဖြည်းဖြည်းသွားရမည်မဟုတ်။ လှည်းများ၊ မြင်းရထားများလည်း သတိနှင့် ဖြည်းဖြည်း မောင်းသွားကြမှ ချောက်ကမ်းပါးသို့ အကျလွတ်ကင်းပေမည်။

ဤဥပမာအတူ–

ရဟန်းတော်များကိုသာ တိုက်ရိုက်အားဖြင့် ဣန္ဒြိယသံဝရသီလ စသော သီလလေးပါးကို ဟောကြားတော်မူသော်လည်း ထိုသီလများကို လူများသည်လည်း စောင့်ရှောက်သော်မှသာ ချောက်ကမ်းပါးတည်းဟူသော အပါယ်စသော ဆင်းရဲသို့ ကျရောက်ခြင်းမှ လွတ်ကင်းပေမည်။ သို့ကြောင့် ဣန္ဒြိယသံဝရသီလကို လူများလည်း စောင့်သင့် စောင့်ထိုက်ကြပေသည်။

ဣန္ဒြေငါးပါးကို စောင့်ထိန်းသောကြောင့် ကုမာရမင်းသားသည် တောလမ်းခရီး၌ ဘီလူးမများ အာရုံငါးပါးဖြင့် ဖြားယောင်း သွေးဆောင်၍ သတ်ဖြတ်စားသောက်ခံရခြင်းဘေးမှ ကင်းလွတ်ချမ်းသာ၍ တက္ကသိုလ်ပြည်၌ ဘုရင်စည်းစိမ် ချမ်းသာကြီးကို ရရှိခံစံရလေသည်။

မနိန္ဒြေကို စောင့်ထိန်းနိုင်သောကြောင့် ဘာဂိနေယျ သံဃရက္ခိတရဟန်းငယ်သည်ပင်လျှင် နောက်၌ သောတာပန်အဖြစ်သို့ ရောက်လေသည်။

## အာဇီဝ ပါရိသုဒ္ဓိ သီလ ဖြည့်သင့်ကြောင်း

အာဇီဝပါရိသုဒ္ဓိသီလသည်လည်း ရှင် လူမခြား စောင့်စည်းဖြူစင်စေအပ်သော သီလဖြစ်သည်။ မကောင်းမှုဖြင့် မကောင်းသော အလုပ်ဖြင့် မိမိကိုယ်ကို မမွေးမြူခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလဖြစ်သည်။

မကောင်းသော အလုပ်အကိုင် အရောင်းအဝယ်ဖြင့် အသက်မွေးဝမ်းကျောင်းမှုကို ပြုလုပ်ကြသောသူတို့တွင် အချို့ချမ်းသာကြ၏။ မကောင်းမှုကို ပြုနေလျက် ချမ်းသာသောသူတို့ကို အတုယူအားကျ၍ မကောင်းမှုသည် အပြစ်မရှိ၊ ကောင်းကျိုးချမ်းသာကိုပင် ပေးသကဲ့သို့ ထင်မြင်ယူမှားတတ်၏။ ထိုအယူသည် စင်စစ် အမှားသာလျှင်တည်း။

မကောင်းမှုသည် တစ်နေ့၌ မကောင်းကျိုးကိုသာလျှင် ပေးမြဲဖြစ်၏။ ကောင်းမှုသည်သာလျှင် ကောင်းကျိုးကို ပေး၏။ မကောင်းမှုသည်

အကျိုးပေးချိန် မရောက်သေး၍ မကောင်းကျိုးကို မပေးခြင်းမျှသာ ဖြစ်သည်။

## ဓမ္မပဒ လာ မကောင်းမှု အကျိုးပေးချိန်

**မဓုဝ မညတိ ဗာလော၊**
**ယာဝ ပါပံ န ပစ္စတိ။**
**ယဒါ စ ပစ္စတိ ပါပံ၊**
**ဗာလော ဒုက္ခံ နိဂစ္ဆတိ။**

**ဗာလော**–မကောင်းကျိုး ကောင်းကျိုးကို မမြင်၍ မကောင်းမှုကို ပြုသော လူမိုက်သည်၊ **ယာဝ**–အကြင်ရွေ့လောက်သော ကာလပတ်လုံး၊ **ပါပံ**–မကောင်းမှုကံကို၊ **မဓုဝ**–နှစ်သက်သာယာဖွယ် အလုပ်ကိုကဲ့သို့၊ **မညတိ**–စိတ်၌ထင်မြင်၏၊ **ယဒါ စ**–အကြင်အကျိုးပေးရန် အချိန်တန်သော အခါ၌ကား၊ **ပါပံ**–မကောင်းမှုကံသည်၊ **ပစ္စတိ**–မကောင်းကျိုးကို ပေးလေတော့၏၊ **တဒါ**–ထိုအခါ၌၊ **ဗာလော**–လူမိုက်သည်၊ **ဒုက္ခံ**–ဆင်းရဲကြီးစွာကို၊ **နိဂစ္ဆတိ**–ရလေ၏။

ဤဓမ္မပဒ စသော ပါဠိတော်များဖြင့်လည်း မကောင်းမှုကံသည် အချိန်တန်လျှင် မကောင်းကျိုးကိုသာလျှင် ပေးကြောင်းသည် ထင်ရှား၏။ မကောင်းမှုကို ပြုလုပ်နေစဉ် ဖြစ်လျက် ချမ်းသာကို အချို့ရကြသည်မှာ ယခုပြုဆဲ မကောင်းမှုကံ၏ အကျိုးမဟုတ်ပေ။ လွန်လေပြီးသော ကာလ၊ လွန်လေပြီးသော ဘဝတို့က ထိုသူပြုလုပ်ခဲ့ဖူးသော ကောင်းမှုကံဟောင်းတို့၏ ကောင်းကျိုးများသာ ဖြစ်သည်ကို မှတ်သားရမည်။

အဇာတသတ်မင်းသားသည် ခမည်းတော်ဖြစ်သော သောတာပန် အရိယာ ပုဂ္ဂိုလ်ကို သတ်မိလျက် မင်းအဖြစ်သို့ရောက်၍ လူမင်းစည်းစိမ် ချမ်းသာကို ခံစံရသော်လည်း အနန္တရိယကံ အကျိုးပေးချိန် တန်သောအခါ မိမိသားက သတ်ခြင်း၍ကို ခံရ၍ လောဟကုမ္ဘီငရဲသို့ ကျရလေသည်။ သို့ကြောင့် မကောင်းမှုကို ပြုလုပ်သော်လည်း အပြစ်မရှိ၊ မကောင်းကျိုးကို

မခံရဟူ၍ မိစ္ဆာအယူကိုမယူဘဲ ရှောင်လွှဲ၍ သမ္မာဒိဋ္ဌိစစ်စစ် ဖြစ်ကြရအောင် သတိဆောင်ရမည်။

## ပစ္စယ သန္နိဿိတ သီလ ဖြည့်သင့်ကြောင်း

ပစ္စယသန္နိဿိတသီလသည်လည်း လူတို့၌ တည်ရှိထိုက်သော သီလဖြစ်၏။ အဓိပ္ပာယ်လည်း ကျယ်ဝန်းစွာ၏။ ချဲ့ချင်တိုင်း ကျယ်မည့် သီလတည်း။ သို့ရာတွင် ဤသီလသည် လူဝတ်ကြောင် ဒကာ၊ ဒကာမတို့ လိုက်နာအပ် ဆင်ခြင်အပ်သော သီလဖြစ်သည်ကို သိသာရုံမျှသာ ရေးအံ့။

ရဟန်းတော်များသည်ကား ...

၁။ ဆွမ်းစားသည့်အခါ ဆွမ်းလုတ်တိုင်း ဆွမ်းလုတ်တိုင်း ဖြစ်စေ၊ တစ်နေ့၌ အနည်းဆုံး သုံးကြိမ်အောက် မနည်းဖြစ်စေ၊ ဤဆွမ်းဘောဇဉ်တို့ကို စားခြင်းသည် ခန္ဓာကိုယ်ခိုင်ခံ့၍ ဓာတ်လေးပါး မျှတလျက် ဘုရားရှင်၏ သာသနာတော်၌ နိဗ္ဗာန်ရောက်ကြောင်း မြတ်သော ရဟန်းတရားကို အားထုတ်ခြင်းငှာသာလျှင် စားသောက်သုံးဆောင်ပါသည် စသည်ဖြင့် ဆင်ခြင်ရ၏။

၂။ သင်္ကန်းပစ္စည်းကိုလည်း ပြင်၍ဝတ်တိုင်း ရုံတိုင်းဖြစ်စေ၊ တစ်နေ့အဖို့၌ သုံးကြိမ်အောက်မနည်း ဖြစ်စေ၊ အအေး၊ အပူ၊ မှက်၊ ခြင် စသည်တို့ အန္တရာယ်ကို ပယ်ဖျောက်ခြင်းငှာ လည်းကောင်း၊ အရှက်ကို ဖျက်ဆီးတတ်သော အင်္ဂါကို ကာကွယ်စေခြင်းငှာ လည်းကောင်း ဝတ်ရုံသုံးဆောင်ပါသည် စသည်ဖြင့် ဆင်ခြင်ရ၏။

၃။ ကျောင်းပစ္စည်းကိုလည်း ဆင်းတိုင်း တက်တိုင်းဖြစ်စေ၊ တစ်နေ့လျှင် အနည်းဆုံး သုံးကြိမ်အောက် မနည်းဖြစ်စေ၊ အပူ၊ အအေး၊ မြွေ၊ ကင်း၊ မှက်၊ ခြင် စသော အန္တရာယ်တို့မှ ကင်းလွတ်စေခြင်းငှာ နေထိုင်သုံးဆောင်ပါ၏ စသည်ဖြင့် ဆင်ခြင်ရ၏။

၄။ သွေးဆေး၊ ငန်းဆေး စသော ဆေးကို စွဲကပ်သော ရောဂါဝေဒနာ ပျောက်ကင်းချမ်းသာစေရန် မှီဝဲသုံးဆောင်ပါ၏ စသည်ဖြင့်

ဆင်ခြင်ရ၏။ ဤသို့ ဆင်ခြင်သော အလေ့အကျင့်ကို ပစ္စယသန္နိဿိတ သီလဟု ဆိုသည်။

## ဆွမ်းကို မှီ၍ ရဟန္တာဖြစ်သူ အရှင်မဟာမိတ္တမထေရ်

မဟာမိတ္တထေရ်သည် မိမိအား သားရင်း ရဟန်းအဖြစ်ဖြင့် အာရုံပြု၍ ဆွမ်းကပ်လှူနေသော ဟင်းရွက်ခူး၍ အသက်မွေးရသော ဥပါသိကာမကြီးအိမ်သို့ ဆွမ်းခံကြွတော်မူရာ အိမ်အနီးသို့ရောက်လျှင် ဟင်းရွက်ခူးသွားအံ့ဆဲဆဲဖြစ်သော ဥပါသိကာမကြီးက သမီးဖြစ်သူအား မှာထားသောစကားသံကို ကြား၍ ရပ်တန့်နားထောင်ရာ ...

သမီး ... သင့်မောင် ကြွတော်မူလာလျှင် ဟိုအိုးထဲမှာ ဆန်ဟောင်းရှိတယ်၊ ဟိုမှာ ထောပတ်ရှိတယ်၊ နွားနို့ရှိတယ်၊ တင်လဲရှိတယ်၊ အဲ့ဒါတွေနှင့် ချက်ပြုတ်ဆက်ကပ်ပြီး သမီးလည်းပဲ စားလေ၊ အမေကတော့ မနေ့က ကျန်တဲ့ ထမင်းကြမ်းကို ပုန်းရည်နှင့်ဖျော်၍ စားပြီးပြီဟု ပြော၏။

နေ့ပြန်လာတော့ အမေ ဘာကိုစားမလဲဟု သမီးက ပြန်မေးလျှင် ဆန်ကွဲကို ဟင်းရွက်နှင့် ရော၍ အမ္ဗိလယာဂုသာ ကျိုထားလိုက်တော့ဟု မှာသံကို မဟာမိတ္တထေရ် ကြားကာ ...

အချင်းမိတ္တ ... နားထောင်စမ်း၊ ဥပါသိကာမ ကြီးသည် မိမိကိုယ်တိုင်မူကား နံနက်စောစောအတွက် ညကကြွင်းကျန်၍ သိုးလေပြီးသော ထမင်းကြမ်းကို ပုန်းရည်နှင့် စားသည်၊ နေ့စာကိုလည်း ဟင်းရွက်နှင့်ရောသော ဆန်ကွဲယာဂုကို စားသောက်မည်တဲ့၊ သင့်အားမူကား ဆန်ဟောင်း၊ ထောပတ်၊ နွားနို့၊ တင်လဲ စသည်တို့နှင့် ချက်ပြုတ်ကပ်လှူရန် မှာထားလေသည်။ ယင်းသို့လျှင် သင့်အတွက် ကောင်းရာရာတို့ကို မှာထားကျွေးမွေးလှူဒါန်းစေခြင်းသည် သင့်ကိုအကြောင်းပြု၍ လယ်၊ ယာ၊ မြေ၊ အဝတ်အစား စသည်တို့ကို မျှော်လင့်တောင့်တသည် မဟုတ်၊ သူတောင့်တသည်ကား လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကိုသာလျှင် တောင့်တခြင်းဖြစ်သည်။ သင်သည် ဥပါသိကာမကြီး တောင့်တသော ကောင်းကျိုး

တို့ကို ပေးနိုင်ပါမည်လော၊ ပေးနိုင်သော ဒက္ခိဏေယျ အလှူခံဖြစ်နိုင်ပါမည်လော၊ သင်သည် ရာဂမကင်းသေးဘဲ ဒေါသမကင်းသေးဘဲ၊ မောဟမကင်းသေးဘဲ ဤဥပါသိကာမကြီး၏ ဆွမ်းကို အလှူခံယူ စားသောက်ခြင်းငှာ မထိုက်သေးပေဟုမိမိကိုယ်ကို မိမိ ဆုံးမ၍ နေရင်းဖြစ်သော ကဿပလိုဏ်သို့ ပြန်လျက် သပိတ်သင်္ကန်း တို့ကို သိမ်းဆည်းလျှင် အရဟတ္တဖိုလ်သို့ မရောက်မခြင်း မထွက်ဘူးဟူ၍ ဝီရိယကို ဆောက်တည်လျက် ရဟန်းတရားကို နှလုံးသွင်း နေတော်မူ၏။

ကာလကြာမြင့်စွာကပင် ရဟန်းတရား၌ မမေ့မလျော့ နေတော်မူသော ပုဂ္ဂိုလ်ဖြစ်၍ မွန်းမတည့်မီ နံနက်ခင်း၌ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်ရာ ပွင့်သစ်စ ပဒုမ္မာကြာပန်းကဲ့သို့ ရွှင်လန်းကြင်လင်သော မျက်နှာတော်ဖြင့် ပြုံးတော်မူလျက် လိုဏ်မှထွက်တော်မူလျှင် လိုဏ်ဝ၌ ပေါက်သော သစ်ပင်မှ ရက္ခစိုးနတ်သည် ...

နမော တေ ပုရိသာဇည၊
နမော တေ ပုရိသုတ္တမ။
ယဿ တေ အာသဝါ ခီဏာ၊
ဒက္ခိနေယျော သိ မာရိသ။

ပုရိသာဇည–အာဇာနည်ယောကျာ်းဖြစ်တော်မူသော အရှင်ဘုရား၊ တေ–အရှင်မြတ်အား၊ နမော–ရှိခိုးပါ၏၊ ပုရိသုတ္တမ–ယောကျာ်းမြတ်ဖြစ်တော်မူသော အရှင်ဘုရား၊ တေ–အရှင်မြတ်အား၊ နမော–ရှိခိုးပါ၏၊ ယဿ တေ–အကြင်အရှင်မြတ်၏၊ အာသဝါ–အာသဝေါတရားတို့သည်၊ ခီဏာ–ကုန်ခန်းပါကုန်ပြီ၊ မာရိသ–အရှင်မြတ်၊ တွံ–အရှင်မြတ်သည်၊ ဒက္ခိနေယျော–အလှူခံထိုက်သော ပုဂ္ဂိုလ်သည်၊ အသိ–ဖြစ်တော်မူပါပြီ။

[ရဟန်းတော်များ နည်းယူဆင်ခြင်ထိုက်သော ဆင်ခြင်နည်းဖြစ်၏။]

ဥပါသိကာမကြီး ဟင်းရွက်ခူးရာမှ ပြန်လာ၍ မဟာမိတ္တကိုယ်တော်ကြွလာတော်မူရဲ့လား၊ ဆွမ်းကပ်လှူလိုက်ရဲ့လားဟု သမီးကိုမေးလျှင် ...

ကြွလာတော်မူပါသည်၊ ကပ်လျှလိုက်ပါသည်၊ ယနေ့ အရှင်မြတ်၏ ဣန္ဒြေတော်သည် အလွန်ကြည်လင်ပါသည်၊ မျက်နှာတော်သည်လည်း ကြွေကျစ ထန်းသီးမှည့်အဆင်းကဲ့သို့ ဝါဝင်းတောက်ပ၍ ကြွသွားပါသည် စသည်ဖြင့် သမီးကပြောရာ။

ယနေ့ ငါသားသည် ရဟန်းကိစ္စပြီးပြီဟု ဆင်ခြင်တတ်သောဉာဏ်ဖြင့် သိ၍ သမီး ... သင့်မောင်ဟာ သာသနာတော်မှာ မပျင်းတော့ဘူးဟု ပြောလေ၏။

[ဒကာ ဒကာမများသည် ဥပါသိကာမကြီးကဲ့သို့ ဉာဏ်နှင့်ယှဉ်၍ သာသနာတော်ကို အားပေးတတ်စေရမည်။]

## လူတို့၏ ပစ္စယ သန္နိဿိတ သီလ

ဒကာ ဒကာမတို့မှာလည်း ...

စားသောက်ဖွယ်တို့ကို စားသောက်သည့်အခါတိုင်း စားသောက်ဖွယ် အာဟာရတို့၌ တဏှာလောဘကို မဖြစ်စေဘဲ ခန္ဓာကိုယ် ခိုင်ခံ့ရဲ၊ အားအင်ပြည့်ရဲ၊ မျှတရဲ သာသနာတော်နှင့် ကြုံကြိုက်သည့် အခါ၌ ဒါန စသော နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုကုသိုလ်ကို ရနိုင်သမျှ အားထုတ်နိုင်ရဲ၊ သီလသိတင်း ဖြည့်တင်းနိုင်ရဲ၊ စွမ်းနိုင်သမျှ သမထ ဝိပဿနာ ဘာဝနာတို့ကို အားထုတ်နိုင်ရဲ၊ ပြဆိုခဲ့သော ဒါန စသော သူတော်ကောင်း ကျင့်ဝတ်တရား နိဗ္ဗာန်ရကြောင်း တရားတို့ကို အားထုတ်ခွင့် ရရေးအတွက် သမ္မာအာဇီဝဖြင့် ပရိယေသန ဝမ်းစာကို ရှာမှီးနိုင်ရဲ သာလျှင် ဤစားသောက်ဖွယ် ထမင်းစသော ခဲဖွယ်ဘောဇဉ်တို့ကို ငါစားသည် စသည်ဖြင့် ဆင်ခြင်အပ်၊ ဆင်ခြင်ထိုက်၏။

## စက်ဆုပ်ဖွယ် ဆင်ခြင်နည်း

တစ်နည်းအားဖြင့် အာဟာရ၌ တဏှာလောဘ ခေါင်းပါးစေရန် ဤထမင်းစသော စားသောက်ဖွယ်သည် ခံတွင်းသို့ ရောက်လျှင်ပင် ခွေး

အံဖတ်ပမာ ရွံ့ရှာစက်ဆုပ်ဖွယ်ဖြစ်၍ စင်စစ် နှစ်သက်သာယာဖွယ် ဝတ္ထု မဟုတ်ချေ စသည်ဖြင့် ပဋိကူလ မနသိကာရဖြင့်လည်း ဆင်ခြင်အပ်၏။

## ဓာတ်လေးပါး ရှစ်ပါး ဆင်ခြင်နည်း

၁။ စားအပ်သော ခဲဖွယ်ဘောဇဉ်၌ ခက်မာသော သဘောသည် ပထဝီဓာတ်ပေတည်း။

၂။ အစိုင်အခဲဖြစ်ရန် ဖွဲ့စည်းသော သဘောသည် အာပေါဓာတ် ပေတည်း။

၃။ ကျေကျက်စေသော သဘောသည် တေဇောဓာတ်ပေတည်း။

၄။ ဖောအောင်၊ ပွအောင်၊ ရွအောင်၊ တွန်းကန်တတ်သော သဘော သည် ဝါယောဓာတ်ပေတည်း။

၅။ ထမင်းဟင်းတို့၏ အရောင်အဆင်းသည် ဝဏ္ဏဓာတ်ပေတည်း။

၆။ အနံ့သည် ဂန္ဓဓာတ်ပေတည်း။

၇။ ချို၊ ချဉ် စသော အရသာသည် ရသဓာတ်ပေတည်း။

၈။ အာဟာရဇရုပ်ကိုဆောင်သော သဘောသည် ဩဇာဓာတ်ပေ တည်း။

ဟု ဓာတ်လေးပါး၊ ဓာတ်ရှစ်ပါးတို့ဖြင့်လည်း ဆင်ခြင်ရမည်။ ရှေးသူတော်ကောင်းကြီးများသည်လည်း ဆင်ခြင်လေ့ရှိကြပေသည်။ ဤ နည်းတို့ကား ရှင် လူမရွေး ဆင်ခြင်အပ်သော နည်းတို့ပေတည်း။

စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ငယ်စဉ် ကာလ ဖိုးသူတော်ဘဝက ငယ်ဆရာဖြစ်တော်မူသော မြင်းခြံနယ်၌ ဆရာ တော်ကြီး တစ်ပါးသည် ဆွမ်းဘုဉ်းပေးတော်မူခါနီးတိုင်း ဆွမ်းပွဲကို ရှေ့၌ ထား၍ ...

ဝဏ္ဏ ဂန္ဓ ရသ သမ္ဘန္ဓော အယံ ပိဏ္ဍပါတော မမ ပူတိကာယံ ပတွာ အတိဇိဂုစ္ဆနီယော ဘဝိဿတိ။

ဟု အမြဲရွတ်ဆို ဆင်ခြင်တော်မူပြီးမှ ဘုဉ်းပေးတော်မူလေ့ရှိသည်။

ဆွမ်းကောင်း၊ ဟင်းကောင်းဖြစ်လေလေ အကြိမ်များစွာ ရွတ်ဆို ဆင်ခြင်လေလေပဟု အတိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူ သည်။ အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံသော ဤဆွမ်းသည် ငါ၏ ကိုယ်တွင်းသို့ ရောက်လျှင် အလွန်စက်ဆုပ်ဖွယ် ဖြစ်ပေတော့အံ့ဟု ဆိုလို သည်။

## မျှတအောင် စားသောက်နည်း

အစားအသောက်ဟူသမျှကို စားသောက် သုံးဆောင်အံ့သောအခါ တိုင်း အနည်းနည်းအားဖြင့် ဆင်ခြင်ထိုက်၏။ မိမိနှင့် သပ္ပာယဖြစ်သော အစားအစာကိုသာလျှင် စားမိအောင်လည်း ဆင်ခြင်ထိုက်၏။ သပ္ပာယဖြစ် သော အစာပင်ဖြစ်သော်လည်း မျှတရုံလောက်၊ ဝရုံလောက်၊ ခန္ဓာကိုယ် ခန့်ကျန်းရုံလောက် စားမိအောင် ဆင်ခြင်သင့်သည်။

ဤအစားအစာကြောင့် မရသေး၊ မရှိသေး၊ မစွဲကပ်သေးသော ရောဂါဝေဒနာမျိုးကို မရ, မရှိ, မစွဲကပ်စေရန်လည်း ဆင်ခြင်သင့်သည်။ မိမိနှင့် သပ္ပာယဖြစ်သော အစားအစာပင် ဖြစ်စေကာမူ များများကြီး ဝဝကြီး အလွန်အကျွံ စားမိလျှင် အစာမကျေသည်မှ စ၍ ရောဂါအမျိုးမျိုး ကို ဖြစ်စေတတ်သည်။ "ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းမခဲဘူး"ဆိုသော စကားသည် အလွန်အဖိုးတန်၍ တာသွားလှပေသည်။ ဝမ်းကောင်းဖို့မှာ အစားအစာကို ဆင်ခြင်၍ စားခြင်း၊ သင့်တော်ရုံ စားခြင်း၊ အစာကျေနိုင် အောင် စားခြင်း၊ သပ္ပာယဖြစ်သော အစာကိုသာ စားခြင်း စသည်ပင်ဖြစ် ၏။

ဤနည်းအတိုင်းစားလျှင် အစာကျေ၍ ဓာတ်၊ ဆီး၊ လေတို့ မှန် သဖြင့် ဝမ်းကောင်းလေတော့သည်။ ဝမ်းကောင်းလျှင် ခေါင်းခဲခြင်း စသော ရောဂါ တစ်စုံတစ်ရာမှ ဖြစ်တော့မည်မဟုတ်ပေ။ ဆေးမစားရဘဲ၊ အနင်း အနှိပ် မခံရဘဲ ကျန်းမာခြင်း လာဘ်ကြီးကို ရရှိကြပေလိမ့်မည်၊ သို့ကြောင့် ဝမ်းကောင်းအောင် သတိပြုကြရာသည်။

## မျှတအောင် နေထိုင် သုံးစွဲနည်း

လူတို့သည် ထမင်း ဟင်း စသော စားသောက်ဖွယ် ပစ္စည်းကို သာလျှင် ဆင်ခြင်သင့်သည် မဟုတ်သေးချေ။ အဝတ်အရုံ၊ အသုံး အဆောင်၊ အိမ်ရာအဆောက်အဦ၊ ဆေးဝါးအစရှိသောအားဖြင့် ပစ္စည်း လေးပါးလုံးကိုပင် အနည်းနည်းအဖုံဖုံ ဆင်ခြင်တုံတရားနှင့် ဆင်ခြင်၍ သုံးစွဲထိုက်၏။ လောကုတ္တရာသက်သက်ဖြစ်သော ဆင်ခြင်နည်းအပြင် အကျိုးကျေးဇူးကို အထူးပွားများ ဖြစ်ထွန်းစေသော ပစ္စက္ခဘဝအတွက် လည်း စဉ်းစားဆင်ခြင်အပ်သော နည်းတို့ ရှိသေး၏။

အချို့လူတို့သည် ...

မိမိ အတန်းအစားနှင့် မလျော်မကန်သော အဝတ်အစား အသုံး အဆောင်၊ ဆေးဝါးများကို သုံးစွဲတတ်ကြ၏။ ကူလီအခစားအလုပ်ဖြင့် အသက်မွေးရသော သူတစ်ယောက်သည် ...

၁။ တစ်နေ့လျှင် ဝင်ငွေ တစ်ကျပ်မျှသာ ရ၏။

၂။ လက်ဖက်ရည် အချို တစ်နေ့လျှင် ၄-ပဲဖိုးသာ သောက်၏။

၃။ ရုပ်ရှင်ပွဲ ၄ ပဲဖိုး ကြည့်၏။

၄။ ဆေးလိပ်နှင့် သွားရေစာ ၄ ပဲဖိုးသုံး၏။

ထိုသူသည် အသက်သေသည့်တိုင်အောင် ချမ်းသာကြီးပွားရေးကို အိပ်မက်၌ပင် မြင်မက်မည် မဟုတ်ချေ။

စာရေးကလေး တစ်ယောက်သည် ...

၁။ တစ်လလျှင် လခ ၅၀/-ရ၏။

၂။ ၁၅-ကျပ်တန် ဖိနပ်ကို ဝယ်စီး၏။

၃။ ၁၀ ကျပ်ရန် ပုဆိုးကို နေ့စဉ်ဝတ်၏။

၄။ အနောက်နိုင်ငံသား အထက်လူများကို တုပ၍ ကော်ဖီ စသည် ကို သောက်၏။

၅။ မိုးသားရုပ်အင်္ကျီနှင့် သက္ကလပ်အင်္ကျီအကောင်းစားကို ဝတ်၏။

ထိုစာရေးသည် နောက်တစ်နေ့၌ ဒရဝမ်ကုလား၏ ကြွေးလည်ပင်းခိုက်အောင် တက်နေသည်ကို တွေ့ရတတ်၏။ မိမိဝင်ငွေနှင့် ထွက်ငွေကို ဆင်ခြင်သော ပစ္စယသန္နိဿိတသီလ မရှိမှုပေတည်း။

အချို့သူတို့သည်ကား ...

ဝင်ငွေ၊ ထွက်ငွေ ရ–သုံး စာရင်းကိုမူကား ပဲ,ပိုင် မကျန် ကျနစွာ လုပ်ပါ၏။ စာရင်းကိုသာ လုပ်သည်။ အသုံးကို မလျော့သဖြင့် မိဘလက်ထက်က မိဘများ စည်းကမ်းတကျ သုံးစွဲသိုမှီး ခြွင်းချန်ထားခဲ့သော ပစ္စည်းဟူသမျှလည်း ကုန်၏။ မိမိလက်ထက်၌ ရှာဖွေ၍ရသော ပစ္စည်းစုလည်း ပြောင်၏။ အခါမရွေး ကြွေးတွေဝိုင်းလျက်ရှိ၏။ ပစ္စယ သန္နိဿိတ သီလပျက်ကွက်မှုသာတည်း။

[ပစ္စယသန္နိဿိတသီလနှင့် ဣန္ဒြိယသံဝရသီလရှိကြသော ကုလားများသည်ကား မြန်မာများ၏ မျက်စိအောက်တွင်ပင် လူချမ်းသာ၊ ဝါလား၊ အရာကြီး၊ သူဌေးကြီး၊ ကုန်သည်ကြီးတွေ၊ မြေပိုင်ရှင်တွေ ဖြစ်သွားကြကုန်၏။ သူတို့၏ ကြီးပွားရပ်တို့ကို မြန်မာတိုင်း သတိမချပ်ကြ၊ စုတ်စုတ်ပုံ့ပုံ့ ကုလားနေ၊ ကုလားစား နေသည် စားသည်ဟူ၍ပင် ကဲ့ရဲ့တတ်ကြသေး၏။]

## မျှတခြိုးခြံ၍ သူဌေးဖြစ်သွားသော ကုလား

လွန်လေပြီးသော ၂၅–နှစ်ခန့်က ချပ်သင်းတောထဲ၌ မြန်မာ လွှသမားတွေ လွှတိုက်အလုပ်ဖြင့် ငွေရှာနေကြရာ ကုလားတစ်ယောက် တပည့်အဖြစ်နှင့်ပါဝင်၏။ တစ်နေ့လျှင် ၄–ကျပ် ၅–ကျပ်စီ ရကြ၏။ မြန်မာများက အကုန်စားကြ၏။ ကုလားကား ရှစ်ပဲဖိုးသာ စား၏။ ကုလားပင်ပန်းကြီးစွာ ရှာပြီး ဘာလုပ်ထားသလဲ၊ များများစားဟု မကြာခဏ မြန်မာများက ပြော၏။ ကုလားကား ပြုံးလျက် သည်းခံ၍ ရှစ်ပဲပင်စား၏။

နောက် လူစုခွဲ၍ ၁၅–နှစ်ခန့် ကြာလျှင် မြန်မာလွှဆရာသည် ခရမ်း သုံးခွရောက်ပြီး လွှတိုက်အလုပ်ကိုပင် လုပ်၍ လွှတစ်လက် ဝယ်ရန်

ရန်ကုန်သို့သွား၏။ ရန်ကုန်မြို့ တရုတ်တန်းရှိ သံဆိုင်များရှေ့သို့ ရောက် ကာလ ဆရာကြီး ဆရာကြီး ခေါ်သံကြား၍ ကြည့်ရာ ဆိုင်ရှင်နှင့်တူသော ကုလားတစ်ယောက်ကို တွေ့၏။ မြန်မာက မသိ၊ ဆရာကြီး ကျွန်တော့် ကို မသိဘူးလား၊ ကျွန်တော် ချုပ်သင်းမှာ လွှဆွဲတဲ့ ကုလားလေဟု ထုတ်ပြောမှ သိ၏။

ဆရာကြီး အခုဘာလုပ်နေသလဲ၊ လွှဆွဲတာပဲ၊ ဩော် ... လွှဆွဲ တုန်းပဲလား၊ ဆရာကြီးတို့က ရသမျှကို အကုန်စားသုံးပစ်တယ်၊ တစ်နေ့ ငါးကျပ်ရတယ်၊ ငါးကျပ်ဖိုးစားတယ်၊ ကျွန်တော် ရှစ်ပဲဖိုးစားတယ်၊ ဆရာကြီးတို့က ကုလား များများစားပြောတယ်၊ ဆရာကြီးတို့ အခုထက်ထိ လွှဆွဲတုန်းပဲ၊ ဟိုတုန်းက ကျွန်တော် ရှစ်ပဲဖိုးသာ စားတယ်၊ အခု တစ်နေ့ ကို ၁၀ ဖိုး စားနိုင်တယ်၊ ဒီသံဆိုင်ဟာ ကျွန်တော့်ဆိုင်ပဲ၊ ဆရာကြီး ကျေးဇူး ရှိတယ်၊ လွှတစ်လက် ကျွန်တော် ကန်တော့လိုက်ပါ့မယ်၊ နောက် ကို ရသမျှ မစားပါနှင့်ဟု ဩဝါဒပေး၍ လွှတစ်လက် ပေးလိုက်သတတ်။

ကုလား ဝတ္ထုမျိုးတွေ များစွာရှိ၏။ ကုလား အရေအတွက်နှင့်အမျှ နိုးနိုးပင်ဖြစ်၏။ ၎င်းကုလားများကား ဗုဒ္ဓဘာသာတရား ပစ္စယသန္နိဿိတ သီလကို ဘာသာတရားအနေဖြင့် မသိကြသော်လည်း သဘောကို နား လည်လိုက်နာကြ၍ ချမ်းသာကြီးပွားကြကုန်၏။ မြန်မာတို့တွင် နားလည် သူ အချို့ ရှိကြလျက် မလိုက်နာကြသောကြောင့် တစ်နေ့တခြား ဆင်းရဲ ကြ၏။ လယ်မြေ ယာမြေ အိမ်ခြေလက်လွှတ်ကြကုန်၏။

အဘယ့်ကြောင့်နည်း၊ ပစ္စယသန္နိဿိတသီလ မရှိကြသောကြောင့် တည်း။ သို့ဖြစ်၍ အရာရာ၌ ဆင်ခြင်တိုင်းထွာ၍ စားသောက် ဝတ်ဆင် နေထိုင် သုံးစွဲကြကုန်ရာ၏။ ယင်းသို့လိုက်နာ၍ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသော ရဟန်းရှင်လူ မည်သူမဆို “အတ္ထကုသလ-မိမိ၏ ကောင်းကျိုး စီးပွား၌ လိမ္မာသည်”မည်၏။ လိမ္မာသည်ဟု ဆိုရပေမည်။

## အကျိုးစီးပွား၌ လိမ္မာသောသူ

အကြင်ရဟန်းသည် ...

၁။ အာပတ် ၇-ပါးကို သုတ်သင်သောအားဖြင့် ပါတိမောက္ခသံဝရ သီလကို ပြည့်စုံစေ၏။

၂။ ၆-ဒွါရ၌ ထိခိုက်သော အာရုံတို့၌ အဘိဇ္ဈာစသည်တို့ကို မဖြစ်စေမူ၍ ဣန္ဒြိယသံဝရသီလကို ပြည့်စုံစေ၏။

၃။ အနေသန ၂၁-ပါးကို ရှောင်ကြဉ်သောအားဖြင့် လည်းကောင်း၊ ပညာရှိ သူတော်ကောင်းတို့ ချီးမွမ်းအပ်သော ဘုရားတပည့် ပညာရှိပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်သောအားဖြင့် လည်းကောင်း၊ အာဇီဝပါရိသုဒ္ဓိသီလကို ပြည့်စုံစေ၏။

၄။ ပစ္စည်းလေးပါးကို ဆင်ခြင်၍ သုံးဆောင်သောအားဖြင့် ပစ္စယ သန္နိဿိတသီလကို ပြည့်စုံစေ၏။

၅။ ဣရိယာပုထ်ပြောင်းလွဲသောအခါတိုင်း သာတ္ထကသမ္ပဇည စသည်တို့ကို ဆင်ခြင်လျက် သတိသမ္ပဇညတရားကို ယှဉ်စေ၏။

ဤရဟန်းသည်လည်း "အတ္ထကုသလ-မိမိအကျိုးစီးပွား၌ လိမ္မာသောသူ"မည်၏။

ဤစကား၌ သာတ္ထကသမ္ပဇညဟူသည် မိမိအကျိုးကျေးဇူး ရှိမှုကို သိခြင်း၊ ပြုလုပ်ခြင်းတည်း။ လျောင်းအိပ်သည်ဖြစ်စေ၊ ထိုင်နေသည်ဖြစ်စေ၊ ရပ်တည်နေသည်ဖြစ်စေ၊ သွားသည်ဖြစ်စေ မည်သည့် ဣရိယာပုထ်နှင့်နေနေ အကျိုးရှိသော နေခြင်းဖြစ်ရသည်။ အကျိုးမရှိသော အလုပ်သည် အကျိုးမရှိရုံသာ မဟုတ်သေး၊ ကိုယ် စိတ် မချမ်းသာသော မကောင်းကျိုးကိုလည်း ပေးတတ်သေးသည်ကို သတိပြုအပ်၏။

၁။ ဆပ်ပြာရေကြောင့် ညစ်ထေးသော အဝတ်သည် စင်ကြယ် သကဲ့သို့လည်းကောင်း၊

၂။ ပြာကြောင့် မှန်သည် ကြည်လင်သကဲ့သို့လည်းကောင်း၊
၃။ ဖိုကြောင့် ရွှေသည် စင်ကြယ်သကဲ့သို့လည်းကောင်း၊
၄။ ဉာဏ်ကိုအကြောင်းပြု၍ ဉာဏ်ကြောင့် သီလစင်ကြယ်ခြင်းကို သိ၍ ဉာဏ်တည်းဟူသော ရေဖြင့် သီလကို သန့်ရှင်းစင်ကြယ်စေသော သူသည်လည်းကောင်း၊
၅။ ယစ်မသည် မိမိအဥကို စောင့်ရှောက်သကဲ့သို့လည်းကောင်း၊
၆။ စာမရီးသားကောင်သည် မြီးဆံကို စောင့်ရှောက်သကဲ့သို့လည်းကောင်း၊
၇။ သားတစ်ယောက်သာရှိသော မိခင်သည် ချစ်လှစွာသော သားကို စောင့်ရှောက်သကဲ့သို့လည်းကောင်း၊
၈။ မျက်လုံးတစ်ဖက်ရှိသော သူသည် မျက်လုံးတစ်ဖက်ကို အထူးစောင့်ရှောက်သကဲ့သို့လည်းကောင်း၊

ထို့အတူ သီလကို ကောင်းစွာ စောင့်ထိန်းသော ပုဂ္ဂိုလ်သည် မိမိ၏သီလကို အလွန်မမေ့မလျော့သော သတိဖြင့် စောင့်ထိန်းသည်မည်၏။ ညနေခင်း၊ နံနက်ခင်းတိုင်း သီလကို ဆင်ခြင်သည်ရှိသော် အဏုမြူလောက်မျှ အပြစ်ကို မမြင်ရအောင် စောင့်ထိန်း၏။ ထိုပုဂ္ဂိုလ်သည်လည်း "အတ္တကုသလ–မိမိ၏ အကျိုးစီးပွား၌ လိမ္မာသောသူ" မည်၏။

အကြင်ပုဂ္ဂိုလ်သည် နှစ်လိုဝမ်းမြောက် ရွှင်လန်းခြင်းကို ဖြစ်စေသော သီလ၌တည်၍ ကိလေသာကို ခါထွက်ပယ်ရှားတတ်သော ကျင့်ဝတ်ကို ချီးမြှောက်အားပေး၏။ သီလကို ချီးမြှောက်၍ ကသိုဏ်းပရိကမ်ကို ပြု၏။ ကသိုဏ်းပရိကမ်ဖြင့် ဈာန်သမာပတ်ကို ဖြစ်စေ၏။ ဤပုဂ္ဂိုလ်သည်လည်း ကိုယ်ကျိုးစီးပွား၌ လိမ္မာပါးနပ်သော သူမည်၏။

အကြင်ပုဂ္ဂိုလ်သည် ရပြီးသော ဈာန်သမာပတ်မှထ၍ ဈာန်အင်္ဂါဖြစ်သော ဝိတက်စသောတရား၊ ဝိတက် စသည်နှင့်ယှဉ်သော စိတ်စေတသိက်တည်းဟူသော နာမ်တရား၊ ထိုနာမ်တရားတို့၏ တည်မှီရာ နာမ်တရားတို့၏ အာရုံဖြစ်သော ရုပ်တရား တို့ကို အနိစ္စ စသော လက္ခဏာယဉ်သို့

တင်၍ ဆင်ခြင်သုံးသပ်ခြင်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်စေ၏။ ထိုပုဂ္ဂိုလ်သည်ကား ကိုယ်ကျိုး ကိုယ်စီးပွားၐ္ဍ အလိမ္မာဆုံး၊ အပါးနပ်ဆုံး၊ အတော်ဆုံး၊ အမြတ်ဆုံးသော ပုဂ္ဂိုလ်ကြီးဖြစ်၏။

ပြအပ်ပြီးသော အတ္ထကုသလ–လိမ္မာပါးနပ်ခြင်းတို့တွင် ရှင်လန်းဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော သီလတည်၍ ကိလေသာကို ပယ်ဖျောက်ကြောင်းအကျင့်ကို အားပေးချီးမြှောက်ခြင်းဟူသော အတ္ထကုသလ–လိမ္မာမှုမျိုးကိုသာ ဤအရာ၌ အတ္ထကုသလဟူ၍ အမှန်စင်စစ် ဆိုလိုရင်းဖြစ်သည်။ ၅၀၀–သော ရဟန်းတော်တို့သည်လည်း ဤကဲ့သို့သော အတ္ထကုသလ–မိမိ၏ အကျိုးစီးပွားကိုသာလျှင် သိရှိကြကုန်၏။ လိုလားကြကုန်၏။ ထို့ကြောင့် ထိုရဟန်းတော်တို့ကို အကြောင်းပြု၍ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် "ကရဏီယ မတ္ထကုသလေန" ဟု ဟောတော်မူခြင်းဖြစ်သည်။

## ဒုတိယပါဒ အဖွင့်

ယင်းသို့ ဟောတော်မူရာ၌ ပြုသင့်ပြုထိုက်သော ကရဏီယဟူသည် အဘယ်တရားတို့လေနည်းဟု ထိုရဟန်းတို့၌ ယုံမှားသံသယရှိကြသောကြောင့် "ယန္တ သန္တံ ပဒံ အဘိသမေစ္စ" ကို ဆက်လက်၍ ညွှန်ကြားတော်မူသည်။

ဘုရားစသော အရိယာသူတော်ကောင်းတို့သည် ရအပ်ရောက်အပ်၍ ငြိမ်းအေးချမ်းသာခြင်း သဘောရှိသော နိဗ္ဗာန်ကို တစ်ဆင့်ကြားအားဖြင့် သိ၍ ရလိုရောက်လိုသော ပုဂ္ဂိုလ်သည် တစ်နည်းအားဖြင့် ပဋိဝေဓဉာဏ်ဖြင့် ကိုယ်တိုင်သိ၍ စံစားနေလိုသော ပုဂ္ဂိုလ်သည် အကျဉ်းဆုံးနည်းအားဖြင့် သိက္ခာသုံးပါးကို အားထုတ်ပြုလုပ်ရမည်ဆိုလိုသည်။

## တတိယ စတုတ္ထပါဒ အဖွင့်

သိက္ခာသုံးပါးကို အားထုတ်ပြုရမည်ဟု ဟောတော်မူသဖြင့် အလွန်ကျဉ်းလွန်းရကား အချို့ပုဂ္ဂိုလ်တို့ကို အချို့ ပုဂ္ဂိုလ်တို့ မသိကြသောကြောင့်

မသိသေးသော ပုဂ္ဂိုလ်များ၏ အကျိုးငှာ အထူးသဖြင့် တောကျောင်းနေသော ရဟန်းတော်များ၏ အကျိုးငှာ ထိုပုဂ္ဂိုလ်တို့ လိုက်နာပြုကျင့်အပ်သော တရားစုကို အကျယ်ဆက်လက်၍ ဟောတော်မူလိုသော ဘုရားရှင်သည် ...

**သဒ္ဓော ဥဇူ စ သုဟုဇူ စ၊ သုဝစော စသ မုဒ္ဒ အနတိမာနိ။**

ဟူသော ဂါထာကို မိန့်တော်မူသည်။

**သဒ္ဓော**စ–အရိယာ သူတော်ကောင်းတို့သည် ရောက်အပ်သော ငြိမ်းအေးချမ်းသာသော သဘောလက္ခဏာရှိသော နိဗ္ဗာန်ကို လောကီဉာဏ်ဖြင့်သိ၍ရအောင် ကြိုးစားအားထုတ်လိုသော တောနေပုဂ္ဂိုလ်သည်၊ သို့တည်းမဟုတ် ကိုယ်တိုင် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက် သိမြင်ရရှိ၍နေလိုသော ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာနယောဂီ၌ ရှိအပ်သော ...

၁။ ယုံကြည်မှု သဒ္ဓါရှိခြင်း၊

၂။ အနာရောဂါ နည်းပါးကင်းရှင်းခြင်း၊

၃။ ကောက်ကျစ် စဉ်းလဲမရှိခြင်း၊

၄။ ခိုင်မြဲသော ဝီရိယရှိခြင်း၊

၅။ ပညာဉာဏ်ရှိခြင်း၊

ဟူသော ပဓာနိယင်္ဂ ငါးပါးတို့အနက် အထူးသဖြင့် ဒုတိယ၊ စတုတ္ထ အင်္ဂါတို့နှင့် ပြည့်စုံစေ၍ ကိုယ်နှင့် အသက်ကို ငဲ့ကွက်ခြင်းမရှိဘဲ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိမြင်နိုင်ခြင်းငှာ စွမ်းနိုင်ရမည်။

ထိုမှတစ်ပါး ...

၁။ ကသိုဏ်းပရိကမ် ကြည့်ရှုအားထုတ်မှု၊

၂။ ရဟန်းနှင့်စပ်သော ဝတ်ကြီး ဝတ်ငယ်တို့ကို ဆောင်ရွက်ပြုလုပ်မှု၊

၃။ မိမိ၏ သပိတ် သင်္ကန်းတို့ကို ပြုပြင်စီရင်မှု၊

၄။ သီတင်းသုံးဖော်တို့၏ ကိစ္စကြီးငယ်တို့ကို ဆောင်ရွက်သယ်ပိုးမှု၊

တို့ကို ပြုလုပ်စွမ်းဆောင်ရမည်။ ကျွမ်းကျင် နားလည်ရမည်။ ပျင်းရိပေါ့တန်ခြင်း မရှိစေရဟု ဟောတော်မူသည်။

မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို လိုလားတောင့်တသော ဒကာ ဒကာမတို့သည် လည်း နိဗ္ဗာန်ကို ရပါလို၏ဟု တောင်းဆိုနေရုံသာမဟုတ်ကြဘဲ ပဓာနိယင်္ဂ အင်္ဂါတို့နှင့်ပြည့်စုံစေ၍ တကယ်လိုလိုချင်ချင် အားထုတ်မှ ရမည်ပင်ဖြစ် သည်။

## ၁။ ယုံကြည်မှု သဒ္ဒါ ရှိခြင်း

ပဓာနိယင်္ဂအင်္ဂါ ငါးပါးအနက် ယုံကြည်ခြင်းဆိုသည်မှာ ကိလေ သာတို့ကို အကြွင်းမဲ့ ပယ်သတ်ပြီး၍ သစ္စာလေးပါးကို ကိုယ်တော်တိုင် သိမြင်တော်မူပြီးသော ဘုရားရှင်ဖြစ်တော်မူသည် စသည်ဖြင့် ဘုရားရှင်၌ ယုံကြည်ရမည်။

မြတ်စွာဘုရားက မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရကြောင်း ဒုက္ခကင်းလွတ် ကြောင်း အစစ်ဖြစ်သည်ဟူ၍ ဟောတော်မူသော တရားတော်သည် အား ထုတ်သော ပုဂ္ဂိုလ်အား ဧကန္တပင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရစေတတ်သော တရားစစ် တရားမှန်ဖြစ်သည်ဟု တရားတော်၌ ယုံကြည်ရမည်။ သံဃာ တော်သည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရအောင် ကောင်းစွာ ကျင့်တော်မူသည်။ နိဗ္ဗာန်သို့ အာရုံဖြောင့်ဖြောင့်ထား၍ ကျင့်တော်မူသည်။ ကျင့်တော်မူပြီး သော သံဃာတော် စသည်ဖြင့် သံဃာတော်၌ ယုံကြည်ရမည်ကို ဆိုသည်။

## ၂။ အနာရောဂါ ကင်းရှင်းခြင်း

အနာရောဂါ ကင်းရှင်းသော်မှပင် အားထုတ်ခွင့် ကောင်းစွာရနိုင် သောကြောင့်လည်းကောင်း၊ ဉာဏ်ပညာ ရွှင်လန်းထက်မြက်နိုင်သော ကြောင့်လည်းကောင်း၊ ရောဂါကင်းရှင်းရမည် ဆိုသည်။

## ၃။ ကောက်ကျစ်စဉ်းလဲ မရှိခြင်း

ကောက်ကျစ်စဉ်းလဲ မရှိဟု ဆိုသည်မှာ သူတစ်ပါး ကြည်ညိုရုံ၊ သူတစ်ပါး အထင်ကြီးရုံ၊ ပစ္စည်း လာဘ်လာဘရရုံ၊ ဘုန်းတန်ခိုးကြီးရုံ မျှသာ ရည်မှန်း၍ ကမ္မဋ္ဌာန်းအလုပ်ကို မလုပ်ရ၊ နိဗ္ဗာန်ကို တကယ်ရလိုသော မဟာဇ္ဈာသယဖြင့် ဖြောင့်ဖြောင့်မတ်မတ် စိတ်ဓာတ်ကိုဖြစ်စေလျက် အားထုတ်ရမည်ဆိုသည်။

## ၄။ ခိုင်မြဲသော ဝီရိယ ရှိခြင်း

ဝီရိယဓာတ် ပျော့ညံ့လျှင်လည်း နိဗ္ဗာန်ကို ရနိုင်မည်မဟုတ်၍ မတွန့်မဆုတ် မယုတ်သော ဝီရိယဖြင့်သာ အားထုတ်ရမည်။

ဝီရိယာဓိပတိ၊ ဝီရိယိဒ္ဓိပါဒ တပ်သော ဝီရိယမျိုး ရှိရမည်ဆိုသည်။ အကောင်းဆုံး၊ အမြတ်ဆုံး၊ အဖိုးမဖြတ်နိုင်အောင် အထိုက်တန်ဆုံး၊ အပျောက်အပျက်မရှိ အချမ်းသာဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာကြီးကို ရဖို့ရာကို မဆိုထားနှင့်ဦး၊ လောကီချမ်းသာ တစ်ဘဝချမ်းသာကလေးကို ရဖို့အရေး၌ပင် မည်မျှ ဝီရိယ ရှိရသည်ကို သတိပြုရာသည်။ နိဗ္ဗာန်ကား မျက်နှာကြီးငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး ရလိုသော ဆန္ဒဝီရိယနှင့် အင်္ဂါညီညွတ်စွာ အားထုတ်သော ပုဂ္ဂိုလ်၌ ရမြဲပင်ဖြစ်လေသည်။

## ၅။ ပညာဉာဏ် ရှိခြင်း

ပညာဉာဏ် ရှိရမည်ဆိုသည်မှာ ပဋိသန္ဓေပညာကို ဆိုလိုသည်။ ပညာနှင့် ယှဉ်သောစိတ်နှင့် ပဋိသန္ဓေနေခဲ့သူ ဖြစ်ရမည်ဆိုသည်။

ဥဇုစ-ထိုသို့ပင် အားထုတ်ခြင်း၌ စွမ်းဆောင်နိုင်စေကာမူ တတိယမြောက် ပဓာနိယင်္ဂ တရားနှင့် ပြည့်စုံပြီးလျှင် ဖြောင့်မတ်ရိုးသားရမည်။

သုဟုဇုစ-တစ်ကြိမ်တစ်ခါ ဖြောင့်မတ်ရုံ၊ တစ်နည်း-ငယ်စဉ်က ဖြောင့်မတ်ရုံသာ ရောင့်ရဲခြင်းမဖြစ်မူ၍ အသက်ထက်ဆုံး အကြိမ်ကြိမ် အဖန်ဖန် လေးလေးစားစား အလွန်ဖြောင့်မတ်ရမည်။

ဥဇု၊ သုဟုဇု နှစ်ပုဒ်ကို ဤဆိုလတ္တံ့သော စကားဖြင့် တစ်နည်း မှတ်လေဦး။

၁။ မပေါ့မတန် ဖြောင့်မတ် မှန်ကန်ခြင်းသည် ဥဇု၊ လိမ်လည် လှည့်ပတ် မရှိခြင်းသည် သုဟုဇု။

၂။ ကိုယ်နှုတ်တို့၏ ကောက်ကျစ်မှုကို ပယ်ခြင်းသည် ဥဇု၊ စိတ် ကောက်ကျစ်မှုကို ပယ်ခြင်းသည် သုဟုဇု။

၃။ မသူတော်၏ဂုဏ်ကို မပြုခြင်းသည် ဥဇု၊ မသူတော်ဂုဏ် ကြောင့်ဖြစ်သော အလျှုဝတ္ထုကို မခံယူခြင်းသည် သုဟုဇု။

ဤပြဆိုခဲ့ပြီးသော ဥဇု၊ သုဟုဇု တို့ကို ဖြစ်စေရမည်ဟု ဟောတော် မူသည်။

သုဝစောစ–ဥဇု၊ သုဟုဇု ဖြစ်ရုံ လိုက်နာရုံနှင့်လည်း မပြည့်စုံသေး ပေ။ ပြောဆို ဆုံးမလွယ်သည်လည်း ဖြစ်ရမည်။

တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ဤအမှုမျိုးကို မပြုမလုပ်နှင့် မပြုအပ်ဘူး စသည်ဖြင့် သတိပေးပြောဆိုလျှင် သင် ဘာကိုမြင်လို့လဲ၊ ဘာကို ကြားလို့လဲ၊ သင်နှင့် ဘာဆိုင်သလဲ၊ ငါ့ဆရာလား ဘာလဲ စသည် ဖြင့် အချို့ပုဂ္ဂိုလ်သည် ပြန်လှန်ပြောဆိုတတ်၏။ စကားတုံ့မပြန်မူ၍လည်း ညှဉ်းဆဲနေတတ်၏။ ဝန်ခံသော်လည်း မလိုက်နာဘဲ ထပ်မံကျူးလွန်မှု ပြုနေတတ်၏။ ထိုပုဂ္ဂိုလ်မျိုးသည် ဒုဗ္ဗစပုဂ္ဂိုလ်ဖြစ်၍ တရားကိုရဖို့ရန် ဝေးကွာလှပေ၏။ ယင်းသို့သော ဒုဗ္ဗစပုဂ္ဂိုလ်မျိုး မဖြစ်စေရ။

အကြင်ပုဂ္ဂိုလ်သည်ကား မိမိအား သတိပေးပြောဆို ဆုံးမလာလျှင် အရှင်ဘုရား ... ကောင်းလှပါပြီ၊ ကောင်းပါပြီ ဘကြီးခင်ဗျား၊ ကောင်းပါ ပြီ ဦးကြီးခင်ဗျား၊ ကောင်းပါပြီ အရှင်ဘုရား စသည်ဖြင့် ဝမ်းမြောက် နှစ်သက်စွာ အပြစ်ကိုဝန်ခံ၍ အရှင်ဘုရားသည် ကောင်းသော သတိပေး ခြင်းဖြစ်ပါသည်။ မိမိအပြစ်ဆိုတာ မြင်နိုင်ခဲပါသည်။ နောင်အခါ ကြားသိ တွေ့မြင်ပါကလည်း သတိပေးတော်မူပါ၊ တစ်ခါတစ်ရံမှ အရှင်ဘုရားများ ထံက ဆုံးမဩဝါဒစကားကို ကြားရပါသည် စသည်ဖြင့် ဝန်ခံလျှောက်

ကြား၍ ဝန်ခံတိုင်းလည်း ပြုပြင်လိုက်နာနေတတ်၏။ ဤပုဂ္ဂိုလ်ကဲ့သို့ သုဗ္ဗစ ဖြစ်စေရမည်ဆိုသည်။

မုဒု-ပြောဆိုဆုံးမ လွယ်သည့်နည်းတူ နူးညံ့သိမ်မွေ့သော အမူအရာလည်း ရှိရမည်။

ပြောလွယ်ဆိုလွယ် နူးညံ့သောကိုယ်နှုတ် အမူအရာရှိရမည်ဆိုသော်လည်း ဒကာ၊ ဒကာမတို့ စေတမန်အလုပ်ခိုင်းစေသည်ကို သွားလာခြင်း အလုပ်မျိုး စသည်တို့၌မူကား နူးညံ့သိမ်မွေ့ခြင်းကို မပြုဘဲ တင်းတင်း မာမာ ငြင်းဆန်၍ ရဟန်းနှင့်စပ်သော ဝတ်ကြီး ဝတ်ငယ်ကိစ္စ၊ ဝေယျာဝစ္စတို့၌သာလျှင် ကောင်းစွာ ဦးထားအပ်သော ရွှေစင်ကဲ့သို့ နူးညံ့ပျော့ပျောင်းစွာ လိုက်နာပြုလုပ်ရမည်ဟု ဟောတော်မူသည်။ တစ်နည်းအားဖြင့် မျက်မှောင်မကြုတ်ခြင်း၊ ရွှင်ကြည်သော မျက်နှာရှိခြင်း၊ သီတင်းသုံးဖော်အချင်းချင်းဖြစ်စေ၊ ဆရာသမားများကဖြစ်စေ ပြောလွယ်ဆိုလွယ်ခြင်း၊ ပဋိသန္ထာရ ရှိခြင်း၊ စကားကို ခြေခြေငံငံ ပြောဆိုတတ်ခြင်း စသည်သည် "မုဒု-နူးညံ့သည်" မည်၏။

## သတိပြုဖွယ် (ဘုန်းတော်ကြီး ဦးသီလနှင့် ခုဇ္ဇုတ္တရာ)

ဤအချက်၌ ဒကာ ဒကာမများဘက်က အထူးသတိပြုသင့်၏။ အချို့သတိမပြုမိကြသော ဒကာ ဒကာမတို့သည်လည်းကောင်း၊ သတိရှိကြသော်လည်း အပြစ်ကို မကြောက် သာသနာတော်၏ တန်ဖိုးကို များများကြီး မသိကြသော ဒကာ ဒကာမတို့သည်လည်းကောင်း၊ ရဟန်းတော်များ၏ သိက္ခာဂုဏ် ကြီးမားမြင့်မြတ်သည်ကို နက်နက်နဲနဲ တွေးတွေးဆဆ မသိကြသော ဒကာ ဒကာမတို့သည်လည်းကောင်း၊ ယခု ပစ္စက္ခဘဝ လတ်တလော အကျိုးကျေးဇူးကလေးများအတွက်နှင့် သံဃာတော်များကို ခိုင်းစေတတ်ကြ၏။ အချို့သံဃာတော်များကို ခိုင်းစေတတ်ကြ၏။ အချို့ သံဃာတော်များသည် ဒကာ ဒကာမများ၌ ဒေါသ၊ မာန စသော အပြစ်တွေ ပို၍မရောက်ပါစေနှင့်ဟူသော ကရုဏာဖြင့် တစ်ခါတစ်ရံ မလွဲသာ

မရှောင်သာသော ဆောင်ရွက်ပေးလိုက်ရသည်လည်း ရှိကောင်း ရှိပေမည်။ သံဃာတော်များထက် စေခိုင်းတတ်သော ဒကာ ဒကာမများမှာ ပို၍ နှစ်နာကြမည်သာ ဖြစ်၏။

**တေဒဂ္ဂ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဗဟုဿုတာနံ ဓမ္မကထိကာနံ ယဒိဒံ ခုဇ္ဇုတ္တရာ။**

ရဟန်းတို့ ... အကြားအမြင် များကုန်သော တရားဟောတတ်ကုန်သော ငါဘုရား၏တပည့် ဥပါသိကာမတို့တွင် ခုဇ္ဇုတ္တရာသည် ဗဟုသုတအရှိဆုံး၊ တရားဟော အကောင်းဆုံးဖြစ်သည်ဟူ၍ ဘုရားရှင်ကိုယ်တော်တိုင် ဧတဒဂ်ပေး၍ ချီးမြှောက်ခြင်းကို ခံရသော ခုဇ္ဇုတ္တရာ အရိယာမသည် ကဿပဘုရားလက်ထက်တော်အခါ ဗာရာဏသီမြို့၌ သေဌေးသမီးဖြစ်စဉ် အနီးအပါး၌ အစေခံများ မရှိခိုက်ဖြစ်၍ ရဟန္တာမအား ရှိခိုးပါရဲ့၊ ကန်တော့ပါရဲ့၊ ဘုရားတပည့်တော်၏ သေတ္တာလေးကို လှမ်းလိုက်စမ်းပါဟု ရိုရိုသေသေ ရှိခိုး၍ စေခိုင်းမိသော ကံကြောင့် အရိယာဖြစ်သော ဘဝ၌ပင်လျှင် သူတစ်ပါးအခိုင်းအစေ ဖြစ်ရလေသည်။

သေဌေးသမီးအဖြစ်နှင့် ခိုင်းလိုက် စဉ် ရဟန္တာမက ဆင်ခြင်ပါသေး၏။ အကယ်၍ ငါယူမပေးလျှင် ငါ့ကို ပြစ်မှားပြီး ငရဲသို့ ကျရောက်ပေလိမ့်မည်၊ ယူပေးလျှင်လည်း နောက်နောက် ဘဝတို့၌ သူတစ်ပါး အစေခံဖြစ်ပေလိမ့်မည်၊ အေးလေ ... ငရဲပူထက်တော့ အစေအပါး ဖြစ်ရတာက သက်သာပါသေးသည်သို့ ဆင်ခြင်ပြီးမှ သေတ္တာငယ်ကို ယူပေးလိုက်၏။ သို့ဖြစ်၍ မကောင်းမှုများကို ငယ်သေးသည် အရေးမကြီးလှဟူ၍ ဂရုမစိုက် မပြုလိုက်မိကြအောင် သတိပြုသင့်ကြ၏။ ဤမေတ္တသုတ်၌ပင် "န စ ခုဒ္ဒ မာစရေ ကိဉ္စိ" ဟူ၍လည်း သတိပေးတော် မူလျက်ဖြစ်သည်။

အခါတစ်ပါး၌ တောရဆရာတော်ကြီး **ဦးသီလ** သည် ရဟန်းငယ်တစ်ပါးနှင့် စကားပြောဟောနေရာ ရဟန်းငယ်၌ လေပူနာရှိသည်ကို သိတော်မူ၍ တို့လည်း ငယ်ငယ်က လေပူရောဂါ ရှိခဲ့ဖူးတယ်၊ နံနက်စောစော ထမင်းရည်ပူပူကလေးကို သောက်တာနှင့် ပျောက်ကင်းသွား

သည်၊ ဦးပဥ္စင်းလည်း သောက်စမ်းပါလားဟု မိန့်တော်မူသည်ကို ကန့်လန့်ကာ ပြင်ဘက်ရှိ ရေ့နေဒကာတစ်ဦးက မကွဲမပြား ကြားလိုက်၍ အရှင်ဘုရား မိန့်တော်မူသော ဆေးနည်းဟာ ဘာပါလဲဟု ဆရာတော်ကြီးကို မေးလျှောက်ရာ-

ဟဲ့ ... ဒကာ၊ နင့်ကို ငါပြောတာမဟုတ်ဘူးဟု ပျော့ပျောင်းနူးညံ့ခြင်း မရှိ၊ မာဆတ်ဆတ်ပင် မိန့်တော်မူလိုက်သတတ်၊ ဤအရာမျိုး၌မူကား ပျော့ပျောင်းနူးညံ့၍ မသင့်ဟူ။ ဒကာများကို မသနား၍ ရက်ရက်စက်စက် ပြောလိုက်ခြင်းမဟုတ်၊ မိမိကိုယ်နှင့်တကွ ဒကာကို သနား၍သာ ခပ်ပြတ်ပြတ် ခပ်မာမာ မိန့်တော်မူလိုက်လေသည်။

အနုတိမာနိ-နူးညံ့ ပျော့ပျောင်းမှုသာ ရှိရမည် မဟုတ်သေးချေ။ အရှင်သာရိပုတ္တရာထေရ်သည် စဏ္ဍာလသူငယ်၏ စိတ်နှင့်တူစွာသော စိတ်ဖြင့် နေတော်မူသကဲ့သို့ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ပညာဂုဏ် စသော ဂုဏ်တို့ဖြင့် အလွန် မာန်မတက်စေရ၊ သူတစ်ပါးကို မထိမဲ့ ပြုလုပ်ခြင်းမှလည်း ရှောင်ကြဉ်ရမည်ဟု ဟောတော်မူသည်။

မာန်သည် သတ္တဝါတို့ကို ဒုက္ခပေးတတ် သံသရာကို ရှည်စေတတ်သော ပပဉ္စတရားပင် ဖြစ်သည်။ မာန်တက်မည်ဆိုလျှင်လည်း သတ္တဝါတိုင်းပင် မာန်တက်ဖွယ် အကြောင်းကလေးတွေ ကိုယ်စီ ရှိတတ်ကြကုန်၏။ မျိုးရိုး ဇာတိ ယုတ်ညံ့သော သူကပင် ငါက မျိုးယုတ် ဇာတ်ယုတ်ပဲ၊ ဘာဖြစ်ရမှာလဲ စသည်ဖြင့် ဟီနမာန် တက်ကြွတတ်သေးသည်။

မာန်တက်စရာ အကြောင်းများစွာတွင် ပစ္စည်းဟူသော အကြောင်းသည် မာန်ကို အားအပေးဆုံးဖြစ်သည်ဟု ဆိုရပေမည်။ လူများ၌ ပစ္စည်းမာန်သည် ကြီးမားခက်ထန်ဆုံး ဖြစ်၏။ လူဒကာများက လူ၊ နတ်၊ နိဗ္ဗာန်ချမ်းသာကို တောင့်တ၍ စွန့်လွှတ် လှူဒါန်းသော ကျောင်းကောင်း၊ ဟိုက်ကောင်းကို ခံယူသုံးဆောင်ကြသော သံဃာတော်များသည်ပင် ပြည့်စုံသော ပစ္စည်းလေးပါးကြောင့် မာန်တက်ယောင် ရှိကြတတ်လေသည်။

## သတိပြုဖွယ် (အရှင်ပေါဋ္ဌိလအကြောင်း)

တဏှာ မာန ဒိဋ္ဌိ ကွာအောင် အသုံးပြုဖို့ သင်ကြားထားသော ပိဋကတ်စာပေ အထိုက်အတန် တတ်မြောက်သည့်အတွက်လည်း မာန်တက်တတ်ကြသေးသည်။ တရားတော် ပိဋကတ်တော်၏ သဘာဝအရသာကို မခံစား မသုံးဆောင်နိုင်သကဲ့သို့ ရှိတတ်သည်။ ဘုန်းကံကြီးတတ်၊ စာပေတတ်တော်မူကြသော သံဃာတော်များ အနုတိမာနိဖြစ်အောင် သတိပြုထိုက်ကြကုန်၏။

သို့ရာတွင် ရဟန်းတော်များ၌ အချို့အချို့ ဘုန်းကံပညာ စသည်ကို အကြောင်းပြု၍ မာန်တက်တတ်ကြသော်လည်း စာပေနှင့် တရားနှင့် အမြဲနေကြသော ပုဂ္ဂိုလ်များဖြစ်၍ မာန်တက်သင့်သလောက် မတက်ကြသဖြင့် တစ်နေ့သ၌ မိမိ သင်ကြားကြည့်ရှု လေ့လာပွားများအပ်သော တရားတော်ဖြင့် ထိုမာန်ကို ပယ်ဖျက်ချိုးနှိမ်၍ ခေါင်းပါးကင်းကွာ မစတော်မူတတ်၏။

ဘုရားသခင်လက်ထက်တော်က ပေါဋ္ဌိလမထေရ်သည် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို အာဂုမ်ဆောင်၍ ရဟန်း ၅၀၀ ကို စာချနေတော်မူ၍ ဤဘုရားလက်ထက်တော်၌သာလျှင် မဟုတ်၊ ဘုရား ခုနစ်ဆူတို့၏ သာသနာတော်၌ ဤနည်းနှင်နှင်ချည်း ပိဋကတ်သုံးပုံဆောင်၍ စာပေပို့ချခဲ့၏။ စာပေတတ်မြောက် အကြားအမြင် ဗဟုသုတကိုအကြောင်းပြု၍ မာနအလွန်ကြီး၏။ တတ်သော စာပေ၏အရသာကို ခံယူသုံးဆောင်ကျင့်သုံးရမည်ကိုလည်း သတိမပြု အမှုမဲ့သာ နေ၏။

သို့ပင်ဖြစ်သော်လည်း မြတ်စွာဘုရားက မာနကို ကျစေ၍ သတိရစေလိုသောကြောင့် တွေ့တိုင်း တွေ့တိုင်း သွားတိုင်း သွားတိုင်း လာတိုင်း "တုစ္ဆပေါဋ္ဌိလ ... လာလော့၊ တုစ္ဆပေါဋ္ဌိလ ... သွားလော့" စသည်ဖြင့် မိန့်တော်မူလျှင် ငါသည် ပိဋကတ်သုံးပုံကို ဆောင်၍ စာပေပို့ချနေလျက် တုစ္ဆပေါဋ္ဌိလ ဟူ၍သာ ဘုရားရှင် ခေါ်တော်မူသည်၊ စင်စစ် ငါ့သန္တာန်၌

ချာန်၊ မဂ်၊ ဖိုလ်တို့ မရှိသောကြောင့်သာ ခေါ်တော်မူသည်ဖြစ်ရာ၏ဟု ဉာဏ်ရှိသူဖြစ်သည့်အားလျော်စွာ ရိပ်မိ၍ တောကျောင်းသို့ တစ်ပါးတည်း ထွက်သွား၍ သာမဏေငယ်ထံမှ တရားတောင်းယူပြီးလျှင် အားထုတ်တော်မူရာ မကြာမီပင် မဟာခီဏာသဝရဟန္တာကြီးအဖြစ်သို့ ရောက်တော်မူလေသည်။

ဒကာ ဒကာမများဘက်က ပစ္စည်းမာန်၊ ပညာမာန် တက်လျှင် ရဟန်းတော်များလောက် ဆင်ခြင်နိုင်သူ နည်း၏။ ယခုကာလ သင်ကြားရသော ပညာတို့ကလည်း လောကီပညာသက်သက်တို့သာ ဖြစ်ကြ၍ သတိသံဝေဂ ရစေတတ်သော ပညာတို့ မဟုတ်ကြကုန်၊ ပစ္စည်းမာန်တက်သော သူတို့ကား အဆိုးဝါးဆုံးဖြစ်၏။

ရဟန်းတော်မြတ်များကိုပင် မထီမဲ့မြင် ပြုတတ်၏။ "ငါတို့က ကျွေးမှ ပေးမှ စားရဝတ်ရသော ပုဂ္ဂိုလ်တွေပဲ၊ ငါတို့အလိုသို့ မလိုက်လျောလျှင် မလှူဘူး၊ လှူရမည့် ဘုန်းကြီးတွေ ပေါလွန်းလို့ ဘယ်ဘုန်းကြီးကတော့ လိုချင်မှ လာတယ်၊ ဘာမှ စောင့်ရှောက်ဖော် မရဘူး၊ ဟိုဘုန်းကြီးကတော့ ဣန္ဒြေသိက္ခာကြီးနဲ့ လောကွတ်ပျူငှာ မရှိ၊ မေးဖော် ခေါ်ဖော်မရဘူး၊ ကျောင်းကိုသွားလို့မှ အသိမလုပ်ချင်ဘူး၊ လမ်းမှာတွေ့လို့မှ နှုတ်မဆက်ဘူး၊ ဒီလိုဘုန်းကြီးမျိုးတော့ လှူချင်ပေါင်" စသည်ဖြင့် မိမိ၏ အသိဉာဏ်ပညာ ဗဟုသုတ သာသနာတော်ဘက်၌ နည်းပါးတိမ်ကောသည်ကို လူသိစေလျက် မာန်ထောင် မာန်တက် မာန်ဝဲ ပွက်တတ်ကြ၏။ အလွန် သနားဖွယ်ကောင်းသော သတ္တဝါများဖြစ်၏။ ဤသို့သော ဒကာ ဒကာမမျိုး မဖြစ်ကြရအောင် ဤမေတ္တာသုတ် ဒေသနာတော်ကို ရိုသေစွာ လိုက်နာကြရမည်။

ပထမဂါထာအဖွင့် ပြီး၏။

## ဒုတိယ ဂါထာ အဖွင့်

သန္တုဿကောစ ... ယခုအခါ၌ မြတ်စွာဘုရားသည် နိဗ္ဗာန်ကို လက်ငင်းမျက်မှောက်ပြုလိုသော အာရညိက ယောဂီပုဂ္ဂိုလ်တို့ လိုက်နာအပ်သော တရားစုကို ဆက်လက် ညွှန်ကြားတော်မူလိုသည်ဖြစ်၍ "သန္တုဿကော စ" စသော ဒုတိယဂါထာကို မိန့်ဆိုတော်မူလေသည်။

ဂါရဝေါ စ နိဝါတော စ၊

သန္တုဋ္ဌိ စ ကတညုတာ။

မင်္ဂလာတရားတော်၌ ဟောပြအပ်ပြီးသော ၁၂-ပါးသော သန္တောသတို့ဖြင့် မျှရောင့်ရဲ၍ တရားတော်ကို အားထုတ်ရမည် ဆိုလိုသည်။

## ရောင့်ရဲခြင်း ၁၂-ပါး

သန္တောသ ၁၂-ပါးကား ... ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးအားဖြင့် ပစ္စည်းလေးပါး ရှိသည်တွင် ပစ္စည်းတစ်ပါး တစ်ပါး၌-

၁။ ယထာလာဘ သန္တောသ၊

၂။ ယထာဗလ သန္တောသ၊

၃။ ယထာသာရုပ္ပ သန္တောသ ...

ဟူ၍ သုံးပါးစီရှိသောကြောင့် ပစ္စည်းလေးပါး၌ သန္တောသ ၁၂-ပါး ဖြစ်သည်။

ရသမျှနှင့် မျှတရောင့်ရဲခြင်းသည် ယထာလာဘ သန္တောသ မည်၏။

ခန္ဓာကိုယ် ပိန်လှီသေးငယ်၍ ပေါ့ပါးသော သင်္ကန်းကို လဲလှယ်၍ သုံးဆောင်ခြင်း စသည်လည်းကောင်း၊ မိမိစွမ်းအားရှိသမျှ တတ်နိုင်သမျှနှင့် မျှတရောင့်ရဲခြင်းသည်လည်းကောင်း ယထာဗလ သန္တောသ မည်၏။

မိမိနှင့် သပ္ပာယဖြစ်သော ပစ္စည်းဖြင့်သာ မျှတရောင့်ရဲခြင်းသည် ယထာသာရုပ္ပ သန္တောသ မည်၏။

တစ်နည်းအားဖြင့် ...

၁။ မိမိဥစ္စာဖြင့်သာ မျှတရောင့်ရဲရမည်။

၂။ ထင်ရှားရှိသော ဝတ္ထုပစ္စည်းဖြင့်သာ မျှတရောင့်ရဲရမည်။

၃။ အသိအမှုပြု၍ မျှတရောင့်ရဲရမည်။

ထိုသုံးမျိုးတို့တွင် ...

(၁) ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ရှိရှိသေသေ လှူသည်ဖြစ်စေ၊ မရှိမသေ လှူသည်ဖြစ်စေ၊ ဆွမ်းခံ၍ရသော ဘောဇဉ်ဖြင့် မျှတရောင့်ရဲနေခြင်းသည် မိမိဥစ္စာဖြင့် ရောင့်ရဲသည်မည်၏။

(၂) အကြင်ပစ္စည်းကို ရ၏။ တစ်နည်း-အကြင်ပစ္စည်းသည် မိမိ၌ ရှိ၏။ ထိုပစ္စည်းဖြင့်သာ မျှတရောင့်ရဲ၍ တခြားတစ်ပါးသော ပစ္စည်းကို မတပ်မက် မတောင့်တခြင်းသည် ထင်ရှားရှိသော ဝတ္ထုဖြင့် မျှတရောင့်ရဲ သည်မည်၏။

(၃) ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့၌ နှစ်လိုခြင်း၊ မနှစ်လိုခြင်းကို မဖြစ် စေဘဲ စိတ်ကိုအတူထား၍ မျှတရောင့်ရဲခြင်းသည် အသိအမှုပြု၍ ရောင့်ရဲ သည်မည်၏။

ဤသုံးပါးသော သန္တောသတို့ဖြင့်သော်လည်း မျှတရောင့်ရဲရမည် ဟု ဟောတော်မူသည်။

## အနဝဇ္ဇဘောဇီ သုံးဆောင်နည်းနှင့် ပစ္စေကဗုဒ္ဓါများ

ပစ္စေကဗုဒ္ဓါအရှင်တို့ကဲ့သို့ အနဝဇ္ဇဘောဇီဖြစ်အောင်သော်လည်း သုံးဆောင်သင့်သည်။ တစ်ယောက်သော ဘုရင်မင်းသည် ပစ္စေကဗုဒ္ဓါတို့ကို တွေ့မြင်လျှင် "အရှင်တို့သည် ဘယ်သူများလဲ"ဟု မေး၏။ "မင်းကြီး ငါတို့သည် အနဝဇ္ဇ ဘောဇီ အမည်ရှိသော သူတို့ပေတည်း"ဟု ပြန်ကြား ၏။ အရှင်ဘုရားတို့ အနဝဇ္ဇ ဘောဇီ၏ အဓိပ္ပာယ်ကား ဘယ်လိုပါလဲ"ဟု မေးပြန်၏။ "မင်းကြီး ... ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ရသမျှကို စိတ်ဖောက်ပြန်ခြင်းမရှိဘဲ သုံးဆောင်လေ့ရှိသည်ကို အနဝဇ္ဇ ဘောဇီဆိုသည်"ဟု မိန့်တော်မူကြ၏။

မင်းကြီးသည် ဤပုဂ္ဂိုလ်တွေ အပြောနှင့်အလုပ် ညီမညီ စမ်းကြည့်အံ့ဟု ကြံ၍ ဆွမ်းစားပင့်ပြီးလျှင် ဆန်ကွဲ ဆွမ်းကို ပုန်းရည်နှင့်ကပ်၏။ ပစ္စေကဗုဒ္ဓါတို့သည် နတ်သုဒ္ဓါဘုတ်ကို စားသောက်သုံးဆောင်တော်မူသကဲ့သို့ ဖောက်ပြန်ခြင်းမရှိဘဲ သုံးဆောင်ကြကုန်၏။ မင်းသည် နှစ်သက်သော်လည်း တစ်ရက်ထပ်၍ စမ်းဦးအံ့ဟု နောက်နေ့၌လည်း ဤနည်းပင်ကပ်ပြန်၏။ ပစ္စေကဗုဒ္ဓါတို့သည်လည်း ယခင်နေ့ကာတိုင်း ဘုဉ်းပေးတော်မူကြ၏။ မင်းသည် အကောင်းဖြင့် စုံစမ်းအံ့ဦးဟု မွှန်မြတ်ဆန်းကြယ်သောစားဖွယ်သောက်ဖွယ် ခဲဖွယ် ဘောဇဉ်တို့ဖြင့် တပဟိယနေ့၊ စတုတ္ထနေ့တို့၌ကပ်လှူပြန်၏။

ပစ္စေကဗုဒ္ဓါတို့သည်လည်း ဖောက်ပြန်သော အမူအရာမရှိဘဲ ဘုဉ်းပေးတော်မူကြပြီး လျှင် အနုမောဒနာမင်္ဂလာ တရားစကား မြွက်ကြား၍ကြွသွားတော်မူကြကုန်၏။ မင်းကြီးသည် အရှင်ကောင်းတို့သည် အနဝဇ္ဇဘောဇိအစစ် ဖြစ်တော်မူကြပါပေသည်ဟု အားကျ၍ ရဟန်းပြု၍ တရားအားထုတ်ရာ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်သွားဖူးလေပြီ။ သို့ကြောင့် ပစ္စေကဗုဒ္ဓါတို့ကဲ့သို့မူလည်း အနဝဇ္ဇဘောဇိဖြစ်အောင် သုံးဆောင်ကြရမည်။

## ဆင်းရဲနယ် ကျဉ်းစေသော သန္တောသ

မြန်မာလူမျိုးများမှာ သန္တောသဂုဏ်နှင့် ပြည့်စုံရန် အလွန်လိုအပ်ပေသည်။ နိဗ္ဗာန်ကိုရလိုသော ရဟန်း ရှင်လူ မည်သူမဆို သန္တောသမရှိလျှင် နိဗ္ဗာန်မရနိုင်။ သန္တောသ မရှိလျှင် စိတ်အေးတည်ငြိမ်ချမ်းသာမှုကိုလည်း မရနိုင်ချေ။ ဟင်းအချိုကိုရလျှင် အချဉ်ကို တောင့်တပြန်သဖြင့် ရှာမှီးရသောကြောင့် အချိန်ကုန်၍ ကိုယ်ရောစိတ်ပါ ဆင်းရဲရ၏။ သစ်သားကျောင်းရလျက် ဝါးကျောင်းနှင့်နေလိုပြန်လျှင် ဆင်းရဲရပြန်၏။ အချိန်ကုန်ပြန်၏။

ဒကာ ဒကာမများလည်း အဝတ်အမျိုးမျိုး၊ အထည်အမျိုးမျိုး၊ သေတ္တာကြီးငယ်နှင့် အပြည့်ရှိလျက် နောက်ထပ် အသစ်တောင့်တ၍ လိုချင်

တပ်မက်မှုကြောင့် တရားလက်လွတ်၍ ဆင်းရဲကြရကုန်၏။ အသန္တောသ သည် ဆင်းရဲနယ်ကို ကျယ်စေတတ်၍ သန္တောသရှိမှ ဆင်းရဲနယ် ကျဉ်း လျက် သံသရာဝဋ်တွင်းက လွတ်ကင်းနိုင်မည်ဟု သိတော်မူသော ဘုရား သခင်သည် "သန္တုဋ္ဌဿကော စ"ဟူသော ကျင့်ဝတ်ကို ဟောတော်မူသည်။

## အ သန္တောသ အပြစ် = ရေနစ်သေသော ကျီးကန်းတစ်ကောင်

အသန္တောသ–မရောင့်ရဲနိုင်ခြင်းသည် သံသရာဝဋ်မှ မကျွတ်မလွတ် ၍ နိဗ္ဗာန်ကို မရရှိသာမဟုတ်သေး၊ ယခု ပစ္စက္ခဘဝ၌ပင်လျှင် ရှိသမျှ ရသမျှနှင့် မမျှတ မရောင့်ရဲနိုင်လျှင် ပို၍ဆင်းရဲကြရ၏၊ အသက်တိုကြရ ၏။ ရှိရင်းဥစ္စာပစ္စည်း ကုန်ခန်းကြရ၏။ လောဘကို ဇက်မသတ်ကြလျှင် ပြီးသည်၊ ဆုံးသည်၊ ဝသည်၊ ပြည့်စုံသည်ဟူ၍ မရှိချေ။

သဝိဋ္ဌကအမည်ရှိသော ကျီးတစ်ကောင်သည် ဝီရကအမည်ရှိသော တင်ကျီးနှင့် မိတ်ဆွေဖြစ်ကြ၍ ရံခါရံခါ တင်ကျီးက ငါးဖမ်း၍ စားရ၏။ နောက် တင်ကျီးက ဖမ်းပေးသည်နှင့် တင်းမတိမ် မရောင့်ရဲနိုင်၍ ကိုယ်တိုင် ရေထဲသို့ငုပ်ကာ ငါးဖမ်းမည်ပြုလျှင် တင်ကျီးက အဆွေမငုပ်နှင့်၊ အသင် ရေ၌မကျင်လည်ဘူး၊ ဒုက္ခဖြစ်လိမ့်မည်၊ ငါဖမ်းပေးတာကိုသာ စားပါဟု တားမြစ်လျက် မနေဘဲ သန္တောသမရှိ၍ ရေထဲငုပ်ပြီး ငါးဖမ်းရာ ရေညှိ ဒိုက်သရေမျှားနှင့်ငြိသဖြင့် မပေါ်ထွက်နိုင်မူ၍ အသက်ဆုံးရှုံးရဖူးလေသည်။

ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်၍ တစ်ကမ္ဘာလုံး သတ္တဝါတွေ ဒုက္ခ အမျိုးမျိုးနှင့် တွေ့ကြုံကြရသည်မှာလည်း သန္တောသ မရှိမှုကြောင့်သာလျှင် ဖြစ်ပေသည်။

သို့ကြောင့် အသန္တောသတည်းဟူသော မဟိစ္ဆအယုတ်တရား မိမိတို့ သန္တာန်၌ ခေါင်းပါးအားနည်းစေလျက် ရသမျှနှင့် ရောင့်ရဲခြင်းဟူသော သန္တောသဂုဏ်နှင့် ပြည့်စုံစေ၍ နိဗ္ဗာန်ရကြောင်းတရားတို့ အားထုတ် ကြရမည်။

သုဘာရော စ–ပြုစုလုပ်ကျွေး မွေးမြူသော ဒကာ ဒကာမတို့သည်

စိတ်ဆင်းရဲ ငြိုငြင် ပင်ပန်းခြင်းမရှိဘဲ လွယ်လွယ်ကူကူ ချမ်းချမ်းသာသာ ပြုစုလုပ်ကျွေးမွေးမြူနိုင်သည်ကို "သုဘရ" ဆိုသည်။

အကြင်ရဟန်းသည် ဒကာ ဒကာမတို့က ဒံပေါက်ဆွမ်း စသော မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို သပိတ်ပြည့်အောင် ထည့်လောင်း လှူဒါန်းလိုက်သော်လည်း စိတ်နှလုံး မကြည်မသာ မျက်နှာမလှဘဲ သင်တို့ ဆွမ်းကို ဘာလုပ်ရမည်လဲ စသည်ဖြင့် ပြောဆိုရေရွတ်၍ လူသာမဏေတို့ အား ပေးစွန့်ပစ်လိုက်၏။ ထိုသို့သော ရဟန်းမျိုးသည် အမွေးအမြူခက် သော ဒုဗ္ဘရပုဂ္ဂိုလ်မည်၏။ ရဟန်းမြင်လျှင် ဤရဟန်းသည် အမွေးအမြူ အပြုအစုခက်သော ရဟန်းပဲဟူ၍ ဝေးဝေးမှ ရှောင်ကြကုန်၏။ အမွေးအမြူ ခက်သော ဆရာရဟန်းကို တပည့်ဖြစ်သော ရဟန်းသာမဏေတို့သည် လည်း ငြိုငြင်စွာ ပြုစုလုပ်ကျွေးကြကုန်၏။

## သုဘရဂုဏ်ရှိတော်မူသော စံကျောင်းဆရာတော်

ယခုအခါ သက်တော် ၇၃-နှစ်၊ သိက္ခာ ဝါတော် ၅၃-ဝါ ရှိတော် မူပြီးသော ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် ကျေးဇူးရှင် စံကျောင်း ဆရာတော်ဘုရားနှင့် သက်တော် ၆၃-နှစ်၊ သိက္ခာဝါတော် ၄၃-ဝါရှိတော် မူပြီးသော ကျေးဇူးရှင် တိုက်အုပ်ဆရာတော်ဘုရားတို့သည် သုဘရဂုဏ် တော်နှင့် အထူးပင် ပြည့်စုံတော်မူကြပေသည်။ မိမိသည် သာမဏေငယ် အဖြစ်မှစ၍ အန္တေဝါသိကအတွင်းနေ တပည့်ရင်းအဖြစ်ဖြင့် နီးကပ်စွာ ခြေတော်ရင်း၌ နေခဲ့ရာ ယနေ့အထိ အမွေးအမြူ ခက်တော်မူကြသည်ကို မသိရသည်သာမက အနီးနေ တပည့်ရင်း ရဟန်းသာမဏေများကိုပင် ဘာကိုစားလိုသည်ဟူ၍ လည်းကောင်း၊ ဘယ်ဟင်းဟာ တကယ်ကောင်း တယ်၊ သပ္ပာယဖြစ်တယ်၊ ခံတွင်းတွေ့တယ်ဟူ၍ လည်းကောင်း ယောင်၍ မျှ မိန့်တော်မူသည်မရှိ၊ ကပ်သမျှ လှူသမျှကိုသာ ကြည်လင်သော အမူ အရာဖြင့် ဘုဉ်းပေးတော်မူကြပေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားများကဲ့သို့ အပြုအစုလွယ်ခြင်းသည်

ပြုစုသော ပုဂ္ဂိုလ်၊ အပြုအစုခံရသော ပုဂ္ဂိုလ် နှစ်ဦးလုံးပင် ကြည်သာရွှင် သန်း စိတ်ချမ်းသာမှုကို ရကြ၍ နိဗ္ဗာန်ရကြောင်းကို ကောင်းစွာအားထုတ် နိုင်မည် ဖြစ်သောကြောင့် သုဘရော စ ဟူ၍ ဟောတော်မူသည်၊ နည်း သည် ဖြစ်စေ၊ များသည် ဖြစ်စေ၊ ကောင်းသည် ဖြစ်စေ၊ ညံ့သည် ဖြစ်စေ ရသမျှ လှူသမျှကို ကြည်သာရွှင်လန်းစွာ အလှူခံယူသုံးဆောင်တတ်သော ပုဂ္ဂိုလ် ကိုမူကား တပည့်များ၊ ဒကာ ဒကာမများက ရဲရဲဝံ့ဝံ့ရှိ၍ သူက ပြုစုလုပ်ကျွေးမည်၊ ငါက ပြုစုလုပ်ကျွေးမည်ဟု တာဝန်ယူချင်ကြ၏။ သို့ကြောင့် နိဗ္ဗာန်ကို ရလို ရောက်လိုသော ပုဂ္ဂိုလ်သည် အပြုအစု အလုပ် အကျွေး လွယ်ကူစေရမည်။

အပ္ပကိစ္စော စ-ကိစ္စနည်းပါးရမည်၊ အမှုကိစ္စများခြင်း မရှိ၊ စကား ပြော မများရ၊ အပေါင်းအဖော်တွေနှင့် အချိန်မကုန်စေရ၊ နဝကမ္မကိစ္စ၊ သံဃာဂိုဏ်း၊ သာမဏေ၊ အာရာမ်စောင့်များကို ခိုင်းစေ စီမံဆောင်ရွက် ရသော ကိစ္စတွေနှင့် အချိန်မကုန်စေရ၊ မိမိဆံပင်ကို ရိတ်ခြင်း၊ ခြေသည်း လက်သည်း ဖြတ်ခြင်း၊ သပိတ်ဖုတ်ခြင်း၊ သင်္ကန်းချုပ်ခြင်း စသော မပြုလျှင်မဖြစ်လောက်သော ကိစ္စများကိုသာ ပြုလုပ်ဆောင်ရွက်၍ ရဟန်း တရားကို အားထုတ်ရမည်ဟု ဟောတော်မူသည်။

သလ္လဟုကဝုတ္တိ-ပေါ့ပါးနည်းငယ်သော ပစ္စည်းပရိက္ခရာ ရှိရမည်၊ အနည်းငယ်သော ပစ္စည်း၊ ပေါ့ပါးသော ပစ္စည်းဆိုသည်မှာသပိတ်၊ သင်္ကန်း စသော ပရိက္ခရာကို ဆိုသည်။

ခရီးသွားလိုလျှင်လည်း မိမိ သပိတ် သင်္ကန်း စသော ပရိက္ခရာ ကို ကိုယ်တိုင် သက်သာလွယ်ကူစွာ ယူဆောင်၍ သွားနိုင်သဖြင့် တာဝန် ပေါ့၏။ လှည်း ရထား မငှားရ၊ ကူလီ အထမ်းအရွက် မခေါ်ရဘဲ ပြီး၏။

## သလ္လဟုကဝုတ္တိ ဂုဏ် မရှိသော မထေရ်ကြီးတစ်ပါး

လွန်လေပြီးသောအခါက သီဟိုဠ်ကျွန်း၊ အနုရာဓမြို့သား အမျိုး ကောင်းသား နှစ်ယောက်တို့သည် ထူပါရုံကျောင်းတိုက်၌ ရဟန်းပြုကြ ကုန်၏။

တစ်ပါးသည် ဒွေမာတိကာဆောင်၍ ၅-ဝါရလျှင် ပါစိနခဏ္ဍာရာဇိ အရပ်သို့ သွား၍ သီတင်းသုံးနေ၏။ တစ်ပါးကား ထုပါရုံကျောင်းတိုက် ၌ပင် နေ၏။

ပါစိနခဏ္ဍာရာဇိ၌နေသော ရဟန်းသည် ထိုအရပ်၌ကြာမြင့်စွာ နေ၍ ထေရ်ကြီးဖြစ်လျှင် ဤအရပ်၌ ပစ္စည်းလေးပါးပြည့်စုံသည်၊ နေခြင်းငှာ လျှောက်ပတ်သော အရပ်ဖြစ်သည်၊ ငါ့မိတ်ဆွေကို သွား၍ပြောကြားအံ့ဟု ကြံ၍ ထုပါရုံသို့ လာခဲ့၏။ ထုပါရုံ၌နေသော ရဟန်းသည် ခရီးဦးကြို ပြုကာ သပိတ်၊ သင်္ကန်း လှမ်းယူ၍ ဝတ်ကိုပြု၏။

အာဂန္တုကထေရ်က စိတ်ထင်သည်မှာ ငါ့မိတ်ဆွေသည် ဤအရပ်၌ ကြာရှည်စွာ နေသည်ဖြစ်၍ ထောပတ်၊ တင်လဲ အဖျော်ယမကာတစ်ခုခုကို ကပ်စေလိမ့်မည် ထင်၏။ ညအချိန်လွန်၍ မကပ်သာ၊ နံနက်စောစော ရောက်လျှင် ဒကာ ဒကာမများက ယာဂုတို့၊ ခဲဖွယ်တို့ ကပ်လှူလာလိမ့်မည် ထင်၏။ အချိန်ကုန်၍ မမြင်လျှင် ကျောင်းသို့ မပို့နိုင်၍ရှိမည်၊ ဆွမ်းခံဝင်သောအခါ ကပ်လှူလိမ့်မည်ထင်၍ စောစောကပင် အာဝါသိက မိတ်ဆွေ ရဟန်းနှင့်အတူ သပိတ်ယူ၍ ရွာသို့ဝင်၏။ လမ်းတစ်လမ်းမှ ယာဂု တစ်ယောက်ချိုမျှ ရ၍ ဇရပ်သို့ဝင်၍ သောက်ကြ၏။ အာဂန္တုထေရ်က ထင်ပြန်သည်မှာ သည်ယာဂုက အမြဲလှူသော နိဗဒ္ဓယာဂု ဖြစ်ဟန်တူ၏၊ ဆွမ်းချိန်၌ မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ကို လှူကြတန်ရာ၏ဟု ထင်၍ ဆွမ်းခံဝင်ကြပြန်သော် ဆွမ်းခံရသမျှကိုပင် ဘုဉ်းပေးတော်မူကြရသည် ရှိသော် အာဂန္တုထေရ်က ...

အရှင်ဘုရား နေ့တိုင်း ဤလိုချည်းပဲလားဟု မေး၏။

နေ့တိုင်း သည်လိုချည်းပင် ဖြစ်ပါသည်ဟု ဖြေ၏။

ဒါဖြင့် အရှင်ဘုရား ပါစိနခဏ္ဍာရာဇိအရပ်သည် ချမ်းသာပါသည်၊ ပါစိနခဏ္ဍာရာဇိအရပ်သို့ သွားကြပါကုန်အံ့ဟု ပြော၏။

ဆွမ်းခံရာမှပြန်လျှင် အာဝါသိကထေရ်သည် ပါစိနခဏ္ဍာရာဇိလမ်း သို့ ရှေးရှုကြွသည်ရှိသော် အရှင်ဘုရား ဘယ်လမ်းက ကြွမလို့လဲမေးရာ...

အရှင်ဘုရားက ပါစိနခဏ္ဍာရာဇ်၏ ဂုဏ်ကျေးဇူးကို ပြောသည် မဟုတ်လောဟု အာဝါသိကထေရ်က ပြောလျှင် ...

အရှင်ဘုရား ... ဤအရပ်၌ ဤမျှကြာမြင့်စွာ နေပါလျက် အပိုအမို ပရိက္ခရာ အသုံးအဆောင် မရှိပါဘူးလားဟု မေး၏။

ဟုတ်ပါသည်၊ ညောင်စောင်း အင်းပျဉ်သာရှိသည်။ ဒါလည်း သံဃိကပစ္စည်းဖြစ်သည်၊ သိမ်းပြီးပင်တည်း။ သည့်ပြင် ဘာမှမရှိပါဘူးဟု ဖြေ၏။

အာဂန္တုကထေရ်က အရှင်ဘုရား ... တပည့်တော်၏ တောင်ဝှေး၊ ဆီကြည်၊ ဖိနပ်အိတ်များ ကျောင်းမှာ ထားခဲ့ပါသည်။ အရှင်ဘုရားကဲ့သို့သော ပုဂ္ဂိုလ်သည် ဘယ်အရပ်မဆို တောကျောင်းချည်းပင် ဖြစ်ပါသည်။ ထုပါရုံ စေတီတော်ကြီးသည် လေးဆူသော ဘုရားရှင်တို့၏ ဓာတ်တော် မွေတော်တို့ကို တည်ထားကိုးကွယ်ရာ ဖြစ်ပါသည်။ လောဟပါသာဒ၌ တရားနာယူခြင်းငှာ သပ္ပာယဖြစ်ပါသည်။ မဟာစေတီကို ဖူးမြော်ခြင်း၊ သံဃာထေရ်ကြီးများကို ဖူးမြော်ခြင်းကို ရပါသည်။ ဘုရားသခင် သက်တော်ထင်ရှား ရှိနေသည်နှင့် တူပါသည်။ ဤအရပ်မှာသာ သီတင်းသုံးတော်မူပါဟု ကြည်ညိုသဒ္ဓါနှင့် ရှိသေစွာ လျှောက်ထား၍ ပါစိနခဏ္ဍာရာဇ်သို့ ပြန်ကြွတော်မူလေသည်။

ဤဝတ္ထုလာ ထုပါရာမဝါသိမထေရ်ကဲ့သို့ သလ္လဟုကဝုတ္တိဖြစ်၍ နိဗ္ဗာန်ရကြောင်းတရားကို အားသစ်ကြိုးစားရာသည်။

သန္တိန္ဒြိယော စ-ဣန္ဒြာရုံ စသည်တို့၌ ရာဂ စသည်တို့၏အစွမ်းဖြင့် တက်ကြွလျှပ်ပေါ်သော ဣန္ဒြေကို မဖြစ်စေဘဲ ငြိမ်သက်တည်ကြည်သော ဣန္ဒြေရှိရမည် ဆိုသည်။

ဣန္ဒြိယသံဝရသီလသည် အိမ်အမိုးနှင့်လည်း တူ၏။ မြို့ရွာတို့၌ တံတိုင်း၊ ဆူးတားနှင့်လည်း တူ၏။ အမိုးမလုံသော အိမ်သည် မိုးဝင်၍ ဆွေးမြည့် ပျက်စီးတတ်သကဲ့သို့ လည်းကောင်း၊ အကာအရံ ဆူးတားမရှိသော ရွာသည် သူခိုး ဓားပြ သူပုန်ဘေးတို့မှ မလုံမူ၍ ဥစ္စာပစ္စည်း ပျက်ပြား

သကဲ့သို့ လည်းကောင်း ဣန္ဒြေကို မစောင့်၊ တည်ငြိမ်သော ဣန္ဒြေမရှိသော ပုဂ္ဂိုလ်၌ ပါတိမောက္ခသံဝရသီလသည်လည်း ရှည်မြင့်စွာ မတည်မူ၍ ပျက်စီးတတ်လေသည်။

## သန္တိန္ဒြိယ ဂုဏ်ရှိတော်မူသော အရှင်မြတ်ကြီး ၃-ပါး

စိတ္တဂုတ္တထေရ်သည် ကုရဏ္ဍကလိုဏ်၌ အနှစ် ၆၀-ကျော် သီတင်းသုံးတော်မူလျက် အထက်သို့ မော်၍ မကြည့်ဖူးသောကြောင့် ခုနစ်ဆူသော ဘုရားအလောင်းတော်တို့၏ တောထွက်ခန်း ပန်းချီကားများ ရှိသည်ကို မသိ၊ အာဂန္တုကရဟန်းများ မြင်၍ လျှောက်သော်မှပင် သိရသတတ်။ လိုဏ်ဝ၌ ပေါက်သော ကံ့ကော်ပင်ပွင့်တို့ကိုလည်း ဝတ်မှုံ ဝတ်ဆံများ ကြွေကျသည့်အခါမှ သိရ၏။ ရှင်ဘုရင်က နန်းတော်သို့ပင့်၍ ဆွမ်းကပ်ပြီးနောက် ပြန်ကြွတော်မူလျှင် ဘုရင်နှင့် မိဖုရားတို့ ရှိခိုးကြသည်ကို ဘုရင်ဟူ၍လည်းကောင်း၊ မိဖုရားဟူ၍လည်းကောင်း အမှတ်မထား မကြည့်ရှုဘဲ မင်းကြီး ချမ်းသာပါစေဟူ၍သာ ဆုပေးတော်မူသည်ဟူ၏။

မဟာမိတ္တထေရ်သည်လည်း မယ်တော်၌ အိုင်းအနာပေါက်၍ နှမဘိက္ခုနီမက ဆေးလာတောင်းရာ ငါသည် ရဟန်းဖြစ်သည်မှ စ၍ လောဘသဟဂုတ်စိတ်ဖြင့် ဣန္ဒြေကို ဖျက်ဆီး၍ ဝိသဘာဂ အာရုံကို မကြားဖူးပေ။ ဤသို့ မှန်ကန်စွာ ဆိုရသော သစ္စာစကားကြောင့် မယ်တော်သည် ချမ်းသာပါစေဟု သစ္စာပြုတော်မူခြင်းဖြင့် မယ်တော် ချမ်းသာရာရလေသည်။

ဥပဇ္ဈာယ်ဆရာရင်းဖြစ်တော်မူသော ကျေးဇူးရှင် ရန်ကုန်မြို့ ကျောင်းတော်ရာ၊ ရွှေကျင် ဆရာတော်ဘုရားကြီးသည်လည်း ကုရဏ္ဍကဝါသီ စိတ္တဂုတ္တထေရ်မြတ်ကဲ့သို့ တည်ငြိမ်သော ဣန္ဒြေရှိတော်မူသည်။ မျက်လွှာချ၍ နေတော်မူလေ့ရှိသဖြင့် မျက်ခွံကြောကလေးများ သေနေသည် ဟူ၍ပင် ထင်မှတ်ရသည်။

ကျောင်းတိုက် အာရာမ်တွင်းရှိ နေ့သန့် သီတင်းသုံးတော်မူရာ ကျောင်းမှ ညဥ့်သန့် သီတင်းသုံးတော်မူရာ ကျောင်းသို့ ကြွတော်မူသည့်

အခါ ဥပုသ်ပဝါရဏာကံ စသည့်ကိစ္စအတွက် သိမ်တန်ဆောင်းသို့ကြွတော်မူသောအခါ နေ့စဉ် ဆွမ်းခံကြွတော်မူသည့်အခါတို့၌ စက္ခုစသော ဣန္ဒြေတော်သည် လျှပ်ပေါ်လော်လီမှု မရှိ။ တောင်၊ မြောက်လေးပါးတို့ကို ကြည့်တော်မမူ၊ ဆင်ဖြူတော်ကြီးသွားသည့်ပမာ လွန်စွာသိမ်မွေ့ တည်ငြိမ်သော ဣန္ဒြေတော်ဖြင့် ကြွတော်မူလေ့ရှိရာ ဖူးမြင်ရသူ ရဟန်း ရှင်လူတို့၏ ပီတိသောမနဿကို များစွာဖြစ်စေတော်မူသည်။ ကျောင်းတွင်း၌လည်း ဧကစာရီ သိတင်းသုံးတော်မူလေ့ရှိရာ အခါမရွေး၊ နေ့ညဥ့်မဟူ ကျစ်လျစ်ပိပြား ၆-ပါးသော ဣန္ဒြေကို ထိန်းတော်မူ၍သာလျှင် သိတင်းသုံးတော်မူလေသည်။

ဤမထေရ်မြတ်တို့ကဲ့သို့ သန္တိန္ဒြိယ ရှိထိုက်လှပေသည်။ သို့ရာတွင် ဤသာသနာတော်၊ ဤဝဋ္ဋသာမကတို့သည်ကား အမြတ်ဆုံး အထက်ဆုံး ဖြစ်ကုန်၏။ စိတ်ဆိုသည်မှာလည်း လဟုပရိဝတ္တအဖြစ် မြန်သောကြောင့် ရံခါ ဣန္ဒြေ မငြိမ်မသက်မှု၊ မလုံခြုံမှုကြောင့် ဖြစ်တတ်သော ရာဂ စသည်ကို အသုဘ-ဘာဝနာကို နှလုံးသွင်းခြင်းဖြင့် ပယ်ဖျောက်၍ အားထုတ်အပ်လေသည်ဟူ၍ အဋ္ဌကထာဆရာ မှာတော်မူလေသည်။

နိပကော စ-သီလကို စောင့်ရှောက် ထိန်းသိမ်းနိုင်သော ပညာ၊ သင်္ကန်း စသည်ကို ချုပ်ဆိုး စီရင်တတ်သော ပညာ၊ အာဝါသ သပ္ပာယ စသည်ကို သိတတ် ရွေးချယ်တတ်သော ပညာဉာဏ် ရှိရမည်ဆိုသည်။

အပ္ပဂဗ္ဘော စ-၈ ပါးသော အကြောင်းအရာအားဖြင့် ကိုယ်အမူအရာ လျှပ်ပေါ်ကြမ်းတမ်းခြင်း၊ ၄-ပါးသော အကြောင်းအရာအားဖြင့် နှုတ်အမူအရာ လျှပ်ပေါ်ကြမ်းတမ်းခြင်း၊ များစွာသော အကြောင်းအရာအားဖြင့် စိတ်၏ လျှပ်ပေါ်ကြမ်းတမ်းခြင်းကို မဖြစ်စေရ၊ လျှပ်ပေါ်သော အမူအရာ ကြမ်းတမ်းသော အမူအရာကို ပယ်ရမည်။

၈-ပါးသော အကြောင်းအရာအားဖြင့် ကိုယ်အမူအရာ လျှပ်ပေါ်ကြမ်းတမ်းခြင်း မည်သည်ကား သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်၊ ဆွမ်းစားဇရပ်၊ ဇရုံးအိမ်၊ ရေချိုးအိမ်၊ ဆွမ်းခံလမ်း၊ ရွာတွင်းသို့ဝင်သော အခါတို့၌ ကိုယ်ဖြင့် မသင့်တော် မလျောက်ပတ်သော အမူအလုပ်ကို ပြုလုပ်ခြင်းတည်း။

## ကိုယ်အမူအရာ ကြမ်းတမ်းခြင်းဆိုသည်မှာ

ချဲ့ဦးအံ့ ...။ အချို့သော ပုဂ္ဂိုလ်သည် သံဃာ့အစည်းအဝေး၊ သံဃာ့ပရိသတ်အလယ် စသည်တို့၌ သံဃာအား ရိုသေလေးမြတ်ခြင်း မရှိဘဲ လက်ပိုက်၍မူလည်း နေတတ်၏။ ခြေတစ်ဖက်ပေါ်၌ တစ်ဖက် တင်၍မူလည်း နေတတ်၏။

ဆွမ်းစားရပ် စသည်၌ သီတင်းကြီးငယ် အစဉ်အတိုင်းဖြစ်သော နေရာကို မပေးမူ၍လည်း လုယက်နေတတ်၏။ သီတင်းငယ်တို့ကိုလည်း တိုးဝှေ့တားမြစ်၍ နေတတ်၏။

ဇရုံးအိမ်၌ ထေရ်ကြီးများအား မပန်ကြားဘဲ မီးထည့်ခြင်းအမူ စသည်ကို ပြု၏။

ရေချိုးဆိပ်၌ သီတင်းကြီးငယ် အစဉ်မရွေးဘဲ အလျင်ရောက်သူ အလျင်ရချိုး၍ နောက်ရောက်သူ နောက်မှရေချိုးရမည်ကို မလိုက်နာ၊ အခြား သီတင်းကြီး သီတင်းငယ်တို့ကို တားမြစ်၍ နောက်မှရောက်လျက် အလျင် ရေချိုးတတ်၏။

ဆွမ်းခံလမ်း၌ ဆွမ်းကောင်း ဟင်းကောင်း နေရာကောင်းရစေရန် ထေရ်ကြီးတို့နှင့် လက်မောင်းချင်း ဘေးချင်း ထိခိုက်တိုးဝှေ့၍ ရှေ့ကတက် သွားတတ်၏။

ရွာတွင်းသို့ ဝင်သောအခါ ထေရ်ကြီးများ၏ ရှေးဦးစွာ ဝင်တတ်၏။

ဤသို့သော အမူအရာတို့သည် ကာယပ္ပဂဗ္ဘိယ ကိုယ်အမူအရာ အပြုအလုပ် လျှပ်ပေါ်ကြမ်းတမ်းခြင်းတို့ မည်ကုန်၏။

ယခုအခါ ယခုခေတ်၌ ယဉ်ကျေးသည်ဆိုသော အင်္ဂလိပ်စသော ဥရောပတိုက်သားများ၊ အမေရိကတိုက်သားများသည် မီးရထား၊ မီသင်္ဘော၊ ပွဲရုံ စသည်တို့၌ လက်မှတ်ယူကြသောအခါ တိုးဝှေ့ခြင်းမရှိ၊ ရှေ့ရောက် သောသူရှေ့၊ နောက်မှရောက်သူ နောက်ကနေ၍ အစဉ်အတိုင်း လက်မှတ် ဝယ်ယူကြခြင်း၊ လူ ၅၀–သာဆန့်သော လက်ဖက်ရည်ဆိုင်၌အတွင်းမှာ

လူပြည့်နေလျှင် အပြင်ကလူများသည် စိတန်းကာစောင့်၍ အစဉ်လိုက် သာလျှင် ဝင်ရောက် လက်ဖက်ရည်သောက်ခြင်း စသည်တို့သည် အပွဂဏ္ဍ ဂုဏ်အင်္ဂါ ရှိကြပေသည်။ ယဉ်ကျေးကြပေသည်။ ဘုရားအလိုတော် ကျလှ ပေသည်ဟု ဆိုရပေမည်။ မေတ္တာသုတ်ကို အာဂုဏ်နှုတ်တက် ဆောင်ရွက် ရွတ်ဖတ်နေကြသော မြန်မာလူမျိုးတို့၌သာ ပဂဗ္ဘိယဖြစ်နေကြပေသည်။ သတိပြု၍ ပြုပြင်ထိုက်လှပြီ။

## နှုတ်အမှုအရာ ကြမ်းတမ်းခြင်းဆိုသည်မှာ

လေးပါးသော အကြောင်းအရာအားဖြင့် နှုတ်အမှုအရာ လျှပ်ပေါ် ကြမ်းတမ်းခြင်းမည်သည်ကား သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့နှင့် ဆုံတွေ့ စည်းဝေးသောအခါ၊ ရွာတွင်းသို့ ဝင်သောအခါ စသည်တို့၌ မသင့်လျော် မလျောက်ပတ်သော အပြောအဆိုကို ပြုမူပြောဆိုတတ်ခြင်းတည်း။

လူတို့က မေးမြန်း လျှောက်ထားသောအခါ ထေရ်ကြီးများထံ၌ အခွင့်မတောင်းဘဲ ဖြေကြား၏။

ဒကာ ဒကာမများထံ သွား၍ ဟဲ့ ... ဒီအိမ်မှာ ဘာများရှိကြလဲ၊ ဘာများ ပေးကြ ကျွေးကြမလဲ စသည်တို့ကို ပြောဆိုခြင်းကို ဆိုသည်။

များစွာသော သံဃာတော်များ၊ ထေရ်ကြီးများသည် ဆိုအပ်ပြီးသော ဝစီပဂဗ္ဘိယမှု ကင်းတော်မူကြသည်ကိုပင် အချို့ ဆွမ်းကပ်လှူကြသော ဒကာ ဒကာမများက မကျေမနပ် ရှိတတ်ကြလေသည်။ “ကိုယ်တော်ကြီး က ဘာမှလည်းမပြောဘူး၊ သစ်တုံးကြီးလို ကပ်တာကိုသာ စားပြီး သွား တာပဲ၊ တို့ ကိုယ်တော်မှ သွက်သွက်လက်လက် ရှိတယ်” စသည်ဖြင့် ပြောမိတတ်ကြသည်။ ပဂဗ္ဘိယမဖြစ်အောင် စောင့်စည်း၍ ကပ်လှူသမျှ ရသမျှနှင့် ရောင့်ရဲတော်မူသည်ကို သတိပြု၍ ကြည်ညိုသဒ္ဓါကိုသာလျှင် မိမိသန္တာန်၌ တိုးပွားစေရသည်။

ကုလေသွနာနုဂိဒ္ဓေါ-အကြင် ဒကာ ဒကာမတို့အား အမှီပြု၍နေ ၏။ ထိုဒကာ ဒကာမတို့၌ ပစ္စည်းကို တပ်မက်ခြင်းကြောင့် ဖြစ်စေ၊

ဂေဟာဿိတပေမ သဘော လူခင်ခင်၍ ကပ်ငြိတွယ်တာမှု မရှိရခြင်းသည် "ကုလေသွနာနုဂိဒ္ဓ" မည်၏။

ဒကာ ဒကာမများနှင့် ချမ်းသာအတူ ဆင်းရဲအမျှ ဝမ်းသာဖွယ် ရှိလျှင်လည်း အထူးဝမ်းသာ၍ စိုးရိမ်ပူပန်ဖွယ် ရှိလျှင်လည်းအတူ၊ စိုးရိမ် ပူပန်ခြင်းကို မဖြစ်စေရ၊ ဒကာ ဒကာမတို့၌ ကိစ္စကြီးငယ် ဖြစ်ပေါ်လာလျှင် ကိုယ်တိုင်မှုလည်း အားထုတ်ဆောင်ရွက်မှု စသည်ကို မပြုမလုပ်ရ ဟု ဆိုလိုသည်။

ဒုတိယ ကမ္ဘာစစ်အတွင်းက မြန်မာပြည်သည်လည်း စစ်တလင်း စစ်မြေပြင်ဖြစ်၍ ဒကာ ဒကာမတွေမှာ မိမိတို့၏ အိုးအိမ်ကို စွန့်ပစ်ထားခဲ့ကြရပြီးလျှင် သံဃာတော်များအနီး ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ကန်၊ ဇရပ်တို့ကို ကပ်၍ ရှင်နှင့် လူတို့ တစ်ဦးကိုတစ်ဦး အားပြုမှီကပ် စည်းရုံးစောင့်ရှောက်နေကြရသော အခါမျိုးကိုကား ဘေးအန္တရာယ်ကြောင့် ခွင့်လွှတ်ကြရမည်သာ ဖြစ်သည်။

ဤအရာ၌လည်း ရဟန်းတော်များက ကောင်းချင်လျက် ဒကာ ဒကာမများဘက်က ဖျက်ဆီးတတ်၏။ ဖျက်ဆီးသည်ဟု ဆိုသည်မှာ သာသနာတော် ညှိုးကွယ်၍ ရဟန်းတော်များ သီလသိက္ခာ ညစ်နွမ်းပျက်စီးစေလိုသော ပဒုဋ္ဌစေတနာရှိ၍ တမင် ဖျက်ဆီးကြသည်ကား မဟုတ်ပေ။ ဤသို့ ရဟန်းတော်များ ပြုလုပ်နေထိုင်လျှင် ဤသို့ ကျေးဇူးဆုတ်ယုတ် ပျက်စီးတတ်သည်ကို သတိမမူမိ မသိရှိကြသောကြောင့်သာလျှင် ဖြစ်သည်။ ဒကာများထက် ဒကာမများဘက်က ဤအချက်၌ အထင်အမြင် အယူ အဆ ပိုတတ်ကြသည်။

ရဟန်းကောင်းပီပီ ဣန္ဒြေရရ သာသနာ့ကိစ္စ ပင့်ဖိတ်ရေးကိစ္စရှိမှ ဒကာ ဒကာမအိမ်သို့ လာ၍ သာသနာ့ကိစ္စ၊ သံဃာ့ကိစ္စ၊ ပုညမင်္ဂလာကိစ္စ စသည်မရှိက ကြောင့်ကြ ဗျာပါဒကင်းရှင်းစွာ ခုရ နှစ်ဖြာကိုသာလျှင် ဆောင်ရွက်တော်မူကြသော ရဟန်းတော်များကို အချို့ ဒကာ ဒကာမများ သည် "ဒီကိုယ်တော်က အိမ်ကိုမှ မလာဘူး၊ ဘာမှ မေးဖော်စမ်းဖော်

မရဘူး၊ ကြောင့်ကြောင့်ကြကြ ဘာမှမရှိဘူး၊ ဘယ်ကိုယ်တော်ဖြင့် သူ့ဒကာမကြီး ကိစ္စကိုအားလုံး စီမံဆောင်ရွက်ပေးရာပေတယ်၊ အရောင်းအဝယ်ကိစ္စမှာပင် ဒီကိုယ်တော်ပဲ စီစဉ်ပေးရတာပဲ၊ အင်မတန် တော်တာပဲ” စသည်ဖြင့် ပြောတတ်ကြ၏။

သာသနာ့ဂုဏ်နှင့် သံဃာ့ကိစ္စကို သိရှိကြသော ဒကာ ဒကာမများ ကမူကား ရဟန်းတော်များက ပုထုဇဉ်အလျောက် စိုးရိမ်ကြောင့်ကြခြင်း၊ ပစ္စက္ခအကျိုးစီးပွားကို လိုလားတောင့်တခြင်းကြောင့် ကူညီစေလိုကာမူ ...

၁။ သံဃာတော်များသည် ငါတို့ကြောင့် သီလပျက်ယွင်း ညစ်နွမ်းခြင်း မရှိစေနှင့်၊

၂။ ရဟန်းကိစ္စ မယုတ်မလျော့ပါစေနှင့်၊

၃။ ငါတို့လည်း အပြစ်မဖြစ်ပါစေနှင့်၊

ဟု ဖြူစင်၍ ဉာဏ်နှင့်ယှဉ်သော စိတ်ဖြင့် တားမြစ်ကြကုန်၏။ ကြောင့်ကြကင်းကွာ၊ ဗျာပါမရှိ၊ ဘာသိဘာသာ မုရနစ်ဖြာကို အားထုတ်နေတော်မူကြသည်ကိုပင် အလွန်လျှင် ကြည်ညိုအားရ နှစ်သက်ကြကုန်၏။

မဟာဇနကမင်းကြီးသည် မြောက်ဘက်နန်းတော် လေသာပြတင်းကိုဖွင့်၍ ဂန္ဓမာဒနတောင် ပစ္စေကဗုဒ္ဓါအရှင်မြတ်များ သီတင်းသုံးတော်မူရာဆီသို့ လက်အုပ်ချီလျက် ...

အတိက္ကန္တာ ဝနထာ ဓီရာ၊
နမော တေသံ မဟေသိနံ။
ယေ ဥဿုကမှိ လောကမှိ၊
ဝိဟရန္တိ အနုဿုကာ။
ဟု ဆို၍ ရှိခိုးလေ့ရှိလေသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် လွန်မြောက်ပြီးသော တဏှာ အာသာ ရှိတော်မူကြကုန်သည်ဖြစ်၍ ကြောင့်ကြ တောင့်တ၍နေကြသော လောကကြီးထဲ၌ ကြောင့်ကြမှု၊ တောင့်တမှုမရှိ လွတ်ကင်းချမ်းသာစွာ

သီတင်းသုံး နေတော်မူကြကုန်၏။ သိလက္ခန္ဓ စသည်ကို ရှာမှီးတော်မူပြီးသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား ရှိခိုးပါ၏ဟု ချီးကျူးဝမ်းသာ ကြည်ညိုသဒ္ဒါနှင့် လက်အုပ်ချီကာ ရှိခိုးခြင်း ဖြစ်သည်။

သာသနာ့ပ ကာလဖြစ်၍ မဟာဇနကမင်းကြီးသည် ပစ္စေကဗုဒ္ဓါတို့အား ရှိခိုးရလေသည်။ မဟာဇနကမင်းကြီးကဲ့သို့ သာသနာ့ဉာဏ် ယှဉ်ကြကုန်သည်ဖြစ်၍ ရဟန်းတော်ကောင်းများကို ကြည်ညို လေးစားနိုင်ကြရန် သင့်လျော်လှပေသည်၊ သတိထားအပ်ကြပေသည်၊ သာသနာ့ဉာဏ်ယှဉ်၍ ကြည်ညိုလေးစားတတ်သော ဒကာ ဒကာမတို့အထံ၌သာလျှင် ရဟန်းကောင်းများ တည်ရှိတော်မူတတ်ကြကုန်၏။

ဒုတိယဂါထာအဖွင့် ပြီး၏။

## တတိယ ဂါထာ အဖွင့်

မြတ်စွာဘုရားသည် ဆိုအပ်ခဲ့ပြီးသည့်အတိုင်း နိဗ္ဗာန်ကိုရအောင် အားထုတ်လိုသော ပုဂ္ဂိုလ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နေလိုသောပုဂ္ဂိုလ်၊ အထူးအားဖြင့် တောနေရဟန်းတို့၏ တိုးတက်အားထုတ်အပ်သော ကျင့်ဝတ်ကို ပြပြီး၍ ယခုအခါ၌ မပြအပ်သော တရားကိုလည်း ပြတော်မူလိုသည်ဖြစ်၍ ...

န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ

ဟူသော ဂါထာဝက်ကို ဆက်၍ ဟောတော်မူသည်။

ကရဏီယဖြစ်သော ကျင့်ဝတ် ပဋိပတ် နိဗ္ဗာန်ရကြောင်းတရားမြတ်ကို အားထုတ်ပြုလုပ်သော ပုဂ္ဂိုလ်သည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်များကို သေးငယ်သည်ဟူ၍ အမှုမထား ကျော်လွှားပြုလုပ်မိခြင်း မရှိစေရ၊ ရှောင်ကြဉ်ကြရမည်ဆိုသည်။

ထိုထို ဒုစရိုက်မှုကို မရှောင်ကြဉ်သော ပုဂ္ဂိုလ်၌ ရအပ်ခံစားအပ်လတ္တံ့သော ယခုဘဝအပြစ် နောက်ဘဝအပြစ်တို့တွင် ယခုဘဝ၌ လက်

ငင်း ခံစားရမည့် ကဲ့ရဲ့စွပ်စွဲခံရခြင်း ပရာနုဝါဒဘေးတည်းဟူသော အပြစ်ကိုသာ "ယေန ဝိညူ ပရေ ဥပဝဒေယျုံ" ဟု ပြတော်မူသည်။

ဒုစရိုက်တရားကို မရှောင်ကြဉ်သော ပုဂ္ဂိုလ်သည် ပညာရှိ သူတော်ကောင်းတို့၏ ပြစ်တင်ကဲ့ရဲ့ခြင်းကို ခံရတတ်သည်ဟု ဆိုသည်။ ပြစ်တင်ကဲ့ရဲ့ရာ၌ ပညာရှိသာလျှင် ပမာနဖြစ်သည်၊ ပညာမဲ့တို့ကား ပမာန ပမာဏ မဟုတ်ချေ။ ပညာရှိ ပုဂ္ဂိုလ်သည်သာလျှင် ဆင်ခြင်စူးစမ်း၍ ချီးမွမ်းသင့်မှ ချီးမွမ်းတတ်သည်။ ကဲ့ရဲ့သင့်မှ ကဲ့ရဲ့တတ်သည်ဟု အဋ္ဌကထာဆရာ မိန့်တော်မူသည်။ ရှေးပညာရှိတို့သည်လည်း ...

"လူမိုက်တစ်သောင်း၊ ကဲ့ရဲ့ရှောင်းလည်း၊

လူကောင်းတစ်ယောက်၊ ချီးမွမ်းပျောက်"

ဟူ၍ ဆိုရိုးရှိကြသည်။ လူမိုက် ချီးမွမ်းခြင်းထက် ပညာရှိသူတော်ကောင်း ကဲ့ရဲ့ခြင်းက သာ၍ ကောင်းမြတ်သည်သာ ဖြစ်၏။

"ကရဏီယ-အကရဏီယ" ပြုအပ် ပြုထိုက်သောအရာ၊ မပြုအပ် မပြုထိုက်ကုန်သော အရာတို့ကို ခွဲခြားသီးသန့် ပြတော်မူပြီး၍ ၅၀၀ သော ရဟန်းတော်တို့အား နတ်များ ခြောက်လှန့်သော ဘေးအန္တရာယ်မှ ပျောက်ကင်းစေခြင်းငှာလည်းကောင်း၊ အရုံအတား ပရိတ်ဖြစ်စေခြင်းငှာ လည်းကောင်း၊ ဝိပဿနာ ပါဒကဈာန်၏ အစွမ်းအားဖြင့် ကမ္မဋ္ဌာန်းတရားဖြစ်စေခြင်းငှာလည်းကောင်း။

သုခိနော ဝါ ခေမိနော ဟောန္တု

စသည်ဖြင့် မေတ္တာဘာဝနာကို ဟောကြားတော်မူလေသည်။

ခပ်သိမ်းသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့သည် ကိုယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကုန်သတည်း၊ ဘေးဥပါဒ် ကင်းလွတ်ကြပါစေကုန်သတည်း၊ ပူပန်မှုကင်း ချမ်းသာခြင်းသို့ ရောက်သောစိတ် ရှိကြပါစေကုန်သတည်း။

ဟု ပွားများရမည်။ ဤမေတ္တာပွားနည်းကား ဥပစာရ ဘာဝနာမှ အပ္ပနာဘာဝနာအထိ အကျဉ်းဆုံးအားဖြင့် ပွားများပုံဖြစ်သည်။

တတိယ ဂါထာအဖွင့် ပြီး၏။

## စတုတ္ထ, ပဉ္စမ ဂါထာ အဖွင့်

အကျယ်ပွားများပုံကို ဆက်လက်၍ ပြတော်မူလိုသော ဘုရားရှင်သည် ...

ယေကေစိ ပါဏ ဘူတတ္ထိ

စသော နှစ်ဂါထာကို ဟောတော်မူပြန်သည်။

**ယေကေစိ**–ခပ်သိမ်းကုန်သော၊ **ပါဏဘူတာ**–ထွက်သက်ဝင်သက်ရှိသော ပဉ္စဝေါကာရ သတ္တဝါ၊ ကေဝေါကာရ သတ္တဝါတို့သည်၊ **သန္တိ**–ရှိကုန်၏၊ **အနဝသေသာ**–အကြွင်းမရှိကုန်သော၊ **ဣမေပိ သဗ္ဗသတ္တာ**–ဤအလုံးစုံသော သတ္တဝါတို့သည်လည်း၊ **သုခိတတ္တာ**–ချမ်းသာခြင်းသို့ရောက်သောစိတ် ရှိကြကုန်သည်၊ **ဘဝန္တု**–ဖြစ်ပါစေကုန်သတည်း။

ဤပဉ္စဝေါကာရ သတ္တဝါ၊ စတုဝေါကာရ သတ္တဝါတို့ကိုပင် ဒုက, တိက ဘာဝနာတို့ဖြင့် ပုဂ္ဂိုလ်အားလျော်စွာ ပွားများထင်မြင်နိုင်စေရန် ချဲ့၍ဟောတော်မူသည်။

မေတ္တာ ဘာဝနာ အကျယ်ပွားနည်း၌ ...

၁။ တသ, ထာဝရ ဒုက်။

၂။ ဒိဋ္ဌ, အဒိဋ္ဌ ဒုက်။

၃။ ဒူရ, အဝိဒူရ ဒုက်။

၄။ ဘူတ, သမ္ဘဝေသီ ဒုက်။

ဟူ၍ ဒုက် ၄–ဝါရ ရှိ၏။

ဒုက်ဆိုသည်မှာ နှစ်ခုအပေါင်း နှစ်ခုအစုံကို ဒုက်ဆိုသည်။ တသနှင့် ထာဝရ နှစ်ခုအပေါင်းတစ်စုံ တစ်ဒုက်၊ ဒိဋ္ဌနှင့် အဒိဋ္ဌ .နှစ်ခုအပေါင်း တစ်စုံ တစ်ဒုက် စသည်ပင်ဖြစ်၏။

တစ်ဖန် ဒီဃ, ရဿ, မဇ္ဈိမ တိက်။

မဟန္တ, အဏုက, မဇ္ဈိမ တိက်။

ထူလ, အဏုက, မဇ္ဈိမ တိက်။

ဟူ၍ တိက် ၃-ဝါ ရရှိ၏။

သုံးခုအပေါင်းကို တိက် ခေါ်သည်။ ညွှန်ပြအပ်ပြီးသော ဒုက် တိက် တို့ဖြင့် မေတ္တာဘာဝနာ ပွားများရပုံကား ...

## ဒုက် ၄-ဝါရ (နှစ်မျိုးလေးခါ မေတ္တာပွားပုံ)

၁။ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ သုခိနော ဝါ ခေမိနော ဝါ ဟောန္တု၊ ဣမေပိ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၂။ ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ အနဝသေသာ သုခိနော ဝါ ခေမိနော ဝါ ဟောန္တု၊ ဣမေပိ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၃။ ဒူရာ ဝါ အဝိဒူရာ ဝါ အနဝသေသာ သုခိနော ဝါ ခေမိနော ဝါ ဟောန္တု၊ ဣမေပိ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၄။ ဘူတာ ဝါ သမ္ဘဝေသီ ဝါ အနဝသေသာ သုခိနော ဝါ ခေမိနော ဝါ ဟောန္တု၊ ဣမေပိ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

## တိက် ၃-ဝါရ (သုံးမျိုး သုံးခါ မေတ္တာပွားပုံ)

၁။ ဒီဃာ ဝါ ရဿာ ဝါ မဇ္ဈိမာ ဝါ အနဝသေသာ သုခိနော ဝါ ခေမိနော ဝါ ဟောန္တု၊ ဣမေပိ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၂။ မဟန္တာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ အနဝသေသာ သုခိနော ဝါ ခေမိနော ဝါ ဟောန္တု၊ ဣမေပိ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၃။ ထူလာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ အနဝသေသာ သုခိနော ဝါ ခေမိနော ဝါ ဟောန္တု၊ ဣမေပိ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

ဤသို့ ပွားလေ။

## ဒုက် ၄-ဝါရ အနက်

၁။ **အနုဝသေသာ**-အကြွင်းမရှိကုန်သော၊ **တသာ ဝါ**-ထိတ်လန့်တတ်သော ပုထုဇဉ် သေက္ခသတ္တဝါတို့သည် လည်းကောင်း၊ **ထာဝရာ ဝါ**-ထိတ်လန့်ခြင်းမရှိသော ရဟန္တာ သတ္တဝါတို့သည် လည်းကောင်း၊ **သန္တိ**-ရှိကုန်၏၊ **ဣမေပိ သဗ္ဗသတ္တာ**-ဤအလုံးစုံသော တသ, ထာဝရ သတ္တဝါတို့သည်လည်း၊ **သုခိနော ဝါ**-ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်၊ **ဟောန္တု**-ဖြစ်ကြပါစေကုန်သတည်း၊ **ခေမိနော ဝါ**-ဘေးကင်းကြကုန်သည်လည်း၊ **ဟောန္တု**-ဖြစ်ကြပါစေကုန်သတည်း၊ **သုခိတတ္တာ**-ချမ်းသာခြင်းသို့ ရောက်သောစိတ် ရှိကြကုန်သည်၊ ဝါ-ချမ်းသာခြင်းနှင့် ပြည့်စုံသော ကိုယ်စိတ် ရှိကြကုန်သည်၊ **ဟောန္တု**-ဖြစ်ကြပါစေကုန်သတည်း။

သုခိနောတိ-သုခသမင်္ဂိနော၊ ခေမိနောတိ-ခေမဝန္တော၊ အဘယာနိ ရုပဒ္ဒဝါ တိ ဝုတ္တံ ဟောတိ၊ သုခိတတ္တာတိ-သုခိတစိတ္တာ ဟူ၍ သုတ္တနိပါတ အဋ္ဌကထာ ခုဒ္ဒကပါဌအဋ္ဌကထာတို့၌ ဖွင့်တော်မူကုန်၏။ သုခိတတ္တာ ပုဒ်ကို သုခိတစိတ္တာ-ဟူသော အဖွင့်အတိုင်း တွဲဘေးဆရာတော် မြန်မာပြန်တော်မူ၏။ ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရားသည်ကား သုခိတတ္တာ-ချမ်းသာခြင်းနှင့် ပြည့်စုံသောကိုယ်စိတ် ရှိကြကုန်သည်ဟူ၍ မြန်မာပြန်တော်မူ၏။ နောက်ဝါကျတို့၌ တစ်နည်းစီသာ ရေးအံ့။

၂။ **အနုဝသေသာ**-အကြွင်းမရှိကုန်သော၊ **ဒိဋ္ဌာဝါ**-မြင်ဖူးသော သတ္တဝါတို့သည်လည်းကောင်း၊ **အဒိဋ္ဌာ ဝါ**-မမြင်ဖူးသော သတ္တဝါတို့သည် လည်းကောင်း၊ **သန္တိ**-ရှိကုန်၏၊ **ဣမေပိ သဗ္ဗသတ္တာ**-ဤအလုံးစုံသော သတ္တဝါတို့သည်လည်း၊ **သုခိနော ဝါ**-ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည် လည်း၊ **ဟောန္တု**-ဖြစ်ကြပါစေကုန်သတည်း၊ **ခေမိနော ဝါ**-ဘေးကင်းကြကုန်သည်လည်း၊ **ဟောန္တု**-ဖြစ်ကြပါစေကုန်သတည်း၊ **သုခိတတ္တာ**-ချမ်းသာခြင်းသို့ ရောက်သောစိတ် ရှိကြကုန်သည်၊ **ဘဝန္တု**-ဖြစ်ကြပါစေကုန်သတည်း။

၃။ **အနုဝသေသာ**–အကြွင်းမရှိကုန်သော၊ **ဒူရာဝါ**–အဝေး၌နေသော သတ္တဝါတို့သည် လည်းကောင်း၊ **အဝိဒူရာ ဝါ**–အနီး၌နေသော သတ္တဝါတို့သည် လည်းကောင်း၊ **သန္တိ**–ရှိကုန်၏။ **ဣမေပိ သဗ္ဗသတ္တာ**–ဤအလုံးစုံ သော သတ္တဝါတို့သည်လည်း၊ **သုခိနော ဝါ**–ချမ်းသာခြင်းနှင့် ပြည့်စုံကြ ကုန်သည်လည်း၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **ခေမိနော** ဝါ–ဘေးကင်းကြကုန်သည်လည်း၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **သုခိတတ္တာ**–ချမ်းသာခြင်းသို့ ရောက်သောစိတ် ရှိကြကုန်သည်၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း။

၄။ **အနုဝသေသာ**–အကြွင်းမရှိကုန်သော၊ **ဘူတာ ဝါ**–ဘဝ၌ဖြစ်သော ရဟန္တာ သတ္တဝါတို့သည် လည်းကောင်း၊ **သမ္ဘဝေသီ ဝါ**–ဘဝသစ်၌ ဖြစ်လတ္တံ့သော ပုထုဇဉ်သေက္ခ သတ္တဝါတို့သည်လည်းကောင်း၊ **သန္တိ**–ရှိကုန်၏။ **ဣမေပိ သဗ္ဗသတ္တာ**–ဤအလုံးစုံသော ဘူတ, သမ္ဘဝေသီ သတ္တဝါတို့သည်လည်း၊ **သုခိနော ဝါ**–ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်လည်း၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း။ **ခေမိနော ဝါ**–ဘေးကင်းကြကုန်သည် လည်း၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **သုခိတတ္တာ**–ချမ်းသာခြင်းသို့ ရောက်သောစိတ် ရှိကြကုန်သည်၊ **ဘဝန္တု**–ဖြစ်ကြပါစေကုန်သတည်း။

## တိက် ၃–ဝါရ အနက်

၁။ **အနုဝသေသာ**–အကြွင်းမရှိကုန်သော၊ **ဒီဃာ ဝါ**–ရှည်သော ကိုယ် ရှိသော မြွေနဂါး စသော သတ္တဝါတို့သည်လည်းကောင်း၊ **ရဿာ** ဝါ–တိုသောကိုယ်ရှိသော ကြက်, ငှက် စသော သတ္တဝါတို့သည်လည်း ကောင်း၊ **မဇ္ဈိမာဝါ**–မရှည်လွန်း မတိုလွန်းသော ကိုယ်ရှိသော ကျွဲ, နွား, မြင်း စသော သတ္တဝါတို့သည် လည်းကောင်း၊ **သန္တိ**–ရှိကုန်၏။ **ဣမေပိ သဗ္ဗသတ္တာ**–ဤအလုံးစုံသော ဒီဃ, ရဿ, မဇ္ဈိမ သတ္တဝါတို့သည်လည်း၊ **သုခိနော** ဝါ–ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်လည်း၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **ခေမိနော** ဝါ–ဘေးကင်းကြကုန်သည်လည်း၊

**ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **သုခိတတ္တာ**–ချမ်းသာခြင်းသို့ ရောက်သောစိတ် ရှိကြကုန်သည်၊ **ဘဝန္တု**–ဖြစ်ကြပါစေကုန်သတည်း။

၂။ **အနဝသေသာ**–အကြွင်းမရှိကုန်သော၊ **မဟန္တာ ဝါ**–ကြီးမားသော ကိုယ်ရှိသော လိပ်, ဆင်, အသူရိန် စသော သတ္တဝါတို့သည်လည်းကောင်း၊ **အဏုကာ ဝါ**–သေးငယ်လှသော ကိုယ်ရှိသော ရေပိုး, ရေမွှားစသော သတ္တဝါတို့သည်လည်းကောင်း၊ **မဇ္ဈိမာ ဝါ**–မကြီးလွန်း မသေးလွန်းသော ကိုယ်ရှိသော ကျွဲ, နွား, မြင်း စသော သတ္တဝါတို့သည်လည်းကောင်း၊ **သန္တိ**–ရှိကုန်၏။ **ဣမေပိ သဗ္ဗသတ္တာ**–ဤအလုံးစုံသော မဟန္တ, မဇ္ဈိမ, အဏုက သတ္တဝါတို့သည်လည်း၊ **သုခိနော ဝါ**– ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်လည်း၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **ခေမိနော ဝါ**–ဘေးကင်းကြကုန်သည်လည်း၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **သုခိတတ္တာ**–ချမ်းသာခြင်းသို့ ရောက်သောစိတ် ရှိကြကုန်သည်၊ **ဘဝန္တု**–ဖြစ်ကြပါစေကုန်သတည်း။

၃။ **အနဝသေသာ**–အကြွင်းမရှိကုန်သော၊ **ထူလာဝါ**–ဝန်းဝိုင်းပြည့်ဝသောကိုယ်ရှိသော ငါး, လိပ်, ခရု, ယောက်သွား စသော သတ္တဝါတို့သည် လည်းကောင်း၊ **အဏုကာ ဝါ**–သေးငယ်လှသောကိုယ် ရှိသော ရေပိုး, ရေမွှား စသော သတ္တဝါတို့သည်လည်းကောင်း၊ **မဇ္ဈိမာ ဝါ**–မပြည့်ဝလွန်းသော ကိုယ်ရှိသော ကျွဲ, နွား, မြင်း စသော သတ္တဝါတို့သည်လည်းကောင်း၊ **သန္တိ**–ရှိကုန်၏။ **ဣမေပိ သဗ္ဗသတ္တာ**–ဤအလုံးစုံသော ထူလာ, အဏုက, မဇ္ဈိမ သတ္တဝါတို့သည်လည်း၊ **သုခိနော ဝါ**–ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်လည်း၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **ခေမိနော ဝါ**–ဘေးကင်းကြကုန်သည်လည်း၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း၊ **သုခိတတ္တာ**–ချမ်းသာခြင်းသို့ ရောက်သောစိတ် ရှိကြကုန်သည်၊ **ဘဝန္တု**–ဖြစ်ကြပါစေကုန်သတည်း။

ဤသို့လျှင် မြန်မာအနက်ပါ ဆို၍လည်း ရွတ်ဆို ပွားများပါလေ။

***

## မြန်မာဘာသာ သက်သက် မေတ္တာပွားပုံ

### ဒုက် ၄-ဝါရ

၁။ ကြောက်တတ်, မကြောက်တတ်၊ ၂-ရပ်များစွာ၊ သတ္တဝါ ချမ်းသာကြပါစေသတည်း။

၂။ မြင်ဖူး, မမြင်ဖူး၊ ၂-ဦးများစွာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ သတည်း။

၃။ ဝေးနေ, နီးနေ၊ ၂-ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ သတည်း။

၄။ ဘဝဇာတ်သိမ်း, မသိမ်းများစွာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ သတည်း။

### တိက် ၃-ဝါရ

၁။ ရှည်, တို, အလတ်၊ ၃-ရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ သတည်း။

၂။ ကြီး, ငယ်, အလတ်၊ ၃-ရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ သတည်း။

၃။ ဆူ, ကြုံ, အလတ်၊ ၃-ရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ သတည်း။

## အလုံးစုံသော သတ္တဝါတို့ကို တစ်ပေါင်းတည်းအားဖြင့် မေတ္တာပွားပုံ

၁။ ကြွင်းမဲ့ဥဿုံ၊ လုံးစုံများစွာ၊ သတ္တဝါ၊ ကိုယ်မှာ ချမ်းသာကြပါစေသတည်း။

၂။ ကြွင်းမဲ့ဥဿုံ၊ လုံးစုံများစွာ၊ သတ္တဝါ၊ စိတ်မှာ ချမ်းသာကြပါစေသတည်း။

၃။ ကြွင်းမဲ့ဥဿုံ၊ လုံးစုံများစွာ၊ သတ္တဝါ၊ ဘယာလွတ်ကင်းကြပါစေသတည်း။

## ပါဠိအနက် ရှင်းလင်းချက်

ယေကေစိ-ဆိုသည်မှာ အကြွင်းအကျန်မရှိသော သတ္တဝါတို့ကို ဆိုသည်။

ပါဏဘူတာ-ဆိုသည်မှာ ပါဏမည်သော သတ္တဝါကိုပင် ဆိုသည်။ တစ်နည်းမူကား ထွက်သက် ဝင်သက်ရှိသော ပဉ္စဝေါကာရ သတ္တဝါကို ပါဏဆိုသည်။

[ပဉ္စ ၅-ပါး၊ ဝေါကာရ ခန္ဓာ၊ ခန္ဓာ ၅-ပါးရှိသော သတ္တဝါကို ပဉ္စဝေါကာရ ဆိုသည်။]

ဧကဝေါကာရ, စတုဝေါကာရ သတ္တဝါတို့ကို ဘူတ ဆိုသည်။

[ဧက-တစ်၊ ဝေါကာရ-ခန္ဓာ၊ ခန္ဓာ တစ်ပါးရှိသော သတ္တဝါ၊ စတု-၄၊ ဝေါကာရ ခန္ဓာ၊ ခန္ဓာ ၄-ပါးရှိသော သတ္တဝါ။]

ယင်းသို့လျှင် ယေကေစိ ပါဏဘူတတ္ထိဟူသော စကားတော်ဖြင့် ထုတ်ပြအပ်ပြီးသော ဒုက် ၄-ဝါရ, တိက် ၃-ဝါရတို့ဖြင့် အကျယ်ပြအပ်သော ခပ်သိမ်းသော သတ္တဝါတို့ကို တစ်စု တစ်ပေါင်းတည်း စုပေါင်းညွှန်ပြတော်မူပြီးလျှင် ထိုသတ္တဝါတို့ကိုပင် တသာ ဝါ ထာဝရာ ဝါ အနဝသေသာ စသော ဒုက, တိက, ဘာဝနာတို့ဖြင့် ၂-ဖို့ ၂-စု, ၃-ဖို့ ၃-စု ပြု၍ ဟောတော်မူခြင်း ဖြစ်သည်။

တဏှာလောဘ မကင်းကြသေး၍ ကြောက်ရွံ့ထိတ်လန့်ခြင်းရှိသော သတ္တဝါစုကို တသ ဆိုသည်။

တဏှာလောဘ စသော ကိလေသာကို အကြွင်းမဲ့ ပယ်သတ်အပ်ပြီးသော ရဟန္တာပုဂ္ဂိုလ်စုကို ထာဝရ ဆိုသည်။

မျက်စိဖြင့် တွေ့မြင်ဖူးသော သတ္တဝါစုကို ဒိဋ္ဌ ဆိုသည်။

တော, တောင်, သမုဒ္ဒရာ စသည် ကာကွယ်ခြားဆီးနေသော သတ္တဝါစုကို အဒိဋ္ဌ ဆိုသည်။

ထွက်သက် ဝင်သက်ရှိသော ပဉ္စဝေါကာရ သတ္တဝါစုကို ပါဏ ဆိုသည်။

ရုပ်ခန္ဓာ တစ်ပါးသာရှိသော ဧကဝေါကာရ သတ္တဝါ, နာမ်ခန္ဓာ ၄-ပါးရှိသော စတုဝေါကာရ သတ္တဝါကို ဘူတ ဆိုသည်။

ဘူတ, သမ္ဘဝေသီဒုက်၌ ...

ဘူတအရကို ယခုဘဝ ရုပ်နာမ်ခန္ဓာဖြစ်ဆဲ, နောက်ဘဝ၌ မဖြစ်လတ္တံ့သော ရဟန္တာ သတ္တဝါဟုဆိုသည်။

သမ္ဘဝေသီ အရကို မပယ်အပ်သေးသော ဘဝ သံယောဇဉ် ရှိကြသောကြောင့် နောက်နောင်၌လည်း ဘဝသစ်ကို ရှာမှီးတတ်ကုန်သော ပုထုဇဉ် သေက္ခ သတ္တဝါတို့ကို ဆိုသည်။

တစ်နည်းအားဖြင့် ...

ဥခွံတွင်း၌ ပဋိသန္ဓေတည်နေသော အဏ္ဍဇ သတ္တဝါ, သားအိမ်ခေါ်သော အချင်းအိမ်၌ ပဋိသန္ဓေတည်နေသော ဇလာဗုဇ သတ္တဝါတို့သည် ဥခွံအချင်းအိမ်ကို ဖောက်ခွဲ၍ မထွက်သေးသမျှ သမ္ဘဝေသီ မည်ကုန်၏။

ဖောက်ခွဲ၍ ထွက်ပြီးသော အခါ၌မူကား ဘူတ မည်ကုန်၏။

သံသေဒဇ သတ္တဝါနှင့် ဥပပတ် သတ္တဝါတို့သည် ပဋိသန္ဓေ၏ ပထမစိတ်ခဏ၌ သမ္ဘဝေသီ မည်ကုန်၏။

ဒုတိယစိတ် ခဏမှစ၍ ဘူတ မည်ကုန်၏။

တစ်နည်းဆိုသော် ...

အကြင် ဣရိယာပုထ်ဖြင့် ဖြစ်ပေါ် ပေါက်ဖွားကြကုန်၏။ ထို ဣရိယာပုထ် မပျက်မီအတွင်း သမ္ဘဝေသီ မည်ကုန်၏။

ဣရိယာပုထ် ပြောင်းလဲသောအခါ၌ ဘူတ မည်ကုန်၏ဟု မှတ်ရာ၏။

ရှည်လျားသော ခန္ဓာကိုယ်ရှိသော မြွေ, နဂါး, ဖွတ် စသော သတ္တဝါတို့ကို ဒီဃ ဆိုသည်။

ရေ၌ လိပ်, ကုန်း၌ဆင် စသော သတ္တဝါ, နတ်၌ ဒါနဝအသူရိန် စသော သတ္တဝါတို့ကို မဟန္တ ဆိုသည်။

ဒါနဝ အသူရိန်, ရာဟုအသူရိန် အတူပင်ဖြစ်သည်။ အသူရိန် နတ်ကြီး အတ္တဘောသည် အမြင့်အားဖြင့် ယူဇနာ ၄၈၀၀-ရှိ၏။ လက်မောင်းအရှည် ယူဇနာ ၁၂၀၀-ရှိ၏။ မျက်မှောင်, မျက်ခုံး နှစ်ခုတို့၏ အကြားသည် ယူဇနာ ၅၀-ရှိ၏။ လက်ချောင်းကလေး တစ်ခုနှင့်တစ်ခု၏ အကြားသည်လည်း ယူဇနာ ၅၀-ရှိ၏။ လက်ဝါးပြင်သည် ယူဇနာ ၂၀၀-ရှိ၏။ ဒါနဝအသူရိန်နတ်ကြီး၏ ခန္ဓာကိုယ်သည် ဤမျှလောက်ပင် ကြီးလေသည်။

ကျွဲ, နွား, မြင်း, ဝက် စသော သတ္တဝါတို့ကို မဇ္ဈိမဆိုသည်။

ကြက်, ငှက် စသော သတ္တဝါတို့ကို ရဿ ဆိုသည်။

ပကတိမံသစက္ခုဖြင့် မမြင်ကောင်းသော, မမြင်နိုင်သော ဒိဗ္ဗစက္ခုဖြင့်သာလျှင် မြင်ကောင်း မြင်နိုင်သော ရေပိုး, ရေမွှား စသော သတ္တဝါ တစ်နည်းအားဖြင့် သန်း စသော သတ္တဝါတို့ကို အဏုက ဆိုသည်။

စင်စစ်သော်ကား ...

မဟန္တ, မဇ္ဈိမ၊ ထူလ, မဇ္ဈိမ သတ္တဝါတို့အောက် ယုတ်ညံ့သေးငယ်သော သတ္တဝါတို့ကို အဏုက ဟု ဆိုလေသည်။ ငါး၊ လိပ်၊ ခရု၊ ယောက်သွား စသော ဝန်းဝိုင်းပြည့်ဝသော ခန္ဓာကိုယ်ရှိသော သတ္တဝါတို့ကို ထူလ ဆိုသည်ဟု အဋ္ဌကထာ ဖွင့်ဆိုတော်မူသည်။

## မေတ္တာ ဘာဝနာ အကျိုး (၁၁)မျိုး

မေတ္တာဘာဝနာ ပွားများရသော အကျိုးကျေးဇူးကို အနည်းငယ်မျှ ပြဆိုဦးအံ့။

မေတ္တာဒယော တယော စတုတ္ထဇ္ဈာနိကာ

ဟု လာရှိသောကြောင့် မေတ္တာ ဘာဝနာသည် ရူပဈာန် ငါးပါး အနက် စတုတ္ထဈာန်တိုင်အောင် ရစေနိုင်သည်။ ဒေါမနဿ၏ ဆန့်ကျင် ဘက်ဖြစ်သော သောမနဿနှင့်တကွ ဖြစ်သောကြောင့် ဥပေက္ခာသဟဂုတ ဖြစ်သော ပဉ္စမဈာန်အား မဖြစ်နိုင်ချေ။

၁။ ရအပ်ပြီးသော ဈာန်အင်္ဂါတို့ကိုလည်းကောင်း၊

၂။ ထိုနှင့်ယှဉ်သော နာမက္ခန္ဓာတို့ကို လည်းကောင်း၊

၃။ နာမက္ခန္ဓာ၏ မှီရာ တည်ရာ အာရုံပြုရာ ဖြစ်သော ရူပက္ခန္ဓာ တို့လည်းကောင်း။

လက္ခဏတ္တယယှဉ်ဖြင့် ဆင်ခြင်သုံးသပ်ပွားများလျှင် အရဟတ္တမဂ် အရဟတ္တဖိုလ်အထိ ရနိုင်သည်ကို နောက်၌လည်း ပြဆိုလတ္တံ့ပင်ဖြစ်သည်။ ဤနေရာကို ပြဆိုလိုသော မေတ္တာ၏အကျိုးကျေးဇူးများမှာကား မေတ္တာ ဘာဝနာ ပွားသော ပုဂ္ဂိုလ်သည် ...

**၁။ ချမ်းသာစွာ အိပ်ရ၏။** ။ ဘာကြောင့် ချမ်းသာစွာ အိပ်ရ သနည်း။ မေတ္တာနှင့်ယှဉ်နေသော အခိုက်အခါကာလအတွင်းတွင် မိမိ၏ ရန်သူဟူ၍မရှိ၊ မိမိကလည်း သူတစ်ပါး၏ ရန်သူမဟုတ်သောကြောင့် ကြောင့်ကြကင်းရှင်း၍ ကိုယ်, စိတ်နှစ်ဖြာ ချမ်းမြေ့ငြိမ်သက်စွာ အကြောက် အလန့် အရွံ့အထိတ်မရှိ၊ စိတ်ချ လက်ချ အေးအေးလူလူ အိပ်ရ၏။ သို့ကြောင့် ချမ်းသာစွာ အိပ်ရသည်ဟုဆိုသည်။

**၂။ ချမ်းသာစွာ အိပ်ရာမှ နိုးရ၏။** ။ အိပ်စဉ်က ကိုယ်, စိတ် နှစ်ဖြာ ချမ်းမြေ့ အေးချမ်းစွာ အိပ်ရသော ပုဂ္ဂိုလ်သည် အိပ်ရာမှလည်း

ချမ်းသာစွာပင် နိုးရ၏။ ရန်သူဟူ၍မရှိသဖြင့် စိုးရိမ်ပူပန်ဖွယ်မရှိ၊ ကြည်သာ ရွှင်လန်း ပွင့်သစ်စပန်းကဲ့သို့သော မျက်နှာရှိ၏။

၃။ **အိပ်မက်ဆိုး မမက်**။ ။မေတ္တာဘာဝနာပွား၍ ချမ်းသာစွာ အိပ်ရသဖြင့် မကောင်းသော အိပ်မက်များကိုလည်း မမြင်မက်မူ၍ ကြည်ညို ဖွယ် ဝမ်းမြောက်ဖွယ်ရှိသော အာရုံကောင်းရှိသော အိပ်မက်မျိုးကိုသာလျှင် မြင်မက်ရ၏။

၄။ **လူများ ချစ်ခင်၏**။ ။ကျောက်မျက်ရတနာတို့ဖြင့် ခြယ် လှယ်ပြုလုပ်အပ်သော ပုတီး, နားတောင်း, လက်ကောက် စသော ဝတ္ထု ပစ္စည်းတို့ကို အမျိုးသမီးတို့သည် နှစ်သက်မြတ်နိုးကြကုန်သကဲ့သို့ မေတ္တာ ဘာဝနာပွားများသောသူကို လူအပေါင်းတို့သည် မြတ်နိုးခင်မင်ကြကုန်၏။

၅။ **နတ်များ ချစ်ခင်၏**။ ။လူအပေါင်းတို့ မြတ်နိုးခင်မင်သကဲ့သို့ ပင် နတ်အပေါင်းတို့လည်း မြတ်နိုး ကြည်ညိုကြ၊ ခင်မင်ကြကုန်၏။

ဝိသာခအမည်ရှိသော ထေရ်သည် စိတ္တလတောင်၌ ခေတ္တလေးလ ခန့်မျှ ရည်ရွယ်၍ သီတင်းသုံးတော်မူ၏။ လေးလပြည့်သောအခါ အရပ် တစ်ပါးသို့ ကြွသွားတော်မူမည်ရှိသည်တွင် နတ်များက ထပ်မံတောင်းပန် လျှောက်ထားသောကြောင့် ပရိနိဗ္ဗာန်ပြုတော်မူသည်အထိ ဆက်ကာဆက် ကာ သက်တော်ရှည်သမျှ စိတ္တလတောင်၌ပင် သီတင်းသုံးတော်မူရလေ သည်။

နတ်များသည် ဘာ့ကြောင့် ကြည်ညိုမြတ်နိုး ချစ်ခင်ကြသနည်း။ အခြားမကြွရန် ကြွတော်မူခါနီးတိုင်း အထပ်ထပ်အခါခါ ဘာ့ကြောင့် လျှောက်ထားရသနည်းဟူမူ ဝိသာခထေရ်၏ မေတ္တာအဟုန်ကြောင့် နတ် တွေလည်း အချင်းချင်း မေတ္တာဓာတ်သက်ဝင်၍ ညီညွတ်ကြ၏။ ငဲ့ကွက် ကြ၏။ စောင့်ရှောက်ကြ၏။

ဤသို့အားဖြင့် နတ်တွေ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြ၏။ သို့ကြောင့် ဝိသာခထေရ် အရပ်တစ်ပါးသို့ မကြွစေရန် အကြိမ်ကြိမ်အဖန်ဖန် တောင်း

ပန် ပင့်လျှောက်ကြ၏။ ဤဝတ္ထုသာဓက စသည်သည် မေတ္တာပွားသော သူအား လူရော နတ်ပါ မြတ်နိုးချစ်ခင် ကြည်ညိုခံယူရခြင်း၊ အတူနေ အနီးနေ လူများ၊ နတ်များပါ ချမ်းသာ ညီညွတ်ခြင်း စသည်၏ သက်သေ သာဓက ဖြစ်၏။

၆။ **နတ်များစောင့်၏**။ ။မိခင်သည် သားသမီးများ စောင့်ရှောက် သကဲ့သို့ မေတ္တာပွားသော ပုဂ္ဂိုလ်ကို နတ်များ စောင့်ရှောက်ကြ၏။

မေတ္တာပွားသော ပုဂ္ဂိုလ်သည် ...

၇။ **လက်နက်ပြီး၏၊ အဆိပ်ပြီး၏၊ မီး စသော အပူပြီး၏၊ လက်နက် မစူးရှ၊ အဆိပ်ပြယ်၏**။ ။ မီးစသော အပူအလောင် တွေ့ထိ စေကာမူ မပူဘဲ အေးသည်ဟု ဆိုလိုသည်။

သားငယ်အား နို့တိုက်နေသော နွားမ၏ မေတ္တာအဟုန်ကြောင့် မုဆိုးကပစ်သော လှံသည် မစူးဝင်, ထန်းရွက်ကဲ့သို့ ပျော့ပျောင်း ခွေလိပ် သွားလေ၏။ သံကိစ္စသာမဏေငယ်အား ခိုးသားတွေ ဓားဖြင့်ခုတ်ထစ် ကြသော်လည်း မေတ္တာကြောင့် အန္တရာယ်မဖြစ်ချေ။ သီဟဗာဟုမင်းက ပစ်သော အဆိပ်လူးမြားသည် မေတ္တာစိတ်ထုံလျက်ရှိသော ဖခင် ခြင်္သေ့၌ အန္တရာယ်မရှိ၊ မစူးမရှ အဆိပ်မသင့်ချေ။ သိရိမာက လောင်းချသော ထောပတ်ဆီသည် မေတ္တာနှင့်ယှဉ်သော စိတ်ရှိသော ဥတ္တရာဉပါသိကာမ၌ မပူလောင် အန္တရာယ်မရှိချေ။

၈။ **မျက်နှာ ကြည်၏**။ ။ မေတ္တာ ဘာဝနာ ပွားသောပုဂ္ဂိုလ်၏ မျက်နှာသည် ကြည်လင်လန်းဆန်း ပဒုမာကြာပန်းကဲ့သို့ ရှိ၏။ ဒေါသ ကင်းသော ပုဂ္ဂိုလ်သည် ပင်ကိုက အရုပ်ဆိုးသည်ဟုဆိုရစေကာမူ မျက်နှာ ကြည်လင် ရွှင်ရွှင်ပြုံးပြုံးရှိ၍ ပွင့်သစ်စပန်း ထန်းသီးမှည့်ပမာ ကြာပဒုမ္မာ အသွင် မြင်သူတို့ ကြည်ညိုဖွယ် ချစ်ခင်ဖွယ်ရှိ၏။

ဒေါသ, ကောဓပူးကပ်နေသော ပုဂ္ဂိုလ်များမှာမူလား ပင်ကိုက လှပချောမောသော ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ ဒေါသတရား၊ ကောဓတရား

ယှဉ်ကပ် ပူးဝင်နေသောအခါတို့၌ မည်သူမှ မကြည့်ချင်၊ မမြင်ချင်၊ အနီးအပါးသို့ မလာချင်အောင် ရုပ်ရည်ဆိုးသွမ်း ကြမ်းတမ်းလျက်ရှိ၏။ သို့ကြောင့် ဒေါသကင်းကွာ မေတ္တာနှင့်ယှဉ်သော ပုဂ္ဂိုလ်၏ မျက်နှာသည် ကြည်လင် ရွှင်လန်း ကြာပန်းသဖွယ် ရှိသည်ဟု ဆိုသည်။

၉။ **စိတ်တည်၏** ။ ။ မေတ္တာ ဘာဝနာ ပွားများသော ပုဂ္ဂိုလ်၏ စိတ်သည် ငြိမ်သက်တည်ခိုင် မယိုင်မလှုပ်ရှိ၏။ လောဘတရားသည် ကာမဝိတက်၏ အကြောင်းဖြစ်၏။ ဒေါသတရားသည် ဗျာပါဒ ဝိတက်၏ အကြောင်းဖြစ်၏။ ထိုကာမဝိတက်၊ ဗျာပါဒ ဝိတက်တို့ကြောင့် စိတ်သည် တည်တံ့ငြိမ်သက်ခြင်း မဖြစ်မူ၍ တုန်လှုပ်ချောက်ချား အာရုံ အများသို့ ပြေးလွှားလှုပ်ရှားလျက် ရှိ၏။ မေတ္တာတည်းဟူသော အဒေါသ တရားနှင့် ယှဉ်သော စိတ်သည်ကား ကာမဝိတက်၊ ဗျာပါဒဝိတက်တို့မှ ကင်းလွတ်၍ တုန်လှုပ်ချောက်ချားခြင်း မရှိ၊ ငြိမ်သက်တည်ကြည်လေတော့သည်။

၁၀။ **မတွေမဝေ သေရ၏** ။ ။ သေခါနီးကာလ၌ မတွေမဝေ၊ မမေ့မလျော့ ကယောင်ချောက်ချား မဖြစ်၊ သတိမလစ်မူ၍ သေရ၏။

၁၁။ **ဗြဟ္မာဘုံ ရောက်၏** ။ ။မေတ္တာဈာန် မပျက်ဘဲ သေလျှင် ဗြဟ္မာဘုံသို့ ရောက်၏။

မေတ္တာ ဘာဝနာပွားသော ပုဂ္ဂိုလ်သည် ဤသို့သော လက်ငင်း အကျိုးကျေးဇူးတို့ကိုလည်း ရသော မေတ္တာဘာဝနာကို ပွားများအပ်လှပေသည်။

## မေတ္တာအကျိုးပြ ဆောင်ပုဒ်များ

အိပ်ရချမ်းသာ၊ ချမ်းသာစွာနိုး၊ အိပ်မက်ဆိုးပျောက်၊ စောင့်ရှောက် နတ်များ၊ ရင်ဝယ်သားသို့၊ လူများလည်းခင်၊ နတ်လည်းခင်၏၊ မီးလျှင် မပူ၊ အဆိပ်ဟူလည်း၊ ထို့တူပြေပျောက်၊ လက်နက်ရောက်လည်း၊ မပေါက် မဝင်၊ ပြီးသလျှင်တည့်၊ အစဉ်စိတ်သည်၊ မျက်နှာကြည်၍၊ သေသည်

ကာလ၊ မတွေ့ရရှင့်၊ သေကပြဗ္ဗ္ဟာ၊ ပြည်သို့သာလျှင်၊ လားရာဆယ့်တစ်မျိုး၊ ဤအကျိုးသည် တန်ခိုး မေတ္တာ ပွားမှုတည်း။

၁။ ချမ်းသာ အိပ်ရ၊ နိုးက ချမ်းသာ၊
ဆိုးရွား အိပ်မက်၊ မမြင်မက်ပါ။
စောင့်ကြ နတ်ပေါင်း၊ သားကောင်း ပမာ၊
လူ နတ် နှစ်-ခင် ချစ် ကြည်သာ။

၂။ လက်နက် ဆိမ်မီး၊ ပြီးသည် တစ်ဖြာ၊
မျက်နှာ ကြည်လှ၊ တည်ထ စိတ်မှာ၊
သေချိန် ကာလ၊ မတွေ့ ရပါ၊
သေပြန်က-လားရ ဗြဟ္မာ့ရွာ။

၃။ မျက်မှောက်ဘဝ၊ ဆယ်ဝ ချမ်းသာ၊
နောက်ဘဝ တစ်၊ ရလစ် မှန်စွာ။
တစ်ဆယ့် တစ်မျိုး၊ ဤအကျိုးမှာ၊
မေတ္တာမိုး-တန်ခိုးဘာဝနာ။

စတုတ္ထ-ပဥ္စမဂါထာအဖွင့် ပြီး၏။

## ဆဋ္ဌမ ဂါထာ အဖွင့်

၅၀၀-သော ရဟန်းတော်တို့အား အကျိုးစီးပွားကို ဖြစ်စေသော မေတ္တာဘာဝနာကို ဟောတော်မူ၍ စီးပွားမဲ့ချမ်းသာမဲ့ မဖြစ်စေခြင်းကို တောင့်တတော်မူသဖြင့် ...

န ပရော ပရံ နိကုဗ္ဗေထ

စသည်ကို ဟောတော်မူသည်။

တစ်ယောက်သည် တစ်ယောက်အား အမျက်မထွက်ပါစေနှင့်၊

ဘယ်အရာဌာန၌မဆို ဘယ်သူ့ကိုမဆို ချုပ်ချယ်မှုကို မပြုပါစေနှင့်၊ ရန်ငြိုးထားခြင်းဖြင့် မထိမှဲမြင် မပြုပါစေနှင့်ဟု ဆိုတော်မူလိုရင်း ဖြစ်သည်။

ဆဋ္ဌမဂါထာအဖွင့် ပြီး၏။

## သတ္တမ ဂါထာ အဖွင့်

ကောင်းကျိုးချမ်းသာ စီးပွားမရှိသော ဆင်းရဲခြင်းသို့ မရောက်စေခြင်းငှာ တောင့်တတော်မူခြင်းဖြင့် မေတ္တာဘာဝနာကို ပြတော်မူပြီး၍ ထိုမေတ္တာဘာဝနာ ပွားရာ၌ မေတ္တာနှင့်ယှဉ်သော စိတ်ထားပုံကို ဥပမာအားဖြင့် တင်ပြလိုရကား ...

မာတာ ယထာ နိယံပုတ္တံ၊
မာယုသာ ဧကပုတ္တ မနုရက္ခေ၊

စသည်ကို မိန့်တော်မူသည်။

မိခင်သည် မိမိရင်၌ဖြစ်သော သားရင်း၌ ဆင်းရဲဒုက္ခ ဘေးဥပါဒ်အန္တရာယ် မကျစေခြင်းငှာ မိမိအသက်ကိုပင် ပမာဏမထား စွန့်စား၍ စောင့်ရှောက်သကဲ့သို့ ဤအတူ ခပ်သိမ်းသော သတ္တဝါတို့၌ အဖန်ဖန် အထပ်ထပ် မေတ္တာနှင့် ယှဉ်သောစိတ်ကို ပွားရမည်ဆိုသည်။

သတ္တမဂါထာအဖွင့် ပြီး၏။

## အဋ္ဌမ ဂါထာဖွင့်

ဤသို့လျှင် မေတ္တာဘာဝနာ ပွားပုံ၊ စိတ်ထားပုံကို ဥပမာနှင့်တကွ အခြင်းအရာအစုံကို ပြပြီး၍ မေတ္တာဘာဝနာကို တစ်မြို့ တစ်ရွာ တစ်ဘုံ တစ်ဌာန၌သာလျှင် ပွားများရမည် မဟုတ်ပေ၊ ဘုံသုံးပါး၌ရှိသမျှ သတ္တဝါ အနန္တသို့ ဖြန့်၍ ပွားများရမည်ဟု ပြတော်မူခြင်းငှာ ...

မေတ္တဉ္စ သဗ္ဗလောကသ္မိံ

မာနသံ ဘာဝယေ အပရိမာဏံ

စသော ဂါထာကို ဟောတော်မူသည်။

ခပ်သိမ်းသော သတ္တဝါတို့၌ မိမိရင်၌ဖြစ်သော သားအတူ မေတ္တာစိတ်ထား၍ ပွားများရမည်ဆိုရာ၌ အထက်ဘုံ၊ အလယ်ဘုံ၊ အောက်ဘုံအားဖြင့် ဘုံသုံးပါး၌ ရှိရှိသမျှ အတိုင်းအရှည် ပမာဏမရှိ၊ အနန္တဖြစ်သော သတ္တဝါပညတ်ကို အာရုံပြု၍ တိုးကာ တိုးကာ ပွားများရမည်ဆိုသည်။

ဤစကားရပ်၌ အထက်ဘုံဆိုသည်မှာ အရူပဗြဟ္မာ့ဘုံကို ဆိုသည်၊ အောက်ဘုံဆိုသည်မှာ ကာမဘုံကို ဆိုသည်၊ အလယ်ဘုံဆိုသည်မှာ ရူပဗြဟ္မာ့ဘုံကို ဆိုသည်ဟု မှတ်ရာ၏။

## မေတ္တာ ပွားများရာ လေးပါး

၁။ ဤသို့လျှင် ကာမ၊ ရူပ၊ အရူပဘုံ သုံးပါးလုံးကို နှံ့စေ၍ ပွားများရမည် ဆိုခြင်းသည် မည်သည့် ဘုံဌာနကို ခြွင်းချန်၍ မည်သည့် ဘုံဌာနကိုသာ ပွားများ ပို့သရမည်ဆိုသော သမ္ဗာဓအပိုင်းအခြားကို မပြုရ၊ ဩကာသလောက အလုံးကို သိမ်းကြုံး၍ ပွားများပို့သရမည် ဆိုသည်။

၂။ ဩကာသ လောကဖြစ်သော ဘုံ ၁၁ အကြွင်းမရှိ ပွားများသည့်နည်းတူ ပုဂ္ဂိုလ်ကိုလည်း အကြွင်းမရှိ အပိုင်းအခြားမထား ပွားများရမည်။

၃။ မိမိက သူတစ်ပါးအပေါ်၌ ရန်ငြိုး အာဃာတကို ပယ်ဖျောက်ခြင်းဖြင့် အဝေရ ရန်သူဟူ၍ မထားသောစိတ်ကို ဖြစ်စေရမည်။

၄။ မိမိအပေါ်၌ သူတစ်ပါးက ရန်ငြိုး မုန်းထားခြင်းကိုလည်း ပယ်ဖျောက်၍ အသပတ္တ၊ မိမိကိုယ်တိုင် သူတစ်ပါး၏ ရန်သူမဖြစ်စေရ။

ဤသို့အားဖြင့် အသမ္ဗာဓ၊ အပရိမာဏ၊ အဝေရ၊ အသပတ္တဖြစ်သော မေတ္တာဘာဝနာကိုပွားများရမည်ဟု ဟောတော်မူလိုရင်းဖြစ်ပါသည်။

အဋ္ဌမ ဂါထာအဖွင့် ပြီး၏။

## နဝမ ဂါထာ အဖွင့်

ဤသို့ မေတ္တာ ဘာဝနာကို သတ္တလောက၊ သြကာသလောက၊ သတ္တဝါ အပိုင်းအခြားမရှိ၊ ဘုံဌာနအပိုင်းအခြားမရှိ၊ အကြွင်းမဲ့ ပွားရမည်ကို ဟောတော်မူပြီး၍ မေတ္တာဘာဝနာကို အဘယ်ကဲ့သို့သော ဣရိယာပုထ်ဖြင့် ပွားရမည်ကို ပြတော်မူလိုသော မဟာကရုဏာတော်ရှင် ဘုရားသခင်သည် ...

တိဋ္ဌံ စရံ နိသိန္နောဝ၊

သယာနောဝ ယာဝတာဿ ဝိတမိဒ္ဓေါ၊

ဟူ၍ ဟောတော်မူသည်။

မေတ္တာကမ္မဋ္ဌာန်း၊ မေတ္တာဘာဝနာကို အချို့သော သမထကမ္မဋ္ဌာန်းကို အားထုတ်သကဲ့သို့ တင်ပလ္လင်ထိုင် ကိုယ်ကို ဖြောင့်မတ်စွာ ထားခြင်းစသည်တို့ကို မပြုရဘဲ အကြင်မျှလောက်သော ကာလပတ်လုံး အိပ်ချင်ခြင်း၊ ငိုက်မြည်းခြင်းမရှိ၊ ထိုမျှလောက်သော ကာလပတ်လုံး ရပ်လျက်ဖြစ်စေ၊ စင်္ကြံလျှောက်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ အိပ်စက်လျောင်းလျက်ဖြစ်စေ ချမ်းသာမျှတ သပ္ပာယဖြစ်သော ဣရိယာပုထ်ဖြင့် ပွားများနိုင်သည်ဟု ညွှန်ပြတော်မူခြင်း ဖြစ်သည်။

မေတ္တာဘာဝနာကို အလေ့အလာပြု၍ အထုံရအောင် ပွားများအားထုတ်သော ပုဂ္ဂိုလ်သည် မေတ္တာစျာန်နှင့်ယှဉ်သော သတိကို ထားလိုသမျှ ထားနိုင်သည်၊ ထိုအတောအတွင်း၌ အိပ်ချင်ခြင်း၊ ငိုက်မြည်းခြင်းမရှိ၊ ဣရိယာပုထ် လေးပါးတွင်လည်း မည်သည့် ဣရိယာပုထ်ဖြင့်မဆို ပွားများနိုင်သည်ဟု ပြတော်မူ၏။

ယခုအခါ ထိုကဲ့သို့သော မေတ္တာစျာန်နှင့် ယှဉ်သော သတိဖြင့် ပွားများနေခြင်း၏ မွန်မြတ်ထူးကဲသည်၏ အဖြစ်ကို ချီးကျူးတော်မူလိုရကား ...

ဗြဟ္မ မေတံ ဝိဟာရ မိဓ မာဟု

ကို မိန့်တော်မူသည်။

ဘုံ ၃၁-ခွင်ရှိသော သတ္တဝါတွေသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟု မေတ္တာစျာန်နှင့် ယှဉ်သောစိတ်ဖြင့် ပွားများနေသော ပုဂ္ဂိုလ်သည် ...

ဒိဗ္ဗ ဝိဟာရ၊

ဗြဟ္မ ဝိဟာရ၊

အရိယ ဝိဟာရ၊

ဣရိယာပထ ဝိဟာရ၊

ဟု ဆိုအပ်ပြီးသော နေခြင်း လေးမျိုးတို့တွင် မြတ်သော နေခြင်းဖြစ်၍ "ဗြဟ္မဝိဟာရ"ဟု ဆိုရလေသည်။ ဤဗြဟ္မဝိဟာရ နေခြင်းမျိုးဖြင့် အစဉ်မပြတ် နေကြကုန်၊ မေတ္တာစျာန်နှင့်ယှဉ်သော သတိကို ဆောက်တည်ကြကုန်ဟု ချီးကျူးအားပေးတော်မူသည်။

နဝမ ဂါထာအဖွင့် ပြီး၏။

## ဒသမ ဂါထာ အဖွင့်

မေတ္တာဘာဝနာသည် သတ္တဝါ ပညတ်ကို အာရုံပြုသော ဘာဝနာဖြစ်သောကြောင့် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ် စသည်ဖြင့် မှတ်ယူထင်မှားသော အတ္တဒိဋ္ဌိဟူသော သက္ကာယဒိဋ္ဌိနှင့် နီးကပ်သည်ဖြစ်၍ အတ္တဒိဋ္ဌိဘက်ကို ယိမ်းယိုင်တိမ်းပါး မှောက်မှားမည့် ဘေးအန္တရာယ်ကို ကာကွယ်တားဆီးပိတ်ပင်ရာသို့လည်း ရောက်စေ၍ မေတ္တာစျာန်ကိုပင်လျှင် အခြေခံပြုလျက် အရိယာအဖြစ်သို့ ရောက်နိုင်သည်ကို ညွှန်ပြတော်မူခြင်းမှာ ...

ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ ဂေဓံ၊
န ဟိ ဇာတု ဂဗ္ဘသေယျ ပုန ရေတိ။

ဟု ဟောတော်မူ၍ မေတ္တာသုတ် ဒေသနာတော်ကို နိဂုံးမှတ်လျက် အဆုံးသတ်တော်မူလေသည်။

ငါဘုရားသည် မေတ္တာစျာန်နှင့်ယှဉ်သော သတိဖြင့်နေခြင်းကို မြတ်သောနေခြင်း ဗြဟ္မဝိဟာရဟူ၍ ချီးကျူးမိန့်ထား သင်ချစ်သားတို့အား အားပေး ဟောကြားတော်မူခဲ့ပေသည်။ သို့ပင် ချီးကျူး မိန့်မှာတော်မူခဲ့ သော်လည်း မေတ္တာစျာန်သည် သတ္တပညတ်လျှင် အာရုံရှိသည်ဖြစ်၍ သက္ကာယဒိဋ္ဌိတည်းဟူသော အတ္တဒိဋ္ဌိ ရန်သူကြီးနှင့် နီးကပ်လှပေသည်။ သို့ဖြစ်သောကြောင့် မေတ္တာစျာန်မှ ထ၍ထွက်၍ မေတ္တာစျာန်၌ ပါဝင်သော စျာနင်ဟု ဆိုအပ်သော ...

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတို့ကိုလည်းကောင်း၊ စျာနင်တို့နှင့် ယှဉ်ကုန်သော စိတ်၊ စေတသိက်တို့ကို လည်းကောင်း၊ နာမက္ခန္ဓာ၊ နာမ်တရားကို ဟူ၍ ဆင်ခြင်မှတ်သားရမည်။

ထိုနာမက္ခန္ဓာ နာမ်တရားတို့၏ တည်မှီရာ ဟာဒယဝတ္ထုစသော တရားတို့ကို ရုပ်တရားဟူ၍ ဆင်ခြင်ရမည်။

တစ်နည်းအားဖြင့် ...

၁။ စျာနင် ငါးပါးတွင် သုခသည် ဝေဒနာတည်း၊ ယင်း ဝေဒနာ သည် ဝေဒနက္ခန္ဓာမည်၏။

၂။ ဝေဒနာနှင့် ယှဉ်သော သညာသည် သညာက္ခန္ဓာမည်၏။

၃။ ကြွင်းစေတသိက်စုသည် သင်္ခါရက္ခန္ဓာမည်၏။

၄။ မေတ္တာ စျာန်နှင့် ယှဉ်သောစိတ်သည် ဝိညာဏက္ခန္ဓာမည်၏။

၅။ ထိုနာမက္ခန္ဓာ လေးပါးတို့၏ တည်ရာမှီရာ ဟာဒယဝတ္ထုစသော ရုပ်တို့သည် ရူပက္ခန္ဓာမည်၏။

ဟူ၍ သတ္တပညတ် ကွယ်ပျောက်၍ ယထာဘူတရောက်အောင် ရုပ်နာမ်ကို ပိုင်းခြားမှတ်သားရမည်။ နာမ်ရုပ်ကို ခွဲခြားမှတ်သားနိုင်၍ အတ္တဒိဋ္ဌိ လွတ်ကင်းလျှင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်လေတော့သည်။

## ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပုံ

ဝေံ နာနာ နယေဟိ နာမရူပံ ဝဝတ္ထာပယတော သတ္တသည် အဘိဘဝိတွာ အသမ္မောဟဘူမိယံ ဌိတံ နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓီတိ ဝေဒိတဗ္ဗံ။

ဝေံ–ဤသို့ဆိုအပ်ပြီးသော အပြားအားဖြင့်၊ **နာနာနယေဟိ**–အထူးထူးသော နည်းတို့ဖြင့်၊ **နာမရူပံ**–နာမ်ရုပ်ကို၊ **ဝဝတ္ထာပယတော**–ပိုင်းခြားမှတ်သားသော ယောဂီပုဂ္ဂိုလ်၏၊ **သတ္တသည်**–သတ္တသညာ, အတ္တသညာကို၊ **အဘိဘဝိတွာ**–ဝိက္ခမ္ဘိတွာ–ခွာ၍၊ **အသမ္မောဟဘူမိယံ**–နာမ်ရုပ်ပညတ်၌ မတွေဝေသောဉာဏ်၌၊ **ဌိတံ**–တည်သော၊ **နာမရူပါနံ**–နာမ်ရုပ်တို့ကို၊ **ယာထာဝဒဿနံ**–မဖောက်မပြန် မှန်သော သဘောအားဖြင့် ကောင်းစွာမြင်ခြင်းကို၊ ဒိဋ္ဌိဝိသုဒ္ဓီတိ–အတ္တဟု စွဲလမ်းသော အယူကို သုတ်သင်စင်ကြယ်စေတတ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိဟူ၍၊ **ဝေဒိတဗ္ဗံ**–သိအပ်၏။

[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ]

ဒိဋ္ဌိဝိသုဒ္ဓိမျှကိုမှ မရရှိကြသောကြောင့် သတ္တဝါတို့သည် ပညတ်ပရမတ် မကွဲကြဘဲ ပရမတ် နာမ်ရုပ်အပေါင်းအစုကိုပင် သူ၊ ငါ၊ မိန်းမ၊ ယောကျ်ား၊ လူ၊ နတ်၊ ဗြဟ္မာ စသည်ဖြင့် ထင်မြင်ယူဆ ပညတ်၍ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဖြစ်လျက် သံသရာဝဲဂယက်မှ မဖဲမထွက်နိုင်ဘဲ နေကြလေသည်။

## သမ္မုတိ ပညတ်ဖြစ်ပုံ

ယထာပိ အင်္ဂသမ္ဘာရာ၊
ဟောတိ သဒ္ဒေါရထော ဣတိ။
ဝေံ ခန္ဓေသု သန္တေသု၊
ဟောတိ သတ္တောတိ သမ္မုတိ။

[ဘိက္ခုနီ သံယုတ်ပါဠိတော်၊ မိလိန္ဒပဉှာ ပါဠိတော်]

**အင်္ဂသမ္ဘာရာ**–လှည်းဘီး၊ ဝင်ရိုး၊ ထမ်းပိုး စသော အစိတ်အစိတ်သော အဆောက်အဦကြောင့်၊ ရထော **ဣတိသဒ္ဒေါ်**–ရထားဟူ၍ ခေါ်ဝေါ်သမုတ်အပ်သော အမည်သည်၊ **ဟောတိ ယထာ**–ဖြစ်သကဲ့သို့၊ **ဧဝံတထာ**–ဤအတူ၊ **ခန္ဓေသု**–ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ **သန္တေ သု**–ထင်ရှားဖြစ်ကုန်သည်ရှိသော်၊ **သတ္တောတိ**–သတ္တဝါဟူ၍၊ **သမ္မုတိ**–ခေါ်ဝေါ်သမုတ်အပ်သော အမည်သည်၊ **ဟောတိ**–ဖြစ်၏။

## သက္ကာယဒိဋ္ဌိ ကင်း မကင်း

ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး အပေါင်းအစုကို ငါပဲ၊ သူပဲ၊ လူပဲ၊ နတ်ပဲ ဟူ၍ ခေါ်ဝေါ်သမုတ်ရုံသာ ခေါ်ဝေါ်သမုတ်ခြင်းကိုကား ဘုရား၊ ရဟန္တာများသည်လည်း လောကဝေါဟာရပညတ်ကို မလွန်နိုင်ကြ။

(က) ငါဘုရား ကြွတော်မူမည်။

(ခ) ငါ့သင်္ကန်း သပိတ်ကို ဆောင်ယူခဲ့လော့။

စသည်ဖြင့် ပညတ်အားဖြင့် ပြောဆို သုံးစွဲတော်မူကြရပေသည်။ ငါမရှိ၊ သတ္တဝါဟူ၍ မရှိ၊ ရုပ်နာမ်နှစ်ပါးသာလျှင် အစစ်ရှိသည်။ ခန္ဓာငါးပါးသော ပရမတ္ထ သဘောအားဖြင့် ထင်ရှားရှိသည်ဟူ၍ကား သိရှိတော်မူကြပြီးဖြစ်လေသည်။

ပုထုဇဉ် အယူကား ပညတ်နှင့် ပရမတ် မကွဲကြ၊ မခွဲကြ။

(က) ဤခန္ဓာငါးပါးသည်ပင် ငါဖြစ်သည်။

(ခ) ငါသည်ပင် ခန္ဓာငါးပါး ဖြစ်သည်။

ဟူ၍ ငါနှင့် ခန္ဓာကို လုံး၍ ထင်မြင်ယူမှားသောကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်သည်။

ငါဟူ၍၊ သူဟူ၍၊ ပုဂ္ဂိုလ် သတ္တဝါဟူ၍ သဘာဝဓမ္မအားဖြင့်မရှိ၊ ရုပ်နာမ်နှစ်ပါးသာ ရှိသည်။ ရုပ်နာမ်မျှသာ ဖြစ်သည်ဟူ၍ သိသောပုဂ္ဂိုလ်သည် အရိယာပင်မဖြစ်သေးသော်လည်း တဒင်္ဂအားဖြင့် သက္ကာယဒိဋ္ဌိ ကင်းသော ပုဂ္ဂိုလ်မည်၏။ ဤပုဂ္ဂိုလ်မျိုးကို ဗုဒ္ဓဘာသာဝင်တို့အနက်

နာမရူပ ပရိစ္ဆေဒဉာဏ်ရှိသူတို့၌သာလျှင် ရရှိနိုင်ပေမည်။ ဤသို့သော ပုဂ္ဂိုလ်စုကို ရည်ရွယ်၍ ဗုဒ္ဓဘာသာဝင်တို့၌ သက္ကာယဒိဋ္ဌိ မရှိဟူ၍ အချို့ ယူကြဟန်ရှိသည်။

## ကေစ္စ သဿတ ဒိဋ္ဌိ ဖြစ်ပုံ

ဆက်ဦးအံ့။ ကမ္ဘာဦးအခါ ပဋ္ဌမဈာန် ဗြဟ္မာဘုံ၌ သတ္တဝါတစ်ဦး သည် ကံအလျောက် ဗြဟ္မာကြီးဖြစ်၏။ တစ်ဘုံလုံး၌ တစ်ယောက်တည်း ဖြစ်၍ အဖော်တောင့်တစဉ် ကံအဟုန်သေးငယ်သော သတ္တဝါတစ်ဦးသည် ပဋ္ဌမဈာန်ဘုံ၌ပင် ဗြဟ္မာငယ်ဖြစ်ရာ ဗြဟ္မာကြီးက ငါတောင့်တ ကြံစည် ကာမျှနှင့် ဗြဟ္မာငယ် ဖြစ်ပေါ်လာသည်ဟု ထင်မှတ်၏။

ဗြဟ္မာငယ်ကလည်း ရှေးကံအဟုန်သေးငယ်၍ ဗြဟ္မာကြီးထံ၌ အခြံအရံအဖြစ်ဖြင့် ဆည်းကပ်၏။ ဗြဟ္မာငယ်သည် ကံအဟုန်အားနည်း၍ နောက်မှဖြစ်လျက် အလျင်စုတေ–လူဖြစ်–တောထွက်ရသည်ဖြစ်လျက် ကသိုဏ်းပရိကံအားထုတ်၍ အဘိညာဉ်ရ၏။ ပုဗ္ဗေနိဝါသာနုဿတိ အဘိ ညာဉ် နှံ့သဖြင့် ဗြဟ္မာကြီးထံ ဗြဟ္မာငယ် ဖြစ်ခဲ့ဖူးသည်ကိုသာ မြင်၏။ ဗြဟ္မာကြီး၏ အသက်အဆုံးအပိုင်းအခြားကို မမြင်လျှင် ...

(က) ဤဗြဟ္မာကြီးသည် ဖောက်ပြန် သေကျေ ပျက်စီးခြင်းမရှိ ထာဝရဖြစ်သည်၊ ထာဝရ တည်သည်။

(ခ) ငါမှစ၍ တစ်လောကလုံး တစ်ကမ္ဘာလုံး ဗြဟ္မာကြီးသာလျှင် တည်ထောင်ဖန်ဆင်းသည်။

ဟု မိစ္ဆာအယူကိုယူလျက် လူအများကို တရားဟောရာမှ စ၍ "ကေစ္စသဿတဒိဋ္ဌိဝါဒ"သည် လောက၌ ဖြစ်ပေါ်လာလေသည်။ ကေစ္စ သဿတဒိဋ္ဌိ ဟူသည် ဗြဟ္မာကြီးကဲ့သို့သော သတ္တဝါအချို့, အတ္တ အချို့ ထာဝရတည်မြဲသည် စသည်ဖြင့် မှောက်မှားသော အယူတည်း။ ကေစ္စ သဿတဒိဋ္ဌိ အမျိုးများစွာရှိ၏။ ဤ၌ ဤမျှသာပြဆိုလို၏။

## အတ္တဒိဋ္ဌိ ဖြစ်ပုံ

နောက်ကာလကြာမြင့်သော် အညတိတ္ထိယဖြစ်သော မိစ္ဆာဒိဋ္ဌိတို့သည် ဤသို့ယူကြကုန်၏။ ဗြဟ္မာကြီးသည် သတ္တဝါတို့ကို ဖန်ဆင်းသောအခါ မိမိခန္ဓာကိုယ်မှ အနည်းငယ်မျှကို၊ တစ်စိတ်တစ်ဒေသကို ထည့်သွင်းဖန်ဆင်းလိုက်သည်ဖြစ်၍ ...

(က) ထိုဗြဟ္မာကြီး၏ ကိုယ်တစ်စိတ်သည် အတ္တမည်၏။

(ခ) ယင်းအတ္တသည် ကိစ္စကြီးငယ်ကိုပြုတတ်သောကြောင့် ကာရက သဘောရှိ၏။

(ဂ) သုခ၊ ဒုက္ခကို ခံစားတတ်သောကြောင့် ဝေဒက သဘောရှိ၏။

(ဃ) ရုပ်၊ နာမ်၊ ခန္ဓာကို မိမိအလိုသို့ လိုက်စေတတ်သောကြောင့် သယံဝသီ သဘောရှိ၏။

(င) ရုပ်၊ နာမ်၊ ခန္ဓာတို့၏ အလိုသို့ မိမိက မလိုက်ခြင်းကြောင့် နိဝသီ သဘောရှိ၏။

(စ) ရုပ်၊ နာမ်တို့ကို အစိုးရသောကြောင့် ဣဿရိယ သဘောရှိ၏။

(ဆ) အရှင်သခင်ဖြစ်သောကြောင့် သာမိ သဘောရှိ၏။

(ဇ) မသေမပျက် အမြဲတည်သောကြောင့် နိစ္စ သဘောရှိ၏။

(ဈ) ချမ်းသာသောကြောင့် သုခ သဘောရှိ၏။

(ည) သုခသာရ၊ အတ္တသာရ ရှိသောကြောင့် သာရ သဘောရှိ၏။

ထို့ကြောင့် အတ္တမည်သည်ဟု ယူကြ၏။

## အတ္တဒိဋ္ဌိ ကင်း၊ မကင်း

ဤအတ္တကား ရုပ် နာမ်နှင့် မရောနှော၊ ရုပ်နာမ်အပေါ်မှာ ရုပ်နာမ်ထဲမှာ တည်မှီ၍ ရုပ်နာမ်တို့ကို ပိုင်နိုင်စိုးအုပ် စီမံလျက် ရုပ်နာမ်ပျက်ဆုံးသော်လည်း မသေမပျက်တည်သော သာမိ၊ ဣဿရိယ၊ ကာရက၊ ဝေဒက သဘောရှိသော ဗြဟ္မာကြီး၏ ကိုယ်တစ်စိတ်ဟူ၍ မှတ်ယူထင်မှား

ကြသော အတ္တဖြစ်၏။ ဤအယူအထင်မျိုးကား ဗုဒ္ဓဘာသာတို့၌ ရေးက ရေးခဲ့သည်အတိုင်း မရှိကြသောကြောင့် ဗုဒ္ဓဘာသာလူမျိုးတို့၌ မိစ္ဆာဒိဋ္ဌိတို့ ယူမှားသော အတ္တဒိဋ္ဌိဟုယူလျှင် မမှားပေ။ သို့သော်လည်း ငါတို့ကိုယ်၌ လိပ်ပြာဆိုသော အကောင်၊ ဝိညာဏ်ဆိုသော အကောင်၊ အသက်ဆိုသော အကောင်ရှိသည်ဟု ယူမှုကား အတ္တဒိဋ္ဌိမျိုးမှ မကင်းလွတ်ကြသေးပေ။

အတ္တ–ဟူသည် ပရမတ္တအားဖြင့် တစ်စုံတစ်ရာ ဘာမျှမဟုတ်၊ မိစ္ဆာဝါဒီတက္ကိပုဂ္ဂိုလ်တို့ ကြံဆအပ်သော ပညတ်မျှသာဖြစ်၏။

ထို့ကြောင့် ...

"သဗ္ဗေ ဓမ္မာ အနတ္တာ"

ဟု ဟောတော်မူအပ်၏။

သဗ္ဗေ ဓမ္မာ–အလုံးစုံသော ခန္ဓာငါးတန် နိဗ္ဗာန်တရားတို့သည်၊ အနတ္တာ–တက္ကိပုဂ္ဂိုလ်တို့ ကြံဆအပ်သော အတ္တမဟုတ်ကုန်၊ ဝါ–ခန္ဓာငါးတန် နိဗ္ဗာန်ထဲ၌ အတ္တမရှိကုန်။

ဟူ၍လည်း အဘိဓာန် နိဿယသစ်၌ အတ္တပုဒ်အနက်ကို အကျယ်တဝင့် ဆုံးဖြတ်လျက်ရှိသည်။ သို့ကြောင့်လည်း နာမရူပ ပရိစ္ဆေဒဉာဏ်ရှိသော ဗုဒ္ဓဘာသာဝင်တို့၌ အတ္တဒိဋ္ဌိ မရှိဟူ၍ပင် မှတ်အပ်၏။

လိပ်ပြာကောင်၊ ဝိညာဏ်ကောင်၊ အသက်ကောင်ရှိသည်ဟုယူသော သူတို့၌ အတ္တဒိဋ္ဌိ ရှိသေးသည်ကိုကား သတိပြုရမည်ဟု ကျေးဇူးရှင် စံကျောင်း ဆရာတော်ဘုရား မိန့်တော်မူသည်။ အဘယ့်ကြောင့် မိန့်တော်မူသနည်း။ လိပ်ပြာကောင်၊ ဝိညာဏ်ကောင်၊ အသက်ကောင် ရှိသည်ဟူသော အယူသည် ကာရက၊ ဝေဒက သဘောရှိသော အတ္တရှိသည်ဟူသော အယူဝါဒနှင့် မထူးခြားသောကြောင့်တည်း။

နာမ်ရုပ်မှတစ်ပါး အတ္တမရှိရုံမျှကိုသာ သိ၍လည်း မပြီးသေး၊ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ် စသော သတ္တသညာ၊ ပုဂ္ဂလသညာ ကင်းစင်လွင့်ပျောက် နာမ်ရုပ်သို့ ဉာဏ်မှန်ရောက်စေရန်လည်း လိုပေသည်။

သတ္တသညာ၊ ပုဂ္ဂလသညာစင်မှ သက္ကာယဒိဋ္ဌိ ပျောက်၍ ဒိဋ္ဌိသုဒ္ဓိ နယ်သို့ ရောက်မည်ကို သတိပြု၍ ဒိဋ္ဌိ စ အနုပဂ္ဂမ္မဖြစ်အောင် အားထုတ်အပ်၏။

နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရ၍ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်သော ပုဂ္ဂိုလ်သည် နာမ်ရုပ်တို့၏ ဖြစ်ကြောင်းကို ဆင်ခြင်၍ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ပြည့်စုံစေလျက် ကင်္ခါဝိတရဏ ဝိသုဒ္ဓိကို ဖြစ်စေရာသည်။

## ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ ဖြစ်ပုံ

လိမ္မာသော ဆေးသမားသည် ရောဂါစွဲကပ်သော ပုဂ္ဂိုလ်ကို တွေ့မြင်သောအခါ ဤရောဂါသည် အပူအကြောင်းခံကြောင့် ဖြစ်သည်။ သို့မဟုတ် အအေးအကြောင်းခံကြောင့် ဖြစ်သည်ကို ဆင်ခြင် စူးစမ်းသကဲ့သို့ ထို့အတူ ဤနာမ်ရုပ်တို့သည် ဘာ့ကြောင့်ဖြစ်သနည်း၊ ဘယ်သူ ဖန်ဆင်း၍ ဖြစ်ကြသနည်း စသည်ဖြင့် ဆင်ခြင်စူးစမ်းအပ်၏။

၁။ သင်္ခါရတို့၏ ဇရာသဘောဖြစ်သော ဆွေးမြည့် ဟောင်းနွမ်းခြင်း၊ ဘင်္ဂသဘောဖြစ်သော ပျက်စီးခြင်းတို့သည် ဇာတိရှိ၍ ဖြစ်သည်။

၂။ ဇာတိသည် ဘဝကြောင့်ဖြစ်သည်။

၃။ ဘဝသည် ဥပါဒါန်ကြောင့် ဖြစ်သည်။

၄။ ဥပါဒါန်သည် တဏှာကြောင့် ဖြစ်သည်။

၅။ တဏှာသည် ဝေဒနာကြောင့် ဖြစ်သည်။

၆။ ဝေဒနာသည် ဖဿကြောင့် ဖြစ်သည်။

၇။ ဖဿသည် သဠာယတနကြောင့် ဖြစ်သည်။

၈။ သဠာယတနသည် ရုပ်နာမ်ကြောင့် ဖြစ်သည်။

၉။ ရုပ်နာမ်သည် ဝိညာဏ်ကြောင့် ဖြစ်သည်။

၁၀။ ဝိညာဏ်သည် သင်္ခါရကြောင့် ဖြစ်သည်။

၁၁။ သင်္ခါရသည် အဝိဇ္ဇာကြောင့်ဖြစ်သည်။

ဟု ပဋိစ္စသမုပ္ပါဒ် ပဋိလောမ နည်းအားဖြင့်မူလည်း နာမ်ရုပ်ဖြစ်ကြောင်းကို ဆင်ခြင်ရမည်။

တစ်နည်း ...

၁။ ရှေးဘဝ၌ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံတို့ ဖြစ်ခဲ့သည်။ ထိုတရားတို့သည် ယခုဘဝ၌ ပဋိသန္ဓေ ဝိညာဏ်ဖြစ်ကြောင်းတို့ပေတည်း။

၂။ ပဋိသန္ဓေ ဝိညာဏ်ဖြစ်လျှင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသော ဝိပါက်အကျိုးတို့ ဖြစ်ကြပေသည်။

၃။ တစ်ဖန် ယခုဘဝ၌ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံတည်းဟူသော အကြောင်းတရားတို့သည် နောက်ဘဝသစ်၌ ပဋိသန္ဓေ ရုပ်သစ်၊ နာမ်သစ်ဖြစ်ကြောင်း အနေဖြင့် ဖြစ်ကြပြန်၏။

ဤသို့ဆိုလျှင် ...

၁။ ကမ္မဝဋ်၊ ဝိပါကဝဋ်အားဖြင့် နာမ်ရုပ်တို့၏ ဖြစ်ကြောင်းကို သိမ်းဆည်း ဆင်ခြင်ရမည်။

၂။ အဝိဇ္ဇာ စသော ကိလေသ ဝဋ်ကြောင့် သင်္ခါရတည်းဟူသော ကမ္မဝဋ်ဖြစ်သည်။

၃။ ကမ္မဝဋ်ကြောင့်၊ ဝါ-ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ဝိညာဏ်၊ နာမ်ရုပ် စသော ဝိပါကဝဋ် ဖြစ်သည်။

ဤသို့ ဝဋ်သုံးပါး လည်ပုံအားဖြင့်မူလည်း ဆင်ခြင်ရမည်။ မိမိဉာဏ်သက်ဝင်ရာ အခြားများစွာသော နည်းတို့ဖြင့်လည်း ဆင်ခြင်နိုင်သည်။ အကြောင်းကို မြင်ဖို့သာလျှင် ပဓာနဖြစ်သည်။

## ဝိပဿနာဖြင့် အရိယာဖြစ်ပုံ

ယင်းသို့လျှင် ဉာဏ်ဖြင့် ဆင်ခြင်သောအခါ ဘယ်သူကမှ ပြုပြင်သည်မဟုတ်၊ ဘယ်သူကမှ ဖန်ဆင်းသည်မဟုတ်၊ အကြောင်းအလျောက် အကျိုးအဖြစ်ဖြင့် ရုပ်သစ်၊ နာမ်သစ်တွေ အစဉ်မပြတ် ဖြစ်နေခြင်းမျှသာ ပါတကားဟု ပစ္စယပရိဂ္ဂဟဉာဏ်ပေါက်၍ အမှန်သို့ရောက်ပြီးလျှင် ...

၁။ ထိုနာမ်ရုပ်တို့သည် အသစ်အသစ်ဖြစ်၍ တဖျစ်ဖျစ် ချုပ်ပျောက်ပျက်စီးလျက်ရှိသော အနိစ္စဓမ္မတို့ပါတကား။

၂။ အနိစ္စဘေးဖြင့် အမြဲထွေးယှက် နှိပ်စက်အပ်သောကြောင့် ကြောက်ဖွယ်လန့်ဖွယ် မချမ်းသာဖွယ်အစစ် ဒုက္ခဓမ္မတို့သာ ဖြစ်ကြပါတကား။

၃။ မပျောက်စေချင် မပျက်စေချင်၍မရ၊ အလိုသို့မပါ၊ အစိုးမရ၊ အတ္တသာရဟူ၍ မရှိသောကြောင့် အနတ္တဓမ္မတို့ပါတကား။

စသည်ဖြင့် အဆင့်ဆင့်ပွားများ၍ လောကီသီလမှ လောကုတ္တရာသီလကို ရစေလျက် လောကုတ္တရာသီလနှင့် ယှဉ်သော သမ္မာဒိဋ္ဌိ အစစ်အမှန် ဖြစ်သော သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံစေရမည်ဟု ဆိုလိုတော်မူသည်။

## ကိလေသာပယ်ပြီး နိဗ္ဗာန်ရောက်ပုံ

သောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်ပြီးသည်မှ ကြွင်းသော ကာမဂုဏ်ကို လိုချင်တပ်မက်သော လောဘတဏှာကိလေသာစုကို သကဒါဂါမိမဂ်ဖြင့် ခေါင်းပါးနည်းပါးစေ၍ အနာဂါမိမဂ်ဖြင့် ကာမကိလေသာကို အကြွင်းအကျန်မရှိ ခုတ်ထွင်ရှင်းလင်း၊ အမြစ်ရင်းပါ ဖြတ်သောအားဖြင့် ပယ်ရမည်။ ဤသို့ပယ်သော အရိယာပုဂ္ဂိုလ်သည် ကာမတဏှာစုကို အကြွင်းအကျန်မရှိ ပယ်သတ်အပ်သော

ကြောင့် ကာမဘုံ၌ နောက်တစ်ဖန် ပဋိသန္ဓေနေရခြင်း မရှိမူ၍ သုဒ္ဓါဝါသ ပြဟ္မာဘုံသို့ ရောက်ပြီးလျှင် သုဒ္ဓါဝါသဘုံ၌ပင် အရဟတ္တဖိုလ်ကိုရ၍ အနုပါဒိသေသ အသင်္ခတဓာတ် နိဗ္ဗာန်မြတ်သို့ ရောက်သဖြင့် ငြိမ်းအေး ချမ်းသာလေတော့သည်ဟု ဟောတော်မူရင်း ဖြစ်သည်။

ဒသမ ဂါထာ အဖွင့် ပြီး၏။

❑ ❑ ❑

# နိဂုံးချုပ် မိန့်ခွန်းတော်

မဟာကရုဏာတော်ရှင် ဘုရားသခင်သည် ပြဆိုအပ်ပြီးသောအခြင်းအရာအားဖြင့် မေတ္တသုတ် ဒေသနာတော်ကို အပြီးအဆုံး နိဂုံးအုပ်တော်မူပြီး၍ ရှေ့တော်မှောက်၌ မေတ္တာသုတ်ဒေသနာတော်ကို နာခံလျက်ရှိကြသော ရဟန်းတော် ၅၀၀ တို့အား ဤသို့ မိန့်တော်မူလေသည်။

၁။ အို … ချစ်သားတို့ သွားကြကုန်လော့။

၂။ သင်တို့နေရင်းဖြစ်သော တောအုပ်၌သာလျှင် နေကြကုန်လော့။

၃။ မေတ္တာသုတ် ပရိတ်တော်ကိုလည်း တစ်လလျှင် ၈–ရက် တရားကြားနာ အဆုံးအမခံယူသောနေ့တို့၌ ကြေးစည် ခေါင်းလောင်းတီး၍ သရဇ္ဈာယ်ကြကုန်လော့။

၄။ တရားစကား ဆွေးနွေး ပြောကြားကြကုန်လော့။

၅။ အနုမောဒနာ ပြုကြကုန်လော့။

၆။ ဤကမ္မဋ္ဌာန်းကိုသာလျှင် ကြိမ်ဖန်များစွာ လေ့လာအားထုတ်ပွားများကြကုန်လော့။

၇။ ထိုဘုမ္မစိုးနတ်တို့သည်လည်း သင်ချစ်သားတို့အား ကြောက်လန့်ဖွယ် အာရုံတို့ကို ပြကြတော့မည် မဟုတ်ပေ။

၈။ စင်စစ်တစ်မူကား သင်ချစ်သားတို့၏ အကျိုးစီးပွားကို လိုလား၍ လာကြလိမ့်မည်။

ဟု မိန့်တော်မူလျှင် ရဟန်းတော် ၅၀၀ တို့သည်လည်း ကောင်း

မြတ်လှပါပြီဟု ဝန်ခံ၍ မြတ်စွာဘုရားအား ရိုသေစွာ ဝတ်ပြုကြပြီးလျှင် လာခဲ့သော တောအုပ်သို့ပင် ပြန်ကြွတော်မူကြ၍ မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း လိုက်နာအားထုတ် ပြုလုပ်ကြကုန်၏။

## နတ်များ ကြည်ညို စောင့်ရှောက်ပုံ

ယခင်က ခြောက်လှန့်သော နတ်တို့သည် ဩော်... ဤအရှင်မြတ်တို့သည် ငါတို့၏ အကျိုးစီးပွားကို လိုလားတောင့်တတော်မူကြပါကုန်သည်တကား၊ စိတ်ကောင်းရှိတော်မူကြသော သူတော်ကောင်းတွေပါတကားဟု သိရှိကြ၍ ရွှင်လန်းဝမ်းမြောက်ကြကုန်လျက် နတ်တို့ကိုယ်တိုင် ကျောင်းကို တံမြက်လှည်းကြကုန်၏။ ရေနွေးကို စီစဉ်ပေးကြကုန်၏။ ခြေဆုပ်လက်နယ် ပြုကြကုန်၏၊ အစောင့်အရှောက် ထားကြကုန်၏။

## ဝိသုဒ္ဓိ ပဝါရဏာ ပြုရပုံ

ယင်းသို့လျှင် ရဟန်းတော်များနှင့် နတ်တို့သည် တစ်ဦး၏အကျိုးစီးပွားကို တစ်ဦး လိုလားကြ၊ ပြုလုပ်အားထုတ်ကြသောကြောင့် ၅၀၀ သော ရဟန်းတော်တို့သည် ထိုတောအုပ်၌ပင် မေတ္တာကို ပွားများ၍ ပွားများအပ်သော မေတ္တာဈာန်ကို အခြေပါဒကပြုလျက် ဝိပဿနာတင် ဆင်ခြင်သုံးသပ်တော်မူကြရာ ရဟန်းတော် ၅၀၀ လုံးပင် ဝါလမကျွတ်မီ အတွင်း၌ အာသဝေါကင်းကွာ မဟာခီဏာသဝ အဂ္ဂဒက္ခိဏေယျ ရဟန္တာချည်း ဖြစ်တော်မူကြ၍ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ဝိသုဒ္ဓိ ပဝါရဏာ ပြုတော်မူကြလေကုန်ပြီ။

မေတ္တသုတ် မြန်မာဋီကာ ပြီး၏။

■ ■ ■

# ဆုတောင်း ပတ္ထနာ

၁။ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

၂။ ဣမိနာ တိဟေတုကုက္ကဋ္ဌမဟာပုညတေဇေန အယမ္ပိ မဟာ
ယုဒ္ဓေါ ခိပ္ပမေဝ နိဗ္ဗာယိတွာ သဗ္ဗေသတ္တာ သုခိတာ ဘဝန္တူတိ။

၁။ **မေ**–ငါ၏၊ **ဣဒံ ပုညံ**–မေတ္တာသုတ် မြန်မာဋီကာကို ရေးသားအပ်သော ဤကောင်းမှုကံစေတနာသည်၊ **နိဗ္ဗာနဿ**–ဒုက္ခခပ်သိမ်း အေးငြိမ်းချမ်းသာခြင်း၏၊ **ပစ္စယော**–အကြောင်းသည်၊ **ဟောတု**–ဖြစ်စေသတည်း။

၂။ **ဣမိနာ တိဟေတုကုက္ကဋ္ဌ မဟာပုညတေဇေန**–တိဟိတ်ဥက္ကဋ္ဌ ဤကာမာဝစရ မဟာကုသိုလ်စေတနာ၏ တန်ခိုးအာနုဘော်ကြောင့်၊ **အယံ မဟာယုဒ္ဓေါပိ**–ယခုဖြစ်ဆဲဖြစ်သော ဤဒုတိယ ကမ္ဘာစစ်ကြီးသည်လည်း၊ **ခိပ္ပမေဝ**–လျင်မြန်စွာသာလျှင်၊ **နိဗ္ဗာယိတွာ**–ငြိမ်းအေးပြီးစီး၍၊ **သဗ္ဗေသတ္တာ**–ရှိမ့်ချက်ကုန် အလုံးစုံသော သတ္တဝါတို့သည်၊ **သုခိတာ**–ကိုယ်ရောစိတ်ပါ ချမ်းသာခြင်းသို့ ရောက်ကုန်သည်၊ **ဘဝန္တု**–ဖြစ်ပါစေကုန်သတည်း၊ **ဣတိ**–အလုံးစုံအားဖြင့် ပြီးပြီ။

***

၂၇၇၅၉
အမှတ်
ရက်စွဲ

ဤစာကို ဒုတိယ ကမ္ဘာစစ်အတွင်းက စစ်ဘေးအန္တရာယ်တွေ ထူပြောနေစဉ်အခါ၌ ရေးသည် ဖြစ်၍ အထက်ပါ ပတ္ထနာကို ပြုခြင်းဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၀၄–ခု၊ သီတင်းကျွတ်လ (၁၉၄၂–ခုနှစ်၊ အောက်တိုဘာလ) အတွင်း၌ အကြမ်းရေးသားပြီးစီး၍၊ ၁၃၀၈–ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂–ရက်၊ (၁၉၄၆–ခုနှစ်၊ ဇွန်လ ၂၆–ရက်) ဗုဒ္ဓဟူးနေ့၌ ၅–ကြိမ်မြောက် ပြင်ဆင်၍ အလုံးစုံ ပြီးမြောက်ခြင်းသို့ ရောက်သည်။

အရှင်ပဏ္ဍိတထေရ်
ရွှေဟသ်ာကျောင်းတိုက်၊
စစ်ကိုင်းတောင်ရိုး။

ရွှေဟင်္သာ ကျောင်းတိုက် စိန်ရတုနှစ် အထိမ်းအမှတ် နှင့်
ဆရာတော်ဘုရားကြီးအား ပူဇော်သော အားဖြင့်
လှူဒါန်းပါသည်

## ဓမ္မဒါန အလှူရှင်

- သီဟသုဓမ္မမဏိဇောတဓရ ဦးညီညီ + ဒေါ်တင်ရီ
  ငြိမ်းချမ်းရေး မအေးခင် (မိုးကုတ်ခြူး ဆေးလိပ်)
  သားသမီးမြေးမြစ်တစ်စု ကောင်းမှု
  ၇၄×၇၅ လမ်းကြား၊လမ်း(၁၀)မြောက်ပြင်၊ဥပုသ်တော်ရပ်၊မန္တလေးမြို့။
- ဦးသိန်းဖေ + ဒေါ်စောကြင်
  ကြင်ကြင်သိန်း ပဲခွဲစက် နှင့် ပဲမျိုးစုံ ရောင်းဝယ်ရေး မိသားစု
  ၃၂လမ်း × ၃၃လမ်းကြား၊လမ်း(၉၀)မန္တလေးမြို့။
- ဦးချွန်ရိန် + ဒေါ်အေး ရည်စူး၍
  ဂရိတ်ဝေါ စာအုပ်ဆိုင် မိသားစု
  ဈေးချို၊ H ရုံ အမှတ် (၁၃-၁၅)၊ မြေညီထပ်၊မန္တလေးမြို့။
- ဦးတင်အေး + ဒေါ်တင်တင်
  တက်နေထွန်း အထည်ဆိုင် မိသားစု
  ရတနာပုံ စူပါစင်တာ၊ မန္တလေးမြို့။
- ဦးညွန့်ကြီး + ဒေါ်ငွေငွေရီ
  ညွန့်ငွေ ပွဲရုံ မိသားစု
  ၂၇ × ၂၈လမ်းကြား၊ ၈၇လမ်း၊ မန္တလေးမြို့။